မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၁၆ ခုနှစ်၊ ဧပြီ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၅)၊ အမှတ် (၁၉၀)

အမေရိကန်ပြည်ထောင်စုနှင့် မိမိအနေဖြင့် မြန်မာနိုင်ငံအား ပံ့ပိုးကူညီသွားရန် အသင့်ရှိ

သမ္မတ မစ္စတာ အိုဘားမား

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအား မြန်မာပြည်သူလူထုက အားပေးထောက်ခံနေသကဲ့သို့ အမေရိကန်ပြည်ထောင်စုကလည်း အားပေးကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားက ယနေ့ ည ၉ နာရီတွင် တယ်လီဖုန်းဆက်၍ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ မစ္စတာအိုဘားမားက နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်မှုအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများမှာ သမိုင်းဝင်ဆောင်ရွက်မှုများဖြစ်သည့်အတွက် ချီးကျူးပါကြောင်း၊ အထင်ကြီးအားကျဖွယ်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးတွင် အားလုံးပါဝင်သည့် နိုင်ငံရေး၊ သာယာဝပြောသော၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ လူ့အခွင့်အရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်အတွက် ကြိုးပမ်းသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အား ကောင်းမွန်စွာပုံဖော်ရန်အတွက် အခွင့်အရေးရရှိလာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံအတွက် အမေရိကန်ပြည်ထောင်စုမှ ပံ့ပိုးကူညီနိုင်မည့် အလားအလာများကို ပွင့်လင်းစွာအသိပေးနိုင်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၅ ✳

အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမား

နိုင်ငံတော်သမ္မတ ဦးထင်ကျော်

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလိုဂျန်တီလိုနီအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အီတလီဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စတာ ပီယာဂျော်ဂျီယို ဖက်ဒါရီကို အလီဘာတီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလိုဂျန်တီလိုနီအား နှုတ်ဆက်စဉ်
(သတင်းစဉ်)

ပြည်သူ ပြည်သားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ နှစ်နိုင်ငံညှိနှိုင်း၍ ဖော်ဆောင်သွားရန် ဆန္ဒရှိ

သတင်း၊ စာမျက်နှာ-၃

မြန်မာ့အလင်း

သွက်လက်လှုပ်ရှားလာသည့် မြန်မာ့နိုင်ငံခြားရေးမူဝါဒ

၁၉၄၈ခုနှစ် ကိုလိုနီနယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်ခဲ့ပြီး ချိန်မှစ၍ မျက်မှောက်ကာလအထိ မြန်မာနိုင်ငံက အစဉ်တစိုက် ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒ၏ အနှစ်သာရမှာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးဖြစ်သည်။ ၂၁ရာစုသို့ ဝင်ရောက်လာခဲ့ပြီးနောက် ပြောင်းလဲသွားခဲ့သော ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွင်လည်း အားလုံးနှင့် ချစ်ခင်ရင်းနှီးရေးဟူသော မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာ ဆက်လက်၍ အံဝင်ခွင်ကျရှိနေသည် သာမက မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မည့်အပြင် နိုင်ငံတကာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူပြုပေးနိုင်သည့် အနေအထားတွင်လည်း ရှိနေပြီဖြစ်သည်။

ရာစုနှစ်ထက်ဝက်ကျော် ကြာပြီးသည့်ကာလ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းကျ အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာသည့်အခါ မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာ ပိုမို၍ သွက်လက်လှုပ်ရှားလာခဲ့သည်။ ယခုရက်ပိုင်းအတွင်း မြန်မာ့မြေပေါ်သို့ အရှေ့အနောက် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့ဝင်များ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာကြသကဲ့သို့ မြန်မာအစိုးရသစ်ကို ပဋိသန္ဓာရစကားများ ဆက်သွယ်ပြောကြားလျက်ရှိသည်ကိုလည်း သတင်းများတွင် တွေ့ရှိနိုင်သည်။

ဧပြီ ၅ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကုလသမဂ္ဂက မြန်မာနိုင်ငံကို ဆက်လက်ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဧပြီ ၆ ရက် ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာအိုဘားမားက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများမှာ သမိုင်းဝင် ဆောင်ရွက်မှုများ ဖြစ်သည့်အတွက် ချီးကျူးပါကြောင်း၊ အထင်ကြီး အားကျဖွယ်လည်း ဖြစ်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် မိမိအနေဖြင့်လည်း မြန်မာနိုင်ငံအား ပံ့ပိုးကူညီသွားရန် အသင့်ရှိပါကြောင်း စသည်တို့ကို တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတစ်ခုဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၊ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပါရိုလိုဂျန်တီလိုနီတို့သည်လည်း နိုင်ငံတော်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မိမိတို့အစိုးရသည် နိုင်ငံခြားရေးမူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက်၊ လူသားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲ၌ ထည့်သွင်းပြောကြားခဲ့ရာ မြန်မာနိုင်ငံတွင် အစဉ်အဆက်ကျင့်သုံးလာခဲ့သော နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတရင်းမြစ်များ ပေါများကြွယ်ဝခြင်း၊ သာယာလှပသည့် ရေမြေသဘာဝအများအပြား တည်ရှိခြင်း၊ စိုက်ပျိုးရေးအတွက် ရေခံမြေခံကောင်းများရှိခြင်း စသည့် အချက်များကြောင့် နိုင်ငံတကာက စိတ်ဝင်စားလျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။ ထို့ပြင် အာရှအင်အားကြီး နိုင်ငံနှစ်ခုဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာမြောက် တည်ရှိနေခြင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသ၏ ပေါင်းကူးသဖွယ်ဖြစ်ခြင်း စသည့် ပထဝီအနေအထားအရ အားသာချက်များ ရှိထားပြီးဖြစ်သည်။

အနာဂတ်ကာလတွင် အဆိုပါအားသာချက်များကို အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။ အရှေ့အနောက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်သွယ်ဆက်ဆံ ပူးပေါင်းဆောင်ရွက်သွားနိုင်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွား မြင့်မားရေးအတွက် မြန်မာ့နိုင်ငံခြားရေး မူဝါဒဖြင့် မြှင့်တင်သွားနိုင်မည်ဟု ရှုမြင်ပါကြောင်း။ ။

ကယားပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

ကယားပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ကယားပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးဇော်မျိုးတင်	လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန
(၂) ဦးခင်မောင်ဖြူ	လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန
(၃) ဦးဘော့စ်ကို	စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၄) ဒေါက်တာအောင်ကျော်ဌေး	စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
(၅) ဦးတီရယ်	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
(၆) ဦးမော်မော်	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးခင်မောင်ဌေး	လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန
(၂) ဦးအောင်ဇော်နိုင်	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(၃) ဦးကျော်မင်းဇံ	သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
(၄) ဦးမောင်မောင်လွင်	စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
(၅) ဦးညွန့်ရွှေ	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ထူးခြားသည့်နေ့အပူချိန်များ ၆-၄-၂၀၁၆	မြင်းခြံမြို့	ချောက်မြို့	ဘော်လခဲမြို့
	၄၂ ဒီဂရီစင်တီဂရိတ်	၄၂ ဒီဂရီစင်တီဂရိတ်	၄၂ ဒီဂရီစင်တီဂရိတ်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက် ဈေးနှုန်း

၆-၄-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၀၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၆၂၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၀·၀
ဥရောပ	တစ်ယူရို	၁၃၇၆·၉
စင်ကာပူ	တစ်ဒေါ်လာ	၈၉၇·၂၆
ထိုင်း	တစ်ဘတ်	၃၄·၄၂၄
အိန္ဒိယ	တစ်ရူပီး	၁၈·၂၃၂
တရုတ်	တစ်ယွမ်	၁၈၆·၇၇
မလေးရှား	တစ်ရင်းဂစ်	၃၁၁·၂၉

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

ပြည်သူပြည်သားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ နှစ်နိုင်ငံညှိနှိုင်း၍ ဖော်ဆောင်သွားရန်ဆန္ဒရှိ



နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာအစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဝ တိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေး၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ပြီး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားဆောင်ရွက်မည်ဟုသိရ၍ တရုတ်နိုင်ငံအနေဖြင့် အထူးအလေးအနက်ထောက်ခံပါကြောင်း၊ ရန်ကုန်- နေပြည်တော်- မန္တလေး မြန်နှုန်းမြင့် ရထားလမ်းတည်ဆောက်ရေး ရေရှည်စီမံကိန်းတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် ကြားဝင်ဆောင်ရွက်ပေးရန် ဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရေး ပေါ်လစီပြောင်းလဲမှုမရှိဘဲ ကဏ္ဍပေါင်းစုံ ချစ်ကြည်ရေး မြှင့်တင်ရန်ဆန္ဒရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကလည်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့အား တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နိုင်ငံတော်သမ္မတက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် လုပ်ဆောင်ရန် ကဏ္ဍများစွာရှိကြောင်း၊ ပြည်သူပြည်သားများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် နှစ်နိုင်ငံညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံသမ္မတ၏ ချစ်ကြည်ရင်းနှီးမှုဖြင့် ဖိတ်ကြားမှုအပေါ် အခါအခွင့်သင့်သည့်အချိန်တွင် သွားရောက်လည်ပတ်ရန်ဆန္ဒရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၆

ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Stephane Dion ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး Mr. Mark MCDOWELL နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကနေဒါနိုင်ငံနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)သို့ သွားရောက် လေ့လာကြည့်ရှုကြရာ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ရုံးဥက္ကဋ္ဌ ဦးသန့်မြင့်ဦးက လိုက်လံရှင်းလင်းပြသသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဦးသန့်မြင့်ဦးနှင့်အတူ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၄၉၁/၅၀၁)၌ ကနေဒါနိုင်ငံနှင့် အဖွဲ့အစည်းများက လှူဒါန်းကာ ဝေလမင်းသားဖောင်ဒေးရှင်းနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းပြီး တာဝန်ယူဆောင်ရွက်နေသည့် လူနေရှေးဟောင်းအဆောက်အအုံအား သွားရောက်ကြည့်ရှုကြသည်။ ဆက်လက်၍ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ရုံးသို့ သွားရောက်ကြသည်။

ညနေပိုင်းတွင် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Stephane Dion နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ကြည်ညိုကြသည်။

(သတင်းစဉ်)

✳ ***ရှေ့ဖုံးမှ***

အမေရိကန်ပြည်ထောင်စုနှင့် မိမိအနေဖြင့်လည်း မြန်မာနိုင်ငံအား ပံ့ပိုးကူညီသွားရန် အသင့်ရှိသည်ကို အသိပေးလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်အစီအမံများကိုလည်း ကြားသိလိုပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးသစ်အဖြစ် အဆိုပြုထားသူနှင့်လည်း ရင်းနှီးပွင့်လင်းစွာ အသေးစိတ်ဆွေးနွေးသွားနိုင်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်လည်း ဆက်သွယ်ပြောကြားရန်ရှိပါကြောင်း၊ မကြာမီ ကျရောက်တော့မည့် မြန်မာရိုးရာ နှစ်သစ်ကူးသင်္ကြန်အခါသမယအတွက် ဆုမွန်ကောင်းများ ပို့သပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာပြည်သူလူထု၏ အားပေးထောက်ခံမှုဖြင့် ယခုကဲ့သို့ ကြီးလေးသော တာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို များစွာတန်ဖိုးထားပါကြောင်း၊ အမေရိကန်နိုင်ငံသမ္မတကြီးနှင့် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ဆက်လက်၍ ပံ့ပိုးကူညီမှုများပြုလုပ်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုများ၊ USAID အပါအဝင် အမေရိကန်ပြည်ထောင်စု၏ ကဏ္ဍအသီးသီးတွင် ပူးပေါင်းကူညီမှုများကို လိုလားပါကြောင်း၊ အမေရိကန်ပြည်ထောင်စုအပါအဝင် မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို များမကြာမီရောက်ရှိမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိအားယခုကဲ့သို့ နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအပေါ် အားပေးထောက်ခံကြောင်း ဆက်သွယ်ပြောကြားသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော်လည်း ယင်းစိန်ခေါ်မှုများကို အောင်မြင်စွာဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၄-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၂ ဦးနှင့် သတင်းအေဂျင်စီအသစ်လျှောက်ထားသူတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေသူအမည်ပြောင်း လျှောက်ထားသူတစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ယနေ့အထိပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၄ ဦးနှင့် အသစ်လျှောက်ထားသူ ၂၉၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၂ ဦးနှင့် အသစ်လျှောက်ထားသူ ၇၇၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၃၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၁၃၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

အမေရိကန် သမ္မတလောင်းယှဉ်ပြိုင်ပွဲတွင် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်တို့မှ ခရုဇ်နှင့် ဆန်းဒါးတို့ ဝစ္စကွန်ဆင်ပြည်နယ်တွင် တစ်ခဲနက်ထောက်ခံမှုရရှိ

ဝါရှင်တန် မေ ၆

အမေရိကန် သမ္မတလောင်းယှဉ်ပြိုင်ပွဲတွင် အထက်လွှတ်တော်အမတ်လောင်းများ ဖြစ်ကြသည့် ရီပတ်ဘလစ်ကန်ပါတီမှ တက်ခရုဇ်နှင့် ဒီမိုကရက်တစ်ပါတီမှ ဘာနီးဆန်းဒါးတို့သည် ဝစ္စကွန်ဆင်ပြည်နယ်တွင် အောင်ပန်းများ ဆွတ်ခူးနိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရီပတ်ဘလစ်ကန်အများစု နေထိုင်သော နေရာများတွင် အထက်လွှတ်တော်အမတ် ခရုဇ်အနေဖြင့် အောင်ပွဲများရရှိလိမ့်မည်ဖြစ်ကြောင်း အေဘီစီ သတင်းအေဂျင်စီကခန့်မှန်းထားသည်။



ရီပတ်ဘလစ်ကန်ပါတီအနေဖြင့် အမေရိကန်သမ္မတရွေးကောက်ပြိုင်ပွဲတွင် ရှေ့တန်းမှပြေးနေသော ဒေါ်နယ်ထရန့်ကို မဲအများဆုံးရစေလိုပြီး ရွေးကောက်တင်မြှောက်ရာတွင် အနိုင်ရစေလိုကြောင်း သိရသည်။ ဝစ္စကွန်ဆင်မြို့တော်ဝန်နှင့်အခြား ရီပတ်ဘလစ်ကန် အဓိကထောက်ခံသူများက ခရုစ်ကို ဆက်လက်ထောက်ခံမှုများ အရှိန်မြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

ဒီမိုကရက်တစ်ဘက်တွင်လည်း ရွေးကောက်ပြိုင်ပွဲတွင် ရှေ့တန်းမှပြေးနေသော ဟီလာရီကလင်တန်ကို ကျော်ပြီး အထက်လွှတ်တော်အမတ် ဘာနီးဆန်းဒါး အနိုင်ရမည် ဖြစ်ကြောင်း အေဘီစီသတင်းကဖော်ပြခဲ့သည်။

ကလင်တန်အနေဖြင့် နယ်ပယ်အများစုတွင် ဦးဆောင်နေပြီး ဆန်းဒါးက ဝစ္စကွန်ဆင်တွင် တစ်ခဲနက်ထောက်ခံမှုကို ရရှိလာသူဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

အိုင်အက်စ်အကြမ်းဖက်သမားများကို ဖမ်းဆီးနိုင်လျှင် အမေရိကန်ဒေါ်လာ ၁၄ သန်းပေးမည်ဖြစ်ကြောင်း တူရကီပြောကြား

အန်ကာရာ မေ ၆

နိုင်ငံအတွင်း တိုက်ခိုက်မှုများကျူးလွန်သူ အိုင်အက်စ်အကြမ်းဖက်သမား ၂၃ ဦးကို ဖမ်းဆီးနိုင်ရန်သတင်းပေးနိုင်သူအား အမေရိကန်ဒေါ်လာ ၁၄ သန်းကျော် ချီးမြှင့်မည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် တူရကီနိုင်ငံက ကမ်းလှမ်းခဲ့သည်ဟု ဆင်ဟွာသတင်းဌာန၌ ဖော်ပြခဲ့သည်။

သံသယရှိ အိုင်အက်စ်တရားခံများသည် မြို့တော်အန်ကာရာ၊ အစ္စတန်ဘူလ်နှင့် ဆန်လီယာဖာပြည်နယ် စူရတ်မြို့ကို အသေခံဗုံးခွဲတိုက်ခိုက်ကျူးလွန်မှုတွင် ပါဝင်ခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန အကြမ်းဖက်တန်ပြန်နှိမ်နင်းရေးဌာနခွဲက ပြောခဲ့သည်။

အီဟာမီ ဘာလီ၊ မူစတာဖာ တိုကူမဆီနှင့် ယွန်နက် တာမက်ဇ်ဆိုသည့် အကြမ်းဖက်စစ်သွေးကြွသုံးဦးတို့အား အလိုချင်ဆုံး စာရင်းတွင်ဖော်ပြပြီး ၎င်းတို့ တစ်ဦးချင်းစီအတွက် ဒေါ်လာ ၁ ဒသမ ၄ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး၏ ဝက်ဘ်ဆိုက်အရ သိရသည်။

နိုင်ငံခြားသားနှစ်ဦးနှင့် အမျိုးသမီးငါးဦးအပါအဝင် ကျန်ရှိနေသောလူ ၂၀မှာ အလိုရှိလူဆိုးစာရင်းတွင် ပါဝင်နေကြောင်းသိရပြီး ဖော်ပြပါ အကြမ်းဖက် သောင်းကျန်းသူသုံးဦးလောက် အန္တရာယ်မများကြောင်း သိရသည်။

(ဆင်ဟွာ)

နျူကလီးယားထိပ်ဖူးများ မြောက်ကိုရီးယားတပ်ဆင်နိုင်ပြီ

ဆိုးလ် မေ ၆

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ်ဒုံးပျံတွင် နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်ပြီဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

"မိမိတို့အနေနဲ့ မြောက်ကိုရီးယားဟာ ရိုဒွန်းလို့ခေါ်တဲ့ တာလတ်ပစ်ဒုံးပျံပေါ်မှာ နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်ပြီလို့ ယုံကြည်ထားပါတယ်"ဟု တောင်ကိုရီးယား၏ မြောက်ကိုရီးယားဆိုင်ရာ တာဝန်ရှိသူကပြောသည်။

ပြီးခဲ့သောလက မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်းကတာဝေးပစ်ဒုံးပျံများပေါ်တွင် အသေးစားနျူကလီးယားထိပ်ဖူးများ တပ်ဆင်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရိုဒွန်း ဒုံးပျံသည် တစ်တန်ရှိ နျူကလီးယားထိပ်ဖူးကို မိုင်ပေါင်း ၁၂၅၀ အထိ သယ်ဆောင်သွားနိုင်ကြောင်း၊ ယင်းဒုံးပျံမှာ တောင်ကိုရီးယားတစ်နိုင်ငံလုံး၊ ဂျပန်နိုင်ငံဒေသအများစုနှင့် ရုရှားနှင့် တရုတ်ဒေသအစိတ်အပိုင်းများအထိ ပစ်ခတ်နိုင်စွမ်းရှိကြောင်း ၎င်းတာဝန်ရှိသူက ပြောသည်။

သို့သော်လည်း ဒုံးပျံပေါ်တွင် နျူကလီးယားထိပ်ဖူးတပ်ဆင်နေသည့် အထောက်အထားမတွေ့ရဟု တာဝန်ရှိသူက ဆက်လက်ပြောသည်။

(ရိုက်တာ)

တရုတ်နိုင်ငံသို့ ဗြိတိန်တော်ဝင်မင်းသား လာရောက်လည်ပတ်

ပေကျင်း မေ ၆

တရုတ်ပြည်သူများနှင့် ဗြိတိန်ပြည်သူများ ရင်းနှီးကျွမ်းဝင်စေရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်အတွက် ဗြိတိန်တော်ဝင်မိသားစုသည် အဓိက အရေးပါကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အင်္ဂါနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံသို့ ဗြိတိန်တော်ဝင်မိသားစုမှ ယော့ခ်မြို့စားမင်းသား အန်ဒရူးအလည်အပတ်ရောက်ရှိခဲ့ပြီး ဗြိတိန်တော်ဝင်မင်းသားလာရောက်လည်ပတ်ခြင်းမှ တစ်ဆင့် တရုတ်နှင့် ဗြိတိန်ကြားဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် မျှော်လင့်ကြောင်း ပေကျင်းမြို့၌ တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင်က ပြောသည်။

တရုတ်နိုင်ငံသည် ဗြိတိန်နိုင်ငံနှင့် ကမ္ဘာပေါင်းစုံ၌ဆက်ဆံရေးတိုးမြှင့်ရန် နှစ်နိုင်ငံကြားချစ်ကြည်မှုကို တိုးမြှင့်ကာခိုင်မာသည့် ဆက်ဆံရေးတည်ဆောက်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းလည်း သမ္မတရှီကျင့်ဖျင်က ပြောခဲ့သည်။



တရုတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင် သမိုင်းကြောင်း ရှည်လျားသည့်အတွက် ယဉ်ကျေးမှုအဆင့်အတန်းလည်းမြင့်မားကြောင်း နှစ်နိုင်ငံမှပြည်သူများသည် ယဉ်ကျေးမှုချင်းဖလှယ်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးမြင့်တင်ကာ နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ရရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်လည်းပြောခဲ့သည်။

ယော့ခ်မြို့စား မင်းသားအန်ဒရူးသည် ၎င်းအနေဖြင့် နှစ်နိုင်ငံစလုံးမှ ပြည်သူအချင်းချင်း ဆက်ဆံရေးကို တိုးမြှင့်ရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

ဆီးရီးယားစစ်လေယာဉ်ကို သူပုန်များပစ်ချ

အလက်ပို မေ ၆

ဆီးရီးယားစစ်လေယာဉ်တစ်စင်းကို သူပုန်များက အင်္ဂါနေ့တွင် ပစ်ချနိုင်ခဲ့သည်။ တစ်လမပြည့်မီ ဒုတိယအကြိမ် ပစ်ချနိုင်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးကိုလည်း ဖမ်းဆီးထားကြောင်း စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့က ပြောသည်။ အဆိုပါစစ်လေယာဉ်သည် အလက်ပိုမြို့အနီး၌ ပစ်ချခံရခြင်းဖြစ်သည်။ အပစ်ခတ်ရပ်စဲမှုများပြုလုပ်ထားသော်လည်း မကြာသေးမီရက်ပိုင်းက အလက်ပိုမြို့အနီး၌ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အဆိုပါစစ်လေယာဉ်မှာ လေယာဉ်ဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ဆီးရီးယားစစ်ဘက်ကပြောသည်။ သူပုန်များဘက်ကလည်း ၎င်းတို့ လေယာဉ်ဖျက်ဒုံးကျည်ကို အသုံးပြုခဲ့ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ သူပုန်များကို ထောက်ပံ့ပေးထားသည့် အနောက်အုပ်စုနှင့် ဆွန်နီများသည် လက်နက်ထောက်ပံ့မှုများပြုလုပ်သော်လည်း လေယာဉ်ဖျက်ဒုံးကျည်ကဲ့သို့ လက်နက်ကြီးများထောက်ပံ့ပေးရာ၌ အကြမ်းဖက်အုပ်စုများလက်အတွင်း ရောက်သွားမည်ကို စိုးရိမ်လျက်ရှိသည်။

ဆီးရီးယားနိုင်ငံအနောက်ပိုင်း၌ မတ်လအတွင်း စစ်လေယာဉ်တစ်စင်းကို သူပုန်များက လေယာဉ်ဖျက်ဒုံးကျည် အသုံးပြု၍ ပစ်ချခဲ့ဖူးကြောင်း ဆီရီးယားတို့က ပြောသည်။

လေယာဉ်မောင်းသူကို အယ်နူစရာတပ်ဦးမှ တိုက်ခိုက်ရေးသမားများက ဖမ်းဆီးထားသည်ဟု စောင့်ကြည့်လေ့လာသည့် အဖွဲ့ကပြောသည်။ အယ်နူစရာတပ်ဦးသည် ကွင်းပြင်ကျယ်အတွင်း လေယာဉ်ပျက်မီးလောင်ကျွမ်းနေသည့် ဗီဒီယိုကိုထုတ်လွှင့်ပေးခဲ့ပြီး လေယာဉ်မောင်းသူကို တခြားနေရာတွင် ဖမ်းဆီးထားခဲ့သည်။

(ရိုက်တာ)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုလိုသည်။

(ခ) **အတိုင်ပင်ခံပုဂ္ဂိုလ်** ဆိုသည်မှာ အခန်း(၂)ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုလိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ (က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

အခန်း (၃)

တာဝန်ပေးအပ်ခြင်း

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

အခန်း (၄)

တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များ

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များ ပေးရမည်။

(ခ) အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။

(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(င) အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

အခန်း (၅)

အထွေထွေ

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန် ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးမရှိလျှင် မည်သည့်အောင်မြင်မှုမျိုးကိုမျှ မရရှိနိုင်

နေပြည်တော် ဧပြီ ၆

မိမိတို့နိုင်ငံသည် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးမရှိလျှင် မည်သည့်အောင်မြင်မှုမျိုးကိုမျှ မရရှိနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမှုအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲမတိုင်မီ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသည့် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီနှင့် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဦးစွာ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-အီတလီ နှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ အီတလီနိုင်ငံသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံဖြစ်၍ မြန်မာနိုင်ငံတွင်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီတို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ကူညီစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများတွင် နည်းပညာ၊ အတွေ့အကြုံနှင့် အကူအညီများ မျှဝေပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။

မစ္စတာ ပါရိုလို ဂျန်တီလိုနီကလည်း အီတလီနိုင်ငံ၏ အောင်မြင်နေသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းအတွေ့အကြုံများကို ပြန်လည်မျှဝေပေးမည်ဖြစ်ကြောင်း၊ အီတလီနှင့် မြန်မာနိုင်ငံသည် ခေတ်ဦးလူနေမှု ပုံစံချင်းတူသည့်အတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း ကူညီပေးမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည့် ဧရိယာများရွေးချယ်ကာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

သတင်းစာ ရှင်းလင်းပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မျှော်လင့်ချက် အလင်းရောင်

လယ်သား

ကျွန်တော်တို့ တောသူတောင်သား လယ်သမားတွေရဲ့လုပ်ငန်းခွင်ဝင်ချိန်က နံနက်မိုးသောက်အရုဏ် မရောက်မီကတည်းက စတင်သည်။ လယ်သမားသာမက လယ်ယာလုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်နေတဲ့ လယ်ယာလုပ်သား၊ ကျေးလက်ပြည်သူအားလုံးလည်း ထို့အတူပင်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အချိန်တော့ နည်းနည်းကွဲချင်ကွဲမည်။ ဥပမာဆိုရလျှင် မိုးတွင်းကာလ စပါးစိုက်ပျိုးချိန်ဆိုရင် လယ်ထွန်သားတို့က ထွန်ကြောင်း၊ ထယ်ကြောင်းမြင်သာရုံ အရုဏ်မတက်မီ မှုန်ပျပျ အလင်းရောင်အမီ လယ်ကွင်းထဲ အရောက်နှင်သည်။ ဆောင်းရာသီစပါးရိတ်သိမ်းချိန် ကောက်လှိုင်းတွေ တိုက်ရပြီဆိုရင်တော့ ဒီထက်စောစော ရွာဦးကျောင်းက တုံးခေါက်ချိန် သုံးနာရီ သို့မဟုတ် လေးနာရီဆို ကွင်းထဲရောက်ပြီ။ ယခုလိုနွေကာလ ပဲသိမ်းရာသီမှာတော့ ပို၍စောစော နှစ်ချက်တီးလောက်ကတည်းက ပဲတိုက်ထွက်သူကထွက်သည်။ လယ်ယာလုပ်ငန်းဆိုတာက ခွန်အားသုံးရသည့်အလုပ်၊ နောက်ပြီး ကျွဲ၊ နွားတွေနဲ့ တွဲဖက်လုပ်ရတာလည်းဖြစ်သည်။ ဒါကြောင့် စောစောစီးစီး ထအလုပ်လုပ်၊ နေမြင့်ရင်နား၊ ကျွဲနွားတွေကို နေမြင့်အောင် ခိုင်းတာမျိုးကို တောင်သူချင်းက နှာခေါင်းရှုံ့တတ်သည်။

နံနက်စောစောထ အလုပ်လုပ်ရသည်ဆိုတော့ မိုးမသောက်ခင် ကောင်းကင်ကို မြင်ခွင့်ရသည်။ ကောင်းကင်ရဲ့အရောင်ကလည်း တစ်ရာသီနဲ့ တစ်ရာသီ၊ တစ်မနက်ခင်းနှင့် တစ်မနက် တူသည်မဟုတ်။ မိုးတွင်းဆိုတိုင်း အုံ့မှိုင်းနေတတ်သည်မဟုတ်သလို၊ နွေဆိုတိုင်းလည်း ကြည်လင်တတ်သည်မဟုတ်၊ မိုးကာလမှာ နံနက်စောစော တိမ်မည်းညိုတွေ အုံ့ဆိုင်းနေတတ်သလို နွေခေါင်ခေါင်မှာလည်း တိမ်ဖြူဖြူပျစ်ပျစ်တွေက ရှိချင်ရှိနေတတ်သည်။ သို့သော်လည်း ကျွန်တော်တို့တစ်တွေက နေ့စဉ်ကြည်လင်နေတာပဲမြင်ချင်သည်။ မိုးကာလမှာ မိုးရွာမှ ပျိုးသာသည်ဆိုပေမယ့် အရုဏ်မလင်းမီကတည်းက အုံ့အုံ့မှိုင်းမှိုင်း တဖြောက်ဖြောက်ရွာနေတာမျိုးတော့ မကြုံချင်၊ ထွန်ဖြုတ်မိုးမျိုးပဲ လိုချင်သည်။ ဆောင်းနဲ့နွေလို ရိတ်သိမ်းရာသီတွေမှာ ဆိုဖွယ်မရှိ၊ ပီတိမိုးရိပ်ကို မမြင်ချင်၊ ဝင်းလက်ကြည်လင်နေတဲ့ ကောင်းကင်းကိုပဲမြင်ချင်သည်။ မိုးမသောက်မီ ကြယ်ကလေးတွေ လင်းလက်တောက်ပနေတာကို မြင်ရတာလောက် စိတ်ချမ်းသာတာမရှိ၊ ဒါက သဘာဝတရားအပေါ် ကျွန်တော်တို့တောင်သူတွေရဲ့ မျှော်လင့်ချက်။

လက်တွေ့ဘဝရဲ့ ကောင်းကင်မှာလည်း တောက်ပကြည်လင်တာမျိုးပဲ ဖြစ်ချင်သည်။ ပြောရရင် ကျွန်တော်တို့ မြန်မာတောင်သူတွေရဲ့ ဘဝကောင်းကင်မှာ ကြည်လင်မှုက ခပ်ရှားရှား၊ တစ်လျှောက်လုံး အုံ့မှိုင်းနေတာသာများခဲ့သည်။ ကိုလိုနီခေတ်မှာလည်း အလင်းပျောက်လို့ အရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ရသည်။ လွတ်လပ်ပြီးစမှာ အလင်းရောင်တချို့ မြင်ခဲ့ရပေမယ့် တိမ်ကြားနေလို့ ခဏသာခံပြီး တိမ်မည်းညိုတွေသာ တောက်လျှောက်ဖုံးအုပ်ခဲ့သည်။ ပါးစပ်ကတော့ ကျေးဇူးရှင်၊ လက်ကတော့ ကျောချသူတွေကြီးစိုးခဲ့တဲ့ခေတ်၊ ဝမ်းစာသာချန် ပုတ်လှန်ကျီလှန်လုပ်ခဲ့သမျှ ဟင်းစာဆိုတာ မရှိရှာတော့ ထမင်း ရေဖျော်စားရတဲ့ခေတ်လည်းကြုံခဲ့သည်။ ဟိုစီမံကိန်းအကြောင်းပြ၊ ဒီစီမံကိန်းအကြောင်းပြ သိမ်းယူခံရလို့ ရှိရှိသမျှလယ်လေးတွေ ဆုံးရှုံးရသူတွေများခဲ့ဖူးပြီ၊ တောင်သူတွေ လယ်ပြုတ်၊ နွားပြုတ်ဖြစ်ပါစေ စီမံကိန်းက စီမံကိန်းပဲ ကြွေးကြော်ပြီး မလျော်ညီတဲ့ သီးနှံတွေ အတင်းအဓမ္မ စိုက်ခိုင်းခဲ့လို့ စီးပွားရေးတွေ ချွတ်ခြုံကျ၊ ခုချိန်ထိ နာလန်မထူနိုင်တဲ့ တောင်သူတွေရှိနေသေးသည်။ နောက်ပိုင်းမှာ ဒီမိုကရေစီအစိုးရကြွေးကြော်သံနဲ့ လွတ်လပ်စွာ စိုက်ပျိုးခွင့်ပေးလို့ ဝမ်းသာမယ်မကြံသေး။ ဘယ်သူတွေက အကြံပေးသလဲ ဘယ်သူတွေပဲ အကျိုးများလည်းမသိ၊ အများကြိုက်၏ မကြိုက်၏ ကိုယ့်ရေမြေနဲ့ ကိုက်၏ မကိုက်၏ မတွေး၊ မျိုးစပါးအတင်းပေး ရောင်းတာတွေကလည်း ရှိနေသေးသည်။ ယခုအချိန်ထိ ဆုံးရှုံးခဲ့တဲ့ စိုက်ပျိုးမြေတွေ ပြန်မရလို့ တောင်းဆိုသံတွေက မစဲသေး၊ စက်မှုလယ်ယာ ကြွေးကြော်သံမှာ ပန်းတိုင်က ဝေးနေဆဲမှာ ကျွဲနွားတွေက ရှားပါးလာ၊ လုပ်သားရှားပါးမှုတွေကလည်း ရင်မအေးစရာ။ ပြောရရင်တော့ အမှောင်တွေကများလွန်းလို့ တော်ရုံအလင်းနဲ့ ခွင်းဖို့မလွယ်။

> ယခုအချိန်ထိ ဆုံးရှုံးခဲ့တဲ့ စိုက်ပျိုးမြေတွေ ပြန်မရလို့ တောင်းဆိုသံတွေက မစဲသေး၊ စက်မှုလယ်ယာကြွေးကြော်သံမှာ ပန်းတိုင်က ဝေးနေဆဲမှာ ကျွဲနွားတွေက ရှားပါးလာ၊ လုပ်သားရှားပါးမှုတွေကလည်း ရင်မအေးစရာ။ ပြောရရင်တော့ အမှောင်တွေကများလွန်းလို့ တော်ရုံအလင်းနဲ့ ခွင်းဖို့မလွယ်။
>
> ယခုကြယ်စင်တွေနဲ့ လင်းလက်နေတဲ့ကောင်းကင်မှာ အရုဏ်ဦးရဲ့ အလင်းတစ်စကိုတော့မြင်ရပြီ။ နေ့သစ်မှာ ကျွန်တော်တို့လယ်ယာကဏ္ဍအပေါ် လွှမ်းခြုံနေတဲ့ အမှောင်တွေကို ဒီအလင်းရောင်က အားကောင်းစွာဖြင့် ထွင်းဖောက်အောင်မြင်မည်ဟု မျှော်လင့်မိ

သို့သော်လည်း ယခုကြယ်စင်တွေနဲ့ လင်းလက်နေတဲ့ ကောင်းကင်မှာ အရုဏ်ဦးရဲ့ အလင်းတစ်စကိုတော့ မြင်ရပြီ။ နေ့သစ်မှာ ကျွန်တော်တို့လယ်ယာကဏ္ဍအပေါ် လွှမ်းခြုံနေတဲ့ အမှောင်တွေကို ဒီအလင်းရောင်က အားကောင်းစွာဖြင့် ထွင်းဖောက်အောင်မြင်မည်ဟု မျှော်လင့်မိပါသည်။ မျှော်လင့်သလိုလည်း ယုံကြည်မိပါသည်။

မြန်မာနိုင်ငံဒေသဆိုင်ရာ မိုးခေါင်မှုဖြစ်စဉ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံ အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (UNESCAP) တို့ပူးပေါင်း၍ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များအနက် ဒေသဆိုင်ရာ မိုးခေါင်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများကို ဖြေရှင်းနိုင်ရန်နှင့် လိုက်လျောညီထွေရှိစေရန် နည်းလမ်းများဆိုင်ရာ “High Level Meeting on the Implementation of the Regional Drought Mechanism in Myanmar” ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် UNESCAP ၏ သဘာဝဘေးအန္တရာယ်လျှော့ချရေးဌာနအကြီးအကဲ Mr. Sanjay Kumar Srivastava က အမှာစကားပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

မိုးခေါင်ခြင်းကို လေ့လာစောင့်ကြည့်ခြင်းနှင့် ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းတို့ကို အဆင့်မြှင့်တင်ရန်၊ မိုးခေါင်ခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လည်ဖော်ညွှန်းရန် တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်အပေါ်မူတည်၍ လုပ်ငန်းစီမံချက်များ ရေးဆွဲရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ မိုးခေါင်ခြင်းဆိုင်ရာ စီမံကိန်းအတွက် ယခုဆွေးနွေးပွဲမှ စီမံခန့်ခွဲမှုနှင့် လိုအပ်ချက်များကို သိရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မိုးခေါင်ဒေသများကို ကောင်းကင်မြေပုံ GIS/GPS ဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၈၀၀၀ ကျော် မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေခင်ချောက ပြောသည်။ အဆိုပါဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် အရာထမ်း၊ အမှုထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ညနေ ၃ နာရီအထိ တက်ရောက်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Hans-Dictrich Genscher ကွယ်လွန်ခြင်းအတွက် ရန်ကုန်မြို့ရှိ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ မေ ၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ လက်မှတ်ရေးထိုးစဉ်
(သတင်းစဉ်)

လှိုင်းအသင့်အတင့်ရှိ

၆-၅-၂၀၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။
(မိုး/ဇလ)

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဧပြီ ၆

၂၀၁၅-၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၂ ဒသမ ၄၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၀ ဒသမ ၇၇ သန်းနှင့်စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၃ ဒသမ ၂၁သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၆ ဒသမ ၆၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၉၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၀ ဒသမ ၆၁ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၄၀ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၃၉ ဒသမ ၈၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၃၁ ဒသမ ၅၆ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၀၇၁ ဒသမ ၃၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၁၅ ဒသမ ၆၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၈၂ ဒသမ ၇၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၉၈ ဒသမ ၄၃ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှု ပမာဏမှာအမေရိကန်ဒေါ်လာ ၂၅၁၆၉ ဒသမ ၈၀ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၀၂၇ ဒသမ ၀၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

(သတင်းစဉ်)

သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် ကျေးလက်ဒေသ လူနေအိမ်ပြဿနာ

မြစ်ကြီးနား ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အရပ်သားအစိုးရသစ်သည် မြန်မာနိုင်ငံအနှံ့အပြား ရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့တွင် မဲအများဆုံးရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အရပ်သားအစိုးရသစ်ဖြစ်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် ကျေးလက်နေပြည်သူများ၏ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်သည့်အခါများတွင် ပြည်သူပိုင် ၆-၁ နှင့် ထိတွေ့ငြိတွယ်နေသည့် ပြဿနာများသည် ဆက်ရှိနေဦးမည်လော သို့မဟုတ် ကျေးလက်နေအိမ်အဆောက်အအုံများ မိမိသုံးဆောက်လုပ်ခြင်းကို အစိုးရသစ်အနေဖြင့် ဘယ်လိုဆောင်ရွက်ပေးမည်လောဟူ၍ စောင့်မျှော်နေကြကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ယခင်ကနှင့်မတူတော့ဘဲ ပြည်တွင်း၌ရှိသည့် လူဦးရေသည် ယခုအခါ ထူထပ်များပြားလာကြပြီဖြစ်ပေသည်။ လူဦးရေထူထပ်များပြားလာသည်နှင့်အမျှ လူနေအိမ်အဆောက်အအုံများလည်း နေ့စဉ်ဆောက်လုပ်နေကြမည်မှာ မလွဲပေ။ ယင်းတို့ကြောင့် လူနေအိမ်အဆောက်အအုံများတိုးတက်မှုနောက်ကွယ်က သစ်တောပြုန်းတီးမှုများလည်းရှိနေကြမည်ဖြစ်ပေသည်။ သစ်တောပြုန်းတီးမှု ထိန်းသိမ်းကာကွယ်ရေးနှင့် လူနေအိမ်အဆောက်အအုံပြဿနာများသည် ကျေးလက်ဒေသများတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

သန်းမောင်လေး

ဆန်စပါးကဏ္ဍ အဆင့်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဧပြီ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Baek Soon နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် ဦးဆောင်သောအဖွဲ့အား ရင်းနှီးခင်မင်စွာ တွေ့ဆုံ၍ မြန်မာ့ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ ဆန်စပါးအထူးပြုပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ဆန်များကို ခိုင်မာသောနိုင်ငံတကာ ဆန်စပါးဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် ဆန်စပါးကဏ္ဍ အဆင့်မြှင့်တင်ရေးဆိုင်ရာများကို အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး နေအိမ်အများအပြားပျက်စီး

ရေစကြို ဧပြီ ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ဧပြီ ၅ ရက် ညနေ ၆ နာရီခွဲခန့်က မိုးရွာသွန်းပြီး ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် ရေစကြို-တမာတန်းကားလမ်းပေါ်သို့ သစ်ပင်များလဲကျခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ထန်းပင်များပြတ်ကျခြင်းတို့ကြောင့် ယာဉ်သွားလာမှုအဟန့်အတားဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးကြီးကြပ်၍ မြို့နယ်(ထွေ/အုပ်)ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်းမှုကြောင့် ယာဉ်များ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရေစကြိုမြို့နယ် ပေါက္ကူကျေးရွာတွင် လူနေအိမ်ပေါ်သို့ အနီးရှိ ပေပင်လဲကျပိမိသဖြင့် နေအိမ်အတွင်းနေသူ ဒေါ်ငယ်(၆၅ နှစ်)မှာ နေရာတွင် သေဆုံးသွားခဲ့သည်။

အလားတူ ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ အင်ဂျင်စက်ဖြင့် လျှပ်စစ်မီးပေးနေစဉ် ဦးဇော်မြင့် (၄၈နှစ်)မှာ အခြားအိမ်မှ မီးကြိုးပြတ်ကျနေမှုကို ထိမိသဖြင့် ဓာတ်လိုက်၍ ရေစကြိုမြို့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှု ဖြစ်စဉ်ကြောင့် နန်းဦးကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာတွင် သက်ငယ်မိုး၊ ထရံကာ၊ နေအိမ် ၁၀ လုံး ပြိုကျပျက်စီးပြီး နေအိမ်သုံးလုံးမှာ သစ်ပင်ပိ၍ ပျက်စီးသွားသည်။ အခြားနေအိမ် ၃၃ လုံးမှာ အမိုးများလန်၍ ထရံများကွာကျပျက်စီးကြောင်းသိရသည်။

အလားတူ မိုးကွဲကျေးရွာတွင် နေအိမ် ၁၆ လုံး၊ မိုးဖြူကျေးရွာတွင် နေအိမ် ၁၇ လုံး၊ချင်းယားကျေးရွာတွင် နေအိမ်၂၀ လုံးတို့ အမိုးများလန်၍ ထရံများကွာကျပျက်စီးပြီး မင်းရွာကျေးရွာတွင် သက်ငယ်မိုး၊ ထရံကာ နေအိမ်ကိုးလုံး အမိုးလန်ထရံကွာကျပြီး နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့သည်။

ရေစကြိုတပ်နယ်မှ ခ. လ. ရ (၂၅၆)(၂၅၇)(၂၅၈) တပ်များတွင် လိုင်းခန်းအချို့ သွပ်မိုးများအချပ်လိုက်လန်ကျခြင်း၊ ထန်းပင်လဲကျပျက်စီးခြင်းတို့ဖြစ်ခဲ့ကြောင်း သိရှိရပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

မတ္တရာ ဧပြီ ၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်(မန္တလေးတောင်ပိုင်း)ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာသန်းနှင့် ဝန်ထမ်းများသည် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကွင်းဆင်းဆောင်ရွက်ခြင်းကို မတ်လနောက်ဆုံးပတ်က မတ္တရာမြို့နယ် အောင်ကံသာဘုန်းကြီး ကျောင်းတိုက်၌ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ပါဠိပထမပြန်စာမေးပွဲ နောက်ဆုံးနေ့ကျင်းပ

နေပြည်တော် ဧပြီ ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနကကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ဖြေဆိုကြရာ ပထမကြီးစာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၁၄၅၉၇ ပါးအနက် ၁၁၃၉၅ ပါးဖြေဆိုကြသဖြင့် ၇၈ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝတောတောင် ရေမြေပျက်စီးနိုင်သဖြင့် ချင်းတွင်းမြစ်ဝှမ်းတွင် ရွှေတူးဖော်ခြင်းကို ပိတ်ပင်သင့်

မုံရွာ ဧပြီ ၆

သဘာဝတောတောင် ရေမြေများ ပျက်စီးပြီး ရာသီဥတုဖောက်ပြန်၍ ပြည်သူများခံစားခဲ့ရသည့် ဘေးအန္တရာယ်ကြီးများနှင့် ဆိုးကျိုးများ အလွန်ကြီးမားလှသောကြောင့် ချင်းတွင်းမြစ်ဝှမ်းတောတောင် မြစ်ချောင်းများတွင် ရွှေတူးဖော်သည့် လုပ်ငန်းများကို သက်ဆိုင်ရာကခွင့်မပြုသင့်တော့ကြောင်း ၂၀၁၂ ခုနှစ်က ရွှေမှော်ဆိုက်မန်နေဂျာဆောင်ရွက်ခဲ့ဖူးသူက ပြောသည်။

"ချင်းတွင်းမြစ်ကြောင်းမှာ ရေမျောတိုက် ရွှေရှာတဲ့အတွက် သောင်ခုံကြီးတွေ ဖြစ်လာတယ်။ ရေစီးရေလာထိခိုက်ပြီး မြစ်ရေစီးကြောင်းကို ပြောင်းလဲစေတယ်။ မြစ်ဝှမ်းဒေသတောတောင်တွေ ပြိုကျပျက်စီးပြီး မျောစင်ကစီးဆင်းလာတဲ့ သဲနုန်းကျောက်စရစ်တွေ မြစ်ထဲရောက်လာကာ သောင်ထွန်းလို့လည်း မြစ်ရေစီးကြောင်းကို ထိခိုက်စေပါတယ်။ တောတောင်တွေထဲက သစ်တောတွေကို အပြောင်ရှင်းခုတ်ယူခဲ့လို့ သစ်ကြီးဝါးကြီးတွေ မရှိတော့တဲ့အတွက် မိုးရေကို စုပ်ယူထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘူး။ ဒီတော့မိုးရွာရင် မိုးရေတွေ မြစ်ထဲကိုဒလဟော စီးဆင်းပြီး မြစ်ရေကြီးတဲ့အန္တရာယ်၊ မိုးရေနဲ့နုန်းမြေတွေ စီးမျောပါလာလို့ ရေလွှမ်းဒေသတွေကို နုန်းပြင်ကြီး ဖုံးလွှမ်းတဲ့အန္တရာယ်တွေ ကြုံတွေ့စေပါတယ်။ ၂၀၁၅ ခုနှစ် မိုးရာသီက ချင်းတွင်းမြစ်တစ်လျှောက်ဒေသတွေရေလွှမ်းတဲ့ အန္တရာယ်ကြုံတွေ့ခဲ့ရပြီး ရွာမြေ လယ်မြေတွေကို ရွှံ့နွံတွေ မတန်တဆဖုံးလွှမ်းသွားတာဟာ သစ်တောအပြောင်ရှင်းခဲ့တာရယ် ရေမျောကုန်းမျောတိုက်ပြီး ရွှေရှာခဲ့ကြတာတွေကြောင့် သဘာဝတောတောင်ရေမြေတွေ ပျက်စီးပြီး ဂေဟစနစ်ပြောင်းလဲစေတာကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေ ဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။

၂၀၁၂ခုနှစ် ဇွန်လမှစ၍ ချင်းတွင်းမြစ်ကြောင်းအတွင်း ရေမျောတိုက်ရွှေရှာခွင့်ကို ပိတ်လိုက်သောကြောင့် ဥရုချောင်းနှင့်ချင်းတွင်းမြစ်အတွင်း စီးဝင်သောချောင်းများတွင် ရေမျောလုပ်ကိုင်နေကြဆဲဖြစ်သလို ချင်းတွင်းမြစ်ဝှမ်း တောတောင်များတွင် သတ္တုတွင်းဝန်ကြီးဌာနက ရွှေလုပ်ကွက်များချထားပေးပြီး ရွှေရှာခွင့်ပြုထားဆဲဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရေရှားပါးမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျေးရွာများအား သောက်သုံးရေများဖြန့်ဝေ

ဘားအံ ဧပြီ ၆

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နွေရာသီကာလများတွင် ရေတွင်း ရေကန် တုံကင်များ ရေထွက်နည်းပါးလာလေ့ရှိသောကြောင့် ဘားအံမြို့နယ် ကျေးလက်ဦးစီးဌာနမှ ဧပြီပထမပတ်ကစ၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

နှစ်စဉ်နွေရာသီကာလများတွင် ကျေးရွာအတွင်းရှိ ရေတွင်း ရေကန်၊ ရေတုံကင်များ ရေထွက်နည်းလာလေ့ရှိသော ရပ်ကွက်နှင့် ကျေးရွာများမှာ ဘားအံမြို့နယ်အတွင်းရှိ အမှတ်(၉) ရပ်ကွက်၊ ကျောက်တစ်လုံး(ဝင်းဒရယ်) အုပ်စု ပျဉ်းကတိုးကျေးရွာနှင့် သစ်ဖြူပင်ဆိတ်ကျေးရွာ၊ အထက်ကော့ရင်းကျေးရွာအုပ်စု ရွှေဝါထွန်းကျေးရွာ၊ တကောင်ဘိုးကျေးရွာအုပ်စု အလယ်ရွာများဖြစ်ပြီး ယခုနှစ် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘားအံမြို့နယ် ကျေးလက်ဦးစီးဌာနမှ တွင်းတိမ်တူးဖော်ပေး၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ဖြန့်ဝေပေးရာတွင် ပျဉ်းကတိုးကျေးရွာ အိမ်ထောင်စု ၉၀ အတွက် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသော တွင်းတိမ်တစ်တွင်းတူးဖော်ပေး၍လည်းကောင်း၊ အထက်ကော့ရင်းကျေးရွာအုပ်စု ရွှေဝါထွန်းကျေးရွာအိမ်ထောင်စု ၁၀၀ အတွက် တွင်းနက်တစ်တွင်း တူးဖော်၍ ရေဂါလန် ၁၆၀၀ ဆံ့ ယာယီရေလှောင်ကန်များ ပြုလုပ်ကာ တစ်ရက်လျှင် ရေဂါလန် ၈၀၀ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော်၌ ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ ကတိသစ္စာပြု

နေပြည်တော် မေ ၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ကတိသစ္စာပြုခြင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၌ လစ်လပ်သွားသောအဖွဲ့ဝင် ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်နေရာတွင် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းအား အစားထိုးထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခံရသည့်အတွက် ဥပဒေကြမ်းကော်မတီ၌ အဖွဲ့ဝင်တစ်နေရာ လစ်လပ်သွားခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဖေဇင်ထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ ကတိသစ္စာပြုစဉ်

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက်အား လွှတ်တော်သို့အသိပေးတင်ပြ

နေပြည်တော် မေ ၆

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံတကာလွှတ်တော်များမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှေ့မှောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက ကတိသစ္စာပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူပါလီမန်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံမှပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က အဆိုတင်သွင်းပြီး အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ပြင်ဆင်ချက်မရှိအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါကြောင်း။

ထို့ကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးတင်ပြပါကြောင်းဖြင့် လွှတ်တော်သို့ အသိပေးတင်ပြသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း ကတိသစ္စာပြုစဉ်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ထရန်စဖော်မာများဝယ်ယူရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၆

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ဦးဆောင်ကျင်းပသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း (National Electrification Plan-NEP)အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ ချေးယူငွေဖြင့် ထရန်စဖော်မာများ ဝယ်ယူရေးကိစ္စ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့လွှတ်တော် C ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုကိုနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ U Pe Thein Electrical&Electronic Co.,Ltd.၊ Hitachi Soe Electric & Machinery Co.,Ltd.၊ Asia General Electric Co.,Ltd.၊ Yangon Transformer Co.,Ltd.၊ Capital Power Co.,Ltd.၊ KTK Electrical Engineering Co.,Ltd.နှင့် Rhino Electric တို့မှ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့အကျိုးကိုရှေးရှု၍ စနစ်တကျပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်

မန္တလေး မေ ၆

မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုအကျိုးကိုရှေးရှုကာ စနစ်တကျပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မေ ၅ ရက်ကတွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားသည်။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်အတူ မိသားစုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့အစည်းဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၆

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
(မိုး/ဇလ)

တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆွေးနွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (မြဝတီ)

နေပြည်တော် ဧပြီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ထိရောက်သည့် စီမံခန့်ခွဲမှုရှိရေးတို့အား ဆွေးနွေးကြပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ အာရှရေးရာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(မြဝတီ)

မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်သည့်နယ်ပယ်များနှင့် ကုလငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပါဝင်ထမ်းဆောင်နိုင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အီတလီသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီအား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပါတီစုံနိုင်ငံရေးလမ်းကြောင်းအား ခိုင်ခိုင်မာမာ ဆက်လက် လျှောက်လှမ်းရာတွင် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တိုင်းရင်းသားအရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးဆိုင်ရာများကို ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာ တောင်းဆိုရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်သည့် နယ်ပယ်များ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များတွင် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်ပေးရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အီတလီသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး မစ္စတာ ပီယာဂျော်ဂျီယို ဖက်ဒါရီကို အလီဘာတီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုံးကျော်တံတားများတည်ဆောက်ရန်လျာထားသော ဘတ်ဂျက်ငွေအား စည်ပင်နယ်နိမိတ်ပြင်ပ မြို့နယ်နှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန် အသုံးပြုမည်

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - ဗညား

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့ကျင်းပသည့် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးခြောက်ဦးအား စတင်ခန့်အပ်ခဲ့ပြီး ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ယနေ့လွှတ်တော်အစည်းအဝေးတွင်အတည်ပြုနိုင်ခဲ့ကာ တိုင်းဒေသကြီးအတွင်း ခုံးကျော်တံတားများ တည်ဆောက်ရန် လျာထားသော ဘတ်ဂျက်ငွေအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့လွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ခန့်အပ်တာဝန်ပေးအပ်ခဲ့သော ဝန်ကြီးခြောက်ဦးမှာ ဗိုလ်မှူးကြီး တင်အောင်ထွန်း (လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)၊ ဦးမြင့်သောင်း (ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန)၊ ဦးဟန်ထွန်း (စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန)၊ ဒေါ်နီလာကျော် (လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန)၊ ဦးမောင်မောင်စိုး (စည်ပင်သာယာရေးဝန်ကြီးဌာန)နှင့် ဦးနိုင်ငံလင်း (လူမှုရေးဝန်ကြီးဌာန)တို့အား ခန့်အပ်ခဲ့ပြီး လွှတ်တော်၌ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုလည်း လွှတ်တော်၌ ပြန်လည်ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အတည်ပြုနိုင်ခဲ့သည်။ အဆိုပါ ပြန်လည်ရှင်းလင်းအတည်ပြုခဲ့သော ဒေသန္တရစီမံကိန်းဥပဒေကြမ်းပြင်ဆင်မှုနှင့်ပတ်သက်၍ မရမ်းကုန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးရန်ရှင်းက ကျွန်တော့်အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ပြင်ဆင်ချက်နဲ့ပတ်သက်ပြီး ဖြည့်စွက်သင့်ကြောင်း၊ ယခင်မူလက စီမံထားတဲ့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ပါရမီလမ်းဆုံနဲ့ မြောက်ဥက္ကလာခုံးကျော်တံတားများ တည်ဆောက်ရန်အစား ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ချက်အဖြစ် တွေ့ရှိထားကြောင်း၊ ယခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ပြင်ပသာမက နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် များစွာလိုအပ်နေကြောင်း၊ ထို့ကြောင့် ထပ်မံဖြည့်စွက်ပြင်ဆင်ချက်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း/အပြင်ရှိ မြို့နယ်အသီးသီး၏ ရပ်ကွက်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ဟု ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်၌ တင်ပြဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခင်မူလ လျာထားချက်အရ ယခုလာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ပါရမီလမ်းဆုံခုံးကျော်တံတားတည်ဆောက်ရန်နှင့် မြောက်ဥက္ကလာ ပမြို့နယ် မြောက်ဥက္ကလာလမ်းဆုံအား ခုံးကျော်တံတားတည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်လျာထားမှုများကို ယခုအစိုးရသစ် လက်ထက်တွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ သဘောတူဆန္ဒပြုချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြောင်းလဲအကောင်အထည်ဖော်လုပ်ဆောင်ရန် ယနေ့လွှတ်တော်၌ အတည်ပြုခဲ့ကြသည်။ သို့သော် တချို့လွှတ်တော်ကိုယ်စားလှယ်များက တံတားနှစ်စင်း တည်ဆောက်မှုရပ်ဆိုင်းမည်ကို သဘောတူသော်လည်း ရန်ကုန်မြို့တော်စည်ပင် နယ်နိမိတ်အပြင်ရှိ မြို့နယ်၊ ကျေးရွာများသာမက စည်ပင်နယ်နိမိတ်တွင်းရှိ မြို့နယ်၊ ရပ်ကွက်များကိုလည်း ဖွံ့ဖြိုးစေရန် ဆန္ဒရှိကြသော်လည်း လွှတ်တော်တွင်း၌ မဲခွဲဆုံးဖြတ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်တွင်း ဆန္ဒပြုသူမှာနည်းပါးသဖြင့် မအောင်မြင်ဖြစ်ခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ အခုရပ်ဆိုင်းလိုက်တဲ့တံတား နှစ်စင်းအတွက် ကုန်ကျငွေ မြန်မာငွေကျပ် ၃၁ ဘီလီယံကို ယနေ့လွှတ်တော်မှာ တချို့လွှတ်တော်ကိုယ်စား တင်ပြတာက စည်ပင်နယ်နိမိတ်ပြင်ပမြို့နယ် တွေသာမဟုတ်ဘဲ နယ်နိမိတ်တွင်းရှိလိုအပ်တဲ့ မြို့နယ်တွေကိုလည်း သုံးစေချင်ကြတယ်။ သူတို့ရဲ့ ဆန္ဒကတော့ ခုအသုံးပြုမယ့်ငွေဟာ နယ်နိမိတ်ပြင်ပမြို့နယ်၊ ကျေးရွာတွေမှာလည်းသုံး၊ စည်ပင်နယ်နိမိတ်တွင်းမှာရှိတဲ့ မြို့နယ်တွေမှာ သုံးစေချင်တဲ့သဘောပါ။ ဒီတံတားနှစ်စင်းအတွက် လျာထားတဲ့ ဘတ်ဂျက်ငွေဟာ မြန်မာငွေကျပ် ၃၁ ဘီလီယံကျော်ရှိပါတယ်။ ခုတိုင်းဆို ဒီငွေအားလုံးကို စည်ပင်နယ်နိမိတ်ပြင်ပရှိ ၁၂ မြို့နယ်ပဲ အသုံးပြုခွင့်ရမယ့် သဘောဖြစ်သွားပါတယ်။ ဒီစည်ပင်နယ်နိမိတ်တွင်းရှိ မြို့နယ်တွေမှာလည်း လိုအပ်ချက်တွေက အများကြီးပါ။ ဥပမာ ရေကြီးလို့ ရေမြောင်းကိစ္စတွေ၊ အမှိုက်ကိစ္စတွေ အများကြီးပါပဲ၊ ပြင်ဖို့လိုတာတွေရှိတယ်"ဟု လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက လွှတ်တော်အပြီး မီဒီယာများအား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ် တည်ရှိပြီး စည်ပင်နယ်နိမိတ်အတွင်းရှိ ၃၃ မြို့နယ်မှာ ရန်ကုန်တိုင်းဒေသကြီး၏ အဆိုပါငွေကြေးအား ယခု ဘဏ္ဍာနှစ်တွင် သုံးစွဲပိုင်ခွင့်မရှိဘဲ ကော့မှူး၊ တွံတေး၊ လှည်းကူး၊ တိုက်ကြီး၊ သုံးခွ၊ ထန်းတပင်နှင့် စသည့်မြို့နယ် တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်ပြင်ပရှိ ၁၂ မြို့နယ်တွင်သာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ သမ္မတခန့်အပ်ခဲ့သည့် တိုင်းဒေသကြီးဝန်ကြီးခြောက်ဦး ကတိသစ္စာပြုစဉ်

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၃)

ဆိုးသော ရှေ့နေ

ဦးဟန်ညွန့်(ဥပဒေ)

"ဆရာက ရှေ့နေကောင်းတွေအကြောင်းပဲ ရေးနေတယ်။ ဆိုးတဲ့ ရှေ့နေမရှိတော့ဘူးလား။ အားလုံးကောင်းပါသည်ခင်ဗျားလို့ ပြောမလား" ဟု အလုပ်သင်ရှေ့နေက စကားနာထိုးပါသည်။ ဩော် . . . သူပြောတာလည်း ဟုတ်ပေသားပဲ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို တစ်ဦးတစ်ယောက်ကြောင့် ရှေ့နေလောကကြီးတစ်ခုလုံးကို ထိခိုက်တတ်ပေသည်။ မျှမျှတတ၊ မှန်မှန်ကန်ကန်၊ ဆင်ခြင်သုံးသပ်ရပေလိမ့်မည်။

လေလံတင်ရောင်းချသည့်ပစ္စည်း

ရှေ့နေရှေ့ရပ်များသည်မိမိတို့လိုက်ပါဆောင်ရွက်သော အမှုတွင် လေလံတင်ရောင်းချသော ပစ္စည်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လေလံဆွဲဝယ်ခြင်းမပြုရပါ။

(တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၇၃)

အမှုလိုက်ရင်းဖြင့် အမှုသည်လုပ်ရမည့်အလုပ်ကို ရှေ့နေကိုယ်တိုင် ဝင်လုပ်ခြင်းဖြစ်ပါသည်။ ဥပဒေအလုပ်လုပ်ရမည့် အစား စီးပွားရေးအလုပ်၊ ဈေးသည်အလုပ်ဝင်လုပ်သည့် ရှေ့နေဖြစ်သွားတတ်ပေသည်။

တရားစွဲဆိုတောင်းယူပိုင်ခွင့်

တရားမမှုများတွင် တရားစွဲဆိုတောင်းယူပိုင်ခွင့်များရှိစမြဲပါ။ အမှုသည်က ရှေ့နေငှားခြင်းမှာ အမှုလိုက်ပါရုံသက်သက်မျှပါပဲ။ သို့ရာတွင် အမှုလိုက်နေရင်းဖြင့် တရားစွဲဆိုတောင်းယူပိုင်ခွင့် တစ်စုံတစ်ရာကိုမျှ ဝယ်ယူခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပဋိညာဉ်ပြုလုပ်ခြင်း သို့မဟုတ် ထိုတရားစွဲဆိုတောင်းယူပိုင်ခွင့်မှ အကျိုးခံစားပိုင်ခွင့်ကိုဖြစ်စေ၊ အစုရှယ်ယာကိုဖြစ်စေ လက်ခံရန်၊ အကျိုးခံစားရန် သဘောတူညီခြင်းမပြုရပါ။

(ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၃၆)

အခြားစီးပွားရေးလုပ်ငန်း

ရှေ့နေဝင်ခွင့်ရပြီးသူတစ်ဦးသည် ကုန်သွယ်မှုသို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်လျှင် ထိုသို့လုပ်ကိုင်ကြောင်း တရားလွှတ်တော်ချုပ်သို့ စာဖြင့်ရေးသား၍ အကြောင်းကြားရမည်။ တရားလွှတ်တော်ချုပ်သည် ထို တရားလွှတ်တော်ရှေ့နေအား ရှေ့နေလိုက်ခြင်းမှ ခေတ္တရပ်စဲထားနိုင်သည် သို့မဟုတ် သင့်လျော်သည် ထင်မြင်သည့် အမိန့်များချမှတ်နိုင်သည်။

[တရားလွှတ်တော်ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၁၁(၂)]

(တရားရုံးများလက်စွဲ အပိုဒ်-၃)

လူပြောအများဆုံးအပြစ်

ရှေ့နေများအပေါ် လူပြောအများဆုံးအပြစ်တစ်ခုမှာ မဟုတ်မမှန်လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးပေးခြင်းဖြစ်သည်။ အမှုသည်က မပြောသော အချက်ကို ရှေ့နေက ဖြည့်စွက်ရေးပေး၊ မမှန်သည်ကို အမှန်ဖြစ်အောင် သွေးဆောင်စည်းရုံးကာ တိုင်စာ၊ ပစ်စာရေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းသည် မလုပ်သင့်၊ မလုပ်ထိုက်ပါ။ ရှေ့နေကောင်းတစ်ယောက်၏အလုပ်မဟုတ်။ ရှေ့နေဆိုးတစ်ယောက်၏ မကောင်းသောအလုပ်ဟု ပြောရမည်ပင်။

ငွေမည်မျှပေးရင် အမှုနိုင်မည်

"ဒီအမှုနိုင်ကို နိုင်ရမယ်။ ငွေဘယ်လောက်ပေးရမယ်။ အလောင်းအစားလုပ်မလား။ မနိုင်ရင် ငွေမည်မျှပြန်လျော်မယ်" ဟူသော ရှေ့နေတချို့လည်းရှိသည်။ ကြားသည်။ တကယ်ရှိသလား။ ကြုံဖူးသူတွေသိမည်။ ရှေ့နေကောင်းမဖြစ်နိုင်။ ဆိုးသော ရှေ့နေအုပ်စုထဲပါမည် သေချာသည်။ သတိထားစရာပါ။ သို့သော်ငြား အချို့အမှုသည်များကလည်း ယခုလို ကြေးစားရှေ့နေမျိုးကိုမှ လိုက်ရှာသည်။ သဘောကျသည်။ အလောင်းအစားလုပ်ကြသည်။ နောင်တော့ ငြင်းကြ၊ ခုံကြ၊ ရန်ဖြစ်ကြသည်။ တစ်ပူအပေါ် နှစ်ပူဆင့်ကြသည်။

အရက်မူး၍ ရုံးကိုသွား

အရက်သောက်စား၍ တရားရုံးကို သွားသောရှေ့နေတချို့လည်း ရှိသေးသည်။ ကြိုက်တတ်လျှင် ရုံးချိန်ပြင်ပမှာသောက်ကြပါ။ တရားခွင်မှာ အရက်မူးပြီး အမှုစစ်သော ရှေ့နေများကို တရားသူကြီးကမကြိုက်ဆိုပါ။ ရှေ့နေသိက္ခာ၊ ရုံးသိက္ခာကျပေရော့မည်။ အရက်မူးပြီးပေးသော လျှောက်လဲချက်တွေမှာလည်း စီရင်ထုံးနှင့် စာမျက်နှာအမှတ်တွေ၊ အမှုသည်အမည်တွေ တလွဲတချော်ဖြစ်ပေရော့မည်။ တရားခွင်မှာ ပုဆိုးကျွတ်ကျ၊ ခေါင်းပေါင်းပြောင်းပြန် ဆောင်း၊ ရှေ့နေအပေါင်း မကောင်းသတင်း မဖြစ်စေလို။

(၁၉၆၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး-စာ-၄၈၇)

ကိုယ်တိုင်သက်သေ

မိမိကိုယ်တိုင် (ရှေ့နေကိုယ်တိုင်) သက်သေအဖြစ် ပါဝင်ရမည့်အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပါ။

(၁၉၃၉ ရန်ကုန်စီရင်ထုံး၊ စာ - ၂၂၄)

လုပ်ငန်းကိုကြော်ငြာခြင်း

ရှေ့နေများသည် မိမိအမည်နှင့် နေရပ်လိပ်စာရိုက်နှိပ်ထားသော ကတ်ပြားများဝေငှခြင်း၊ လုပ်ငန်းကိုကြော်ငြာခြင်း၊ လျှောက်လွှာပုံစံ၊ ဗလာစာရွက်များပေါ်တွင် မိမိအမည်လိပ်စာရိုက်နှိပ်၍ ကြိုတင်လက်မှတ်ရေးထိုးကာ အခြားသူများအားလိုအပ်သလို အသုံးပြုရန် ပေးအပ်ခြင်း၊ ဘွဲ့မရဘဲ ဥပဒေဝိဇ္ဇာဘွဲ့ရသည်ဟု ဖော်ပြခြင်းများသည် ရှေ့နေကျင့်ဝတ်သိက္ခာနှင့် မညီပါ။

(၁၉၆၈ ၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ- ၂၀၈)

သေကြောင်းထောက်ခံစာ

မိမိအမှုသည်အမှန်တကယ်မသေဆုံးဘဲ သေဆုံးကြောင်း ထောက်ခံစာလိမ်လည်တင်သွင်းခြင်း၊ စာရွက်စာတမ်းအတုပြုလုပ်၍ လိမ်လည်တင်ပြခြင်း၊ ရှေ့နေအချင်းချင်း အပုတ်ချခြင်း၊ မမှန်မကန်ပြောဆိုခြင်း၊ တရားသူကြီးနှင့်ပေါင်း၍ မမှန်မကန်ဆောင်ရွက်ခြင်း၊ မိမိအမှုသည်နှင့် ဆန့်ကျင်ဘက်အမှုသည်အား ဆက်သွယ်၍ မမှန်မကန်ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးခြင်း မပြုလုပ်သင့်ပါ။ ဆိုးသောရှေ့နေမဖြစ်သင့်ပါ။

အမှုပွဲစား

အမှုပွဲစားထား၍ မိမိရရှိသော အခကြေးငွေထဲမှ ရာခိုင်နှုန်း မည်၍မည်မျှပေးမည်ဟူသော သဘောတူညီချက်မလုပ်သင့်ပါ။ အမှုပွဲစားနှင့် ရှေ့နေပူးပေါင်း၍ ဆိုးသောရှေ့နေ မဖြစ်သင့်ပါ။

သက်သေခံဥပဒေ

သက်သေခံဥပဒေကို တိကျစွာလိုက်နာသင့်သည်။ မမေးသင့်သောမေးခွန်းမမေးရပါ။

(သက်သေခံအက်ဥပဒေပုဒ်မ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂)

တရားရုံးမထီမဲ့မြင်ပြုမှု

တရားရုံးကို မထီမဲ့မြင်မပြုသင့်ပါ။ မမှန်မကန်တင်ပြခြင်း၊ သတင်းစာမှ စကားဦးသန်း၍ ကြေညာခြင်းစသည့် ဥပဒေမဲ့လုပ်ရပ်များ မလုပ်သင့်ပါ။ ရှေ့နေကောင်းပီသသင့်ပါသည်။

သက်သေအတု

သက်သေအား တံစိုးလက်ဆောင်ပေးပြီး မုသားသက်သေသုံးခြင်း၊ အတုဖန်ဆင်းခြင်းမပြုအပ်ပါ။

(၁၉၇၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၈)

လွဲမှားသော မျှော်လင့်ချက်

"မိမိအမှုသည် ဘက်က မှားယွင်းနေပါလျက် မုချအမှုနိုင်ရမည်" ဟု ရှေ့နေက ကတိပေးခြင်းမျိုး မပြုလုပ်အပ်ပါ။ လိမ်လည်ပြောဆိုစေခြင်း မတိုက်တွန်းသင့်ပါ။ ဥပဒေနှင့်အညီသာ ကုစားပေးရန် ဖြစ်သည်။ လွဲမှားသော မျှော်လင့်ချက်မပေးအပ်ပါ။

ရှေ့နေအချင်းချင်းနှင့်အမှုသည်များအပေါ်မေတ္တာထား

ရှေ့နေအချင်းချင်း တစ်ဦးအပေါ်တစ်ဦးဂုဏ်တုဂုဏ်ပြိုင်သဘောဖြင့် ရန်သူသဖွယ် မဆက်ဆံသင့်ပါ။ တစ်ဦးနှင့်တစ်ဦး မကောင်းသတင်းပြော၊ မဟုတ်မတရားစွပ်စွဲ၊ မမှန်မကန်တိုင်ကြား ၊ မပြုလုပ်အပ်ပါ။ အမှန်တရားမြတ်နိုးရမည်။ အမှုသည်များအပေါ် မေတ္တာထားကြရမည်။ ကိုယ်ချင်းစာတတ်ရမည်။ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းကြရမည်ဖြစ်သည်။

မဟတ္တမဂန္ဒီ၏ မေတ္တာဥပဒေသ

၁၈၆၉ အောက်တိုဘာလ ၂ ရက်နေ့တွင် မွေးဖွား၊ ရာဂျ်နို့တွင် အထက်တန်းအောင်ပြီး ၊ လန်ဒန်သို့သွား၍ ဥပဒေပညာသင်ကြားခဲ့သော မဟတ္တမဂန္ဒီသည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက်၊ အကြမ်းမဖက်ရေး မူဝါဒကိုစွဲကိုင်၊ တိုက်ပွဲဝင်ခဲ့သူ မဟာသူရဲကောင်းကြီးဖြစ်ကြောင်း ကျွန်တော်မှတ်သား၊ ဖတ်ရှုဖူးသည်။ သေသည်အထိအစာမစားဘဲ ဥပုသ်စောင့်ကာ မေတ္တာတရား၊ ခွင့်လွှတ်ခြင်းဥပဒေကိုလက်တွေ့ပြသခဲ့သော ဥပဒေ ပညာရှင်ကြီးတစ်ဦးဖြစ်ပါပေသည်။ မဟတ္တမဂန္ဒီက-

"သဘာဝရဲ့ ဥပဒေသတွေဟာ အပြောင်းအလဲမရှိဘူး။ ပြောင်းလဲလို့လည်း မရဘူး။ ဥပဒေနဲ့ဥပဒေပြဋ္ဌာန်းသူဟာ တစ်ယောက်ထဲပဲ။ ချစ်ခြင်းမေတ္တာကိုတော့ ဥပဒေနဲ့ပြဋ္ဌာန်းလို့မရသလို ထုတ်လုပ်လို့လည်းမရဘူး" ဟု ပြောကြားခဲ့သည်။

[ဂန္ဒီနီတိ၊ စာ-၂၆၃ ၊ အောင်အေးနှင့်ဇေရတုဘာသာပြန်]

အကြံပြုတင်ပြချက်

အစာမစားဘဲ ဥပုသ်စောင့်ကာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းအနစ်နာခံခဲ့သော ဥပဒေပညာရှင် မဟတ္တမဂန္ဒီကြီးကဲ့သို့ စွန့်လွှတ်စွန့်စား မလုပ်နိုင်သော်ငြား၊ ဥပဒေ ပညာရှင်ဖြစ်ပါလျက်အမှုသည်များ၊ ပြည်သူများအပေါ် စေတနာမေတ္တာမထား၊ ဆိုးရွားသောရှေ့နေမဖြစ်ဖို့တော့ လိုအပ်မည်ဖြစ်ပါကြောင်း။

အစာမစားဘဲ ဥပုသ်စောင့်ကာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းအနစ်နာခံခဲ့သော ဥပဒေပညာရှင် မဟတ္တမဂန္ဒီကြီးကဲ့သို့ စွန့်လွှတ်စွန့်စားမလုပ်နိုင်သော်ငြား၊ ဥပဒေပညာရှင်ဖြစ်ပါလျက် အမှုသည်များ၊ ပြည်သူများအပေါ် စေတနာမေတ္တာမထား၊ ဆိုးရွားသောရှေ့နေမဖြစ်ဖို့တော့ လိုအပ်မည်ဖြစ်ပါကြောင်း

တန့်ယန်းမြို့နယ်တွင် မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေ

တန့်ယန်း ဧပြီ ၅

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ယူကာ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် မြို့တွင်းလမ်းများ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၆)ရပ်ကွက်ရှိ တန့်ယန်းမှ နောင်လိုင်ကျေးရွာသို့ အဓိကဆက်သွယ်သွားလာနေသည့် ဝိန်းလောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို စံချိန်စံညွှန်းများပြည့်မီစွာ ဆောင်ရွက်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစံအေးနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ်သိန်း ၈၀ အကုန်အကျခံကာ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ ကတ္တရာထပ်ပိုးလွှာ ခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

နိုင်ငံ၏ ပထဝီအနေအထားနှင့် နိုင်ငံ့စွမ်းအားအရ နိုင်ငံတော် ကာကွယ်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ချမှတ်ကျင့်သုံးလျက်ရှိ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံ့ချီ စိုးဝင်း ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ် (မြဝတီ)

နေပြည်တော် ဧပြီ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၁၁၉) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံ့ချီ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအားစစ်ဆေးကာ ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၉)သီဟတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်၊ ၁၁၂ ဗိုလ်လောင်းမင်းအောင်အား ငွေဓားဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်အတွက် မျိုးဆက်သစ်များအားသစ်လောင်းသော နေ့တစ်နေ့ဖြစ်ကြောင်း၊ "တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်" ဆိုသည့်ရည်ရွယ်ချက်နှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)က လေ့ကျင့်မွေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကို ဘက်ပေါင်းစုံက ကာကွယ်နိုင်ရန် ပြည်သူက အားကိုးရသည့် တပ်မတော်ဖြစ်ရန်အတွက် တပ်မတော်သည် စွမ်းရည်ရှိသော တပ်မတော် Standard Army ဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်ကို Standard Army ဖြစ်အောင် တည်ဆောက်ရာတွင် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားမြင့်မားရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားအောင် တပ်မတော်သားတစ်ဦးချင်းနှင့် တပ်ဖွဲ့လိုက် ကျန်းမာကြံ့ခိုင်မှု မှအစ စစ်ဆင်မှုအတတ်ပညာအဆုံးတို့ကို အကြိမ်ကြိမ်အဖန်ဖန် ထပ်တလဲလဲ လေ့ကျင့်ခြင်းဖြင့် ကျွမ်းကျင်မှု (Skill) ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားမြင့်မားရန်အတွက် ခေတ်မီစစ်လက်နက်ပစ္စည်းကိရိယာနှင့် နည်းပညာများကို လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြင့် ပေါင်းစပ်ပြီး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ကို အပြည့်အဝလုံခြုံအောင် ကာကွယ်နိုင်ရန်အတွက် တစ်ရက်၊ တစ်မနက် တည်းဖြင့် တပ်မတော်ကို တည်ဆောက်၍မရနိုင်ဘဲ Revolution in Military Affair (RMA) ဟုခေါ်သော ပြောင်းလဲနေသည့် စစ်ဘက်နည်းပညာများ၊ ပတ်ဝန်းကျင်နိုင်ငံ တပ်မတော်များ၏ လက်နက်၊ ခဲယမ်း၊ ယာဉ်၊ ယန္တရားဖြည့်ဆည်းမှုများအပေါ် မျက်ခြည်မပြတ်အကဲခတ်ပြီး စဉ်ဆက်မပြတ် တပ်မတော်ကို တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ ရဲဘော်တို့အနေဖြင့်လည်း ကျရာတာဝန်အလိုက် RMA ကိုလည်း လေ့လာမှတ်သားပြီး သုံးသပ်အကြံပြုတင်ပြကြရန် လိုအပ်ကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ခေတ်အဆက်ဆက်တွင် ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဒီမိုကရေစီစနစ်ကို လိုလားတောင့်တခဲ့ကြသည့် ပြည်သူလူထု၏ဆန္ဒကို ဖော်ဆောင်နိုင်ရန် ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အတည်ပြု ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကိုကျင်းပပေးခဲ့ပြီး ဒီမိုကရေစီစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်အောင် ပထမခြေလှမ်းစတင်ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် ဒီမိုကရေစီဒုတိယခြေလှမ်းအတွက် ၂၀၁၅ ခုနှစ်မှာ Free and Fair ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှေ့ဆက်ပြီး ဒီမိုကရေစီစနစ်ကို အခြေတည်ခိုင်မာသည်ထက် ခိုင်မာအောင် ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော်၏ မွန်မြတ်သောသမိုင်းကြောင်း အစဉ်အလာကောင်းများကိုလည်း တပ်မတော်သားအားလုံးက တာဝန်သိစိတ်နှင့် ဆက်လက်စောင့်ထိန်းလိုက်နာသွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ရင့်သန်ခိုင်မာရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ လက်နက်စွဲကိုင်ပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်၍ မရနိုင်ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို လက်ခံပြီး NCA မှတစ်ဆင့် Political Dialogues ကို ဆက်လက်ဆွေးနွေးသွားနိုင်လိမ့်မည်ဟုလည်း တပ်မတော်က ယုံကြည်ချက်ထားရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီး Political Dialogues တွင် ပါဝင်လာကြမည်ဟုလည်း ယုံကြည်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် ဥပဒေဘောင်အတွင်းက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်ပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက်လည်း တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်နှင့်အညီ အမြဲတမ်း ကြိုဆိုလျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ၏ပထဝီအနေအထားနှင့် နိုင်ငံ့စွမ်းအားအရ နိုင်ငံတော် ကာကွယ်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်နိုင်ရန်အတွက်ဆိုလျှင် ပြည်သူလူထုအလွှာအသီးသီးအားစည်းရုံးပြီး အသွင်ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်နှင့် ဆောင်ရွက်လာကြမည့် မည်သည့်အန္တရာယ်မျိုးကိုမဆို ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွေ့ပါသည့် တပ်ပြင်စည်းရုံးမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသည့် စစ်မှုရေးရာနှင့် စစ်လက်နက်၊ အတတ်ပညာများကို ခေတ်နှင့်အညီ သိရှိပြီး ဆက်စပ်တွေးခေါ် လုပ်ကိုင်နိုင်သော ခေါင်းဆောင်ကောင်းများ ဖြစ်အောင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆောင်ရွက်သွားကြရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှုနှင့် အမိန့်နာခံမှုကောင်းပြီး စစ်ဘက်၊ နယ်ဘက်ဥပဒေများကို လေးစားလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ရဲဘော်ရဲဘက်ချင်းအပေါ် မှန်ကန်သည့်သစ္စာစောင့်သိသော ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်မတော်၏မွန်မြတ်သည့် အစဉ်အလာကောင်းများကို အသက်ပေးကာကွယ်စောင့်ရှောက်ရင်း မိမိလက်အောက်နှင့် အထက်တပ်မှူးများက ယုံကြည်အားထားရသော ခေါင်းဆောင်ကောင်းများဖြစ်အောင် ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့်အညီ ကျင့်ကြံနေထိုင်ကြိုးစားသွားကြရန်၊ စစ်သည်တော် ကျင့်ဝတ်များကို လေးစားလိုက်နာပြီး တပ်တွင်းတပ်ပြင် စည်းရုံးရေးကို ခိုင်မာအောင် တည်ဆောက်ကာ နိုင်ငံတော် ကာကွယ်ရေးအတွက် ကျရာအခန်းကဏ္ဍက ကျေပွန်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(မြဝတီ)

တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် ဧပြီ ၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

ဒီအခြေအနေနဲ့သွားရင် အခု ၂၀၁၆ အကုန်တောင် အောင်မြင်မှုတွေရနိုင်တယ်လို့ မြင်တယ်။ မြန်မာပြည်ရဲ့ စီးပွားရေးဆိုရင်တော့ မြင်သာထင်သာရှိအောင် လုပ်နိုင်ပါလိမ့်မယ်။

* ကျော်ဖုံးမှ

ဒါပေမယ့် မရဘူး။ လုပ်ဖော်ကိုင်ဖက်တွေ အများစုဖြစ်တဲ့ ဦးအောင်ရွှေတို့၊ ဦးကြည်ဝင်းတို့ လူသိုက်တွေပေ့ါ။ အများကြီးပါပဲ။ ကျွန်တော်တို့ တပ်မှူးဟောင်းတွေပေ့ါ။ နာမည်တော့ မတပ်ရသေးဘူး။ အစုအဝေးကဖြစ်နေပြီ။ ဒေါ်အောင်ဆန်းစုကြည်ဘက်မှာလည်း ဦးဝင်းတင်တို့ ဦးမိုးသူတို့ စသည်ဖြင့် သူ့အစုလေးနဲ့သူ ဖြစ်နေတယ်ပေ့ါ။ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ ဩဂုတ်လ ၂၄ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ ထွက်လိုက်တယ်။ အဲဒီတော့ ကျွန်တော်တို့ကလည်း စုစည်းမိသွားပြီဖြစ်တော့ မိုးကောင်းဘုရားမှာ ပွဲတစ်ပွဲလုပ်လိုက်တယ်။ အဓိပ္ပာယ်ကတော့ တိုတိုပါပဲ။ ဒီလို အကြမ်းဖက်မှုတွေ၊ သတ်ကြဖြတ်ကြတာတွေကိုတားဖို့၊ ဒီမိုကရေစီအတွက် အေးအေးချမ်းချမ်းလုပ်ကြဖို့ပါ။ ကျွန်တော်ကလည်း တပ်ကနောက်ဆုံးထွက်လာတဲ့လူဖြစ်ပြီးတော့ တာဝန်ကလည်း ကာကွယ်ရေးဦးစီးချုပ်လုပ်ခဲ့ဖူးတော့ ကျွန်တော့်ကို နည်းနည်းလေးရှေ့တန်းတင်တာပေ့ါလေ။ အဲဒီအချိန်အထိ အဲဒီအဖွဲ့က နာမည်မတပ်ရသေးဘူး။ ဟိုဘက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း နာမည်မတပ်ရသေးဘူး။ အစုအဖွဲ့အနေနဲ့ပဲပေ့ါ။ ဒါပေမယ့် ကျွန်တော်တို့က တရားဝင်တော့ မခေါ်သေးပေမယ့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ပေ့ါ။ အဲဒီအဖွဲ့က ခေါင်းဆောင်ဆိုလို့ ခင်ဗျားပဲရှိတယ်ဆိုတော့ ကျွန်တော်လည်း ပါဝင်တာပေ့ါဗျာ။

မေး ॥ ॥ နောက်ပိုင်းမှာ ဘဘက ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်တဲ့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး(ဒီ/ငြိမ်း)အဖွဲ့မှာ ပူးပေါင်းပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့တာ ဘာကြောင့်ပါလဲ။

ဖြေ ॥ ॥ ခုနပြောတဲ့အစုအဖွဲ့လေးတွေ ဖြစ်နေတဲ့အချိန်မှာ ဦးနုက မထွက်သေးဘူး။ ဒါပေမယ့် ဒီမိုကရေစီအရေးအတွက် ရဲရဲဝံ့ဝံ့ ဆောင်ရွက်တာကိုချီးကျူးတယ်။ အဘက အသက်အရွယ်ကြီးရင့်ပြီဖြစ်လို့ လူထုရှေ့ထွက်လာတာကိုတော့ သည်းခံပါ။ ဒီမိုကရေစီအရေးကိုတော့ ထောက်ခံပါတယ်ဆိုတဲ့ ကြေညာချက်ထုတ်ပါတယ်။

အဲဒီအချိန်မှာ ဦးနုက လူထုရှေ့မထွက်သေးဘူး။ မထွက်တော့ သူ့အပေါင်းအသင်းသခင်တွေက ပြောတယ်။ ဒါပေမယ့် ဦးနုက ထွက်မလာသေးဘူး။ အဲဒီတော့ အဲဒီက လူတစ်စုက ကျွန်တော့်အိမ်ကိုလာတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးလိုက်ပါပြောမယ်ဆိုရင် ထွက်ကောင်းထွက်လာပါလိမ့်မယ်။ လာပြောပေးပါဆိုလို့ ကျွန်တော်က ကောင်းပါပြီဗျာဆိုပြီး သူ့အိမ်ရှေ့သွားတော့ အပေါက်ဝရောက်တော့ ဒေါ်မြရီက ထွက်လာပြီး ဒေါနဲ့မောနဲ့ 'ရှင်တို့ဘာလာလုပ်တာလဲ၊ ကျွန်တော့်ယောက်ျား အေးအေးဆေးဆေးနေတာ မနေရဘူး၊ သွား ၊ လာ မနှောင့်ယှက်ကြနဲ့'လို့ ဒီလိုပြောပါတယ်။ ဦးနုက သူ့အိမ်ရဲ့ခေါင်းရင်းမှာ တရားစခန်းနဲ့ အိမ်ငယ်လေးမှာ နေပါတယ်။ သူက အဲဒီအိမ်လေးထဲက ထွက်လာပြီး ဒေါ်မြရီကို 'မပြောပါနဲ့ကွာ'လို့ ပြောပြီး ဘာကိစ္စလဲမေးတယ်။

ကျွန်တော်က အဲဒီအချိန်မှာ မျက်ရည်လေးဝဲတဲတဲကျပြီး 'ကိုကြီးနု မထွက်ရင် မကောင်းပါဘူး။ လူတွေလည်း ကြောက်လန့်နေတယ်။ အားရှိဖို့လိုပါတယ်' လို့ ပြောတော့ အဲဒီမှာသူက 'စဉ်းစားဦးမယ်'လို့ပြောတယ်။ နောက်တော့ လူထုရှေ့ သူထွက်လာတယ်။

အဲဒီနောက်မှာ ဦးနုရဲ့အဝိုင်းအဝန်းအတွင်းက ဗိုလ်မှူးအောင်တို့ ဗိုလ်ခင်မောင်၊ ဝိဓူရ သခင်ချစ်မောင်တို့ သူ့ရဲ့တပည့်တွေဖြစ်တဲ့ ဦးသိန်းစိန်တို့၊ ဦးထွန်းမြင့်တို့၊ ရှေ့နေကြီးသခင်ချစ်တို့ ပါလာတယ်။ တစ်ရက်၊ နှစ်ရက်လောက်ကြာတော့ မန်းဝင်းမောင်ပါလာတယ်။ အဲဒီမှာ အစုအဖွဲ့ဖြစ်သွားပြီ၊ ကျွန်တော်တို့ဘက်က ဦးအောင်ရွှေ၊ ကျွန်တော်ပါတယ်။ ဗိုလ်မှူးကြီး စောမြင့်ပါတယ်။

အဲဒီမှာ တံတားနီကိစ္စအတွက် ကျောင်းသားတွေဖိတ်တယ်။ ဦးနုရယ်၊ ကျွန်တော်ရယ်ကို နာမည်တပ်ဖိတ်တယ်။ နောက် ဦးအောင်ကြီးကိုလည်း ဖိတ်တယ်။ သူကလည်း သူ့စကားအမှားကြောင့် လူထုကိုပြန်စုစည်းဖို့ ပေါက်ချလာတယ်။ မှတ်မိသေးတယ်။ ဦးနုက ဘဝင်နည်းနည်းကျပုံမရဘူး။ သူဝင်လာတဲ့အခါကျတော့ ဦးနုက ကျွန်တော့်ကို သူ့နားမှာကပ်ထိုင်နေ၊ သူ့ဘေးခပ်လှမ်းလှမ်းမှာထားဖို့ အနေအထားမျိုးပေ့ါ။ အဲဒီပွဲမှာ ဦးနုက ဝမ်းပန်းတသာ ရွှင်ရွှင်လန်းလန်းနဲ့ အတော့်ကိုတက်ကြွတယ်။ အဲဒီပွဲ လုပ်ပြီးပြန်သွားပြီး နှစ်ရက်၊ သုံးရက်ပဲကြာမယ်၊ ကျွန်တော်ထင်တယ်၊ ဩဂုတ်လ တတိယပတ်ထင်တယ်။ ကျွန်တော်တို့ဆီ ချိပ်ပိတ်ထားတဲ့ စာလေးတစ်စောင် ထွက်လာတယ်။ ဗိုလ်မှူးအောင် အိမ်မှာခေါ်တဲ့အစည်းအဝေး၊ ကျွန်တော်က ကာကွယ်ရေးဝန်ကြီး၊ ဦးအောင်ရွှေက ပြည်ထဲရေး၊ ဗိုလ်မှူးစောမြင့်က ပြန်ကြားရေး၊ သခင်ချစ်မောင်က အလုပ်သမား၊ လယ်သမား၊ ဦးအောင်က ဘဏ္ဍာရေး စသဖြင့် ဖွဲ့ပြီးပြီဗျ။

အဲဒီအခါကျတော့ လန့်သွားတာပေ့ါ။ အစိုးရဖွဲ့တယ်ဆိုတော့ ဒီလိုတော့ မဖြစ်သေးဘူး ပြောကြဆိုကြပေ့ါ။ ဦးနုကလုပ်ရင် အဲဒီလိုပဲ လုပ်တတ်တယ်။ ကျွန်တော်တို့ကို မပြောဘူး။ အဲဒီလိုစင်ပြိုင်လုပ်ရင်တော့ တပ်က ခံမှာမဟုတ်ဘူး။ အဖမ်းခံရမှာ ဖြစ်မှာတော့ မဟုတ်ဘူးဆိုပြီး တစ်ယောက် တစ်ပေါက်ပေ့ါ။ အဲဒီအချိန်မှာ တံခါးအကွယ်လေးနားမှာ သူငယ်လေးတစ်ယောက်ရပ်နေတယ်။ သူက အင်္ကျီလက်တို၊ ကချင်ပုဆိုးအစိမ်းလေးနဲ့ပေ့ါ။ သူက ကျွန်တော်တို့ပြောတာ ရပ်နားထောင်နေတယ်။ ကျွန်တော်က အဲဒီအိမ်က လက်တို လက်တောင်းခိုင်းတဲ့ ကလေးပဲ အောက်မေ့နေတယ်။

ဦးနုကပြောတာကတော့ တိုတိုပါပဲ။ ပြည်သူ့ဆီကရယူထားတဲ့ တိုင်းပြည်အာဏာကို ပြန်အပ်ရမယ်။ သူ့ကိုပြန်အပ်ပါ။ အပ်ပြီးရင်သူက ရွေးကောက်ပွဲလုပ်ပေးမယ်။ လောလောဆယ် အခြေအနေအရ ဒီလိုဆောင်ရွက်ပေးဖို့အတွက် အစိုးရဖွဲ့စည်းလိုက်သည်ပေ့ါ။ ကျွန်တော်တို့က ဘာမှမပြောဘူး။ အဲဒီမှာ ဦးနုက အောက်မှာစောင့်နေတဲ့ ဦးဗန်ကိုဟောင်းကို အစိုးရအဖွဲ့စာရင်း ကြေညာခိုင်းတယ်။ သူက စကားနှေးတော့ ဖတ်တာနှေးလို့ လူတွေက အားမရဘူး။ ကျွန်တော်က စိတ်မြန်လက်မြန်ဆိုတော့ အဲဒီအချိန်မှာ အဖွဲ့အတွင်းရေးမှူးပုံစံ အကျိုးတော်ဆောင်ဆိုပြီး ခန့်ထားတော့ ကျွန်တော်ဖတ်လိုက်မယ်ဆိုပြီး ဖတ်လိုက်တယ်။

အဲဒီလို ကျွန်တော်ပြောပြီးသွားပြီး အပေါ်မှာပြန်ထိုင်တဲ့အထိ အဲဒီကလေးက အဲဒီမှာပဲ ရပ်နားထောင်နေတယ်။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီး အကုန်လုံးက အားလုံးမသိဘဲလုပ်လိုက်တာ မသင့်တော်ဘူးပြောကြတာပေ့ါ။ အစိုးရဖွဲ့ရင် ပြဿနာပေါ်မှာပဲဆိုတော့ ကျွန်တော်တို့သုံးဦးက ဒါနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ဖို့ မသင့်တော်တဲ့အတွက် အဲဒီမှာ နုတ်ထွက်လိုက်တယ်။ အဲဒီအချိန်မှာ ခုနက တံခါးနားမှာ နားထောင်နေတဲ့ ကလေးက 'အန်ကယ်တို့ဗျာ၊ ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ဒီလိုဖြစ်နေတာ အင်မတန်ကြေကွဲစရာကောင်းတာပေ့ါ'လို့ ပြောတယ်။ အဲဒီကလေးက နောက် ကျွန်တော်စဉ်းစားတော့ မင်းကိုနိုင်ထင်တယ်။

သူ(ဦးနု)တော်တော်တော့ စိတ်မကောင်းဘူး။ နောက် ကျွန်တော့်ကို စကားကို မပြောတော့ဘူး။ ကျွန်တော်သွားကန်တော့တာတောင် စကားမပြောဘူး။ လာခေါ်တုန်းက ကျွန်တော်က လာခေါ်တယ်။ ပြီးတော့ ကျွန်တော်က ထွက်တယ်ဆိုတော့ သူသိပ်ပြီး ဘဝင်တော့ကျမသွားဘူးပေ့ါ။ နောက်တော့ ဗိုလ်မှူးအောင်အိမ်နဲ့ သူ့အိမ်မှာ အစည်းအဝေးထိုင်ပြီးတော့ ပါတီတစ်ခုဖွဲ့လိုက်တယ်။ အတွင်းရေးမှူးအနေနဲ့ ကျွန်တော့်ကိုပေးတယ်။ နောက်မှ အမည်ပေးတော့ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးပါတီ(ဒီ/ငြိမ်း)ပေ့ါ။ ကျွန်တော်တို့ဘက်ကလည်း မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ဖွဲ့ပြီး ရုံးတွေ၊ ဆိုင်းဘုတ်တွေနဲ့ ဖွင့်တယ်။ ဥက္ကဋ္ဌက ဦးအောင်ရွှေ၊ ဒုတိယဥက္ကဋ္ဌက ကျွန်တော်ပေ့ါ။ တစ်နေ့ကျတော့ ဦးနုက ကျွန်တော့်ကိုခေါ်တယ်။ သူ့အိမ်မှာပဲ၊ နောက် စာရွက်ကလေးတစ်ရွက်ကို ထပ်ရေးတယ်။ ချိပ်ပိတ်ပြီး ကျွန်တော့်ကိုပေးတယ်။ နောင်ခါကျမှ ဖောက်ဖတ်ပါ။ ခု လောလောဆယ် သိမ်းထားပါလို့ ဒီလိုပြောတယ်။ နောင်ဖွင့်ဖတ်တော့ တခြားမဟုတ်ပါဘူး 'သူ အစိုးရဖွဲ့စည်းသည့် ကိစ္စအားလုံးသည် ကျွန်တော့်ဆုံးဖြတ်ချက်ကြောင့် လုပ်တာပါ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်အားလုံးတာဝန်ယူပါသည်'ဆိုတဲ့ စာပါပဲ။ အဲဒီစာက သမိုင်းဝင်ပါပဲ၊ နောက်ပိုင်းအိမ်တွေ ဘာတွေလာရှာတော့ မရှိတော့ပါဘူး။

တစ်နေ့မှာ ဂါဒီယန် ဦးစိန်ဝင်းက လက်ဖက်ရည်သောက်ကြရအောင်ဆိုပြီး ဖိတ်တယ်။ ဟိုရောက်တော့ ဗိုလ်ချုပ်အောင်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့တယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ကို သိသွားတယ်။ အဲဒီ မတိုင်မီ တစ်ခုရှိသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်မသိသေးဘူး။ အဲဒါဘာလဲဆိုတော့ သတင်းစာရှင်းလင်းပွဲ ဆေး-၁ မှာ လုပ်တယ်။ အဲဒီမှာ စင်ပေါ်မတက်သေးဘဲ အောက်မှာ ထိုင်နေတော့ မိန်းကလေးတစ်ယောက်က ကျွန်တော့်ညာဘက်မှာ ထိုင်နေတယ်။ သူက ကျွန်တော့်ကို 'အန်ကယ် ကျွန်မတို့ကိုခေါ်တာ ဘာကြောင့်ခေါ်တာလဲ'တဲ့ ကျွန်တော်ကလည်း အတွေးကခေါင်ဘာမှန်းလည်းမသိတော့ စိတ်ကညစ်နဲ့ 'ဘယ်သိမလဲဗျာ။ ကျွန်တော့်ကို ခေါ်လို့ ဒီရောက်တာပဲ။ ကျွန်တော်မသိဘူး။ လာပါဆိုလို့သာ လာရတာ'လို့ ခပ်ကြမ်းကြမ်းပြန်ပြောတော့ သူလန့်သွားတယ်။ အဲဒါကို သူခဏခဏ အမြဲတမ်းပြန်ပြောတယ်။ နောက်မှ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်အောင်ဆန်းသမီးဆိုတာ သိလိုက်ရတယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ် မြင်ဖူးတာ။ အဲဒီပွဲမှာ ဦးနုရယ်၊ ကျွန်တော်ရယ်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ရန်နိုင်၊ ဘီဘီစီထွေးမြင့်၊ ဦးဗန်ကိုဟောင်း၊ ဗိုလ်ချုပ်အောင်ကြီးရယ်ထိုင်ပြီး အဆင်သင့်ဖြစ်တဲ့အခါမှာ ၈၈ အရေးတော်ပုံ ကျောင်းသားခေါင်းဆောင်တွေ၊ ကျောင်းသားကျောင်းသူတွေ စကားပြောတယ်။

ကလေးမလေးတစ်ယောက်က တုန်တုန်ရီရီနဲ့ထပြီး ဘဘတို့ရယ်၊ ကျွန်မတို့လုပ်လာတာ သွေးမြေကျပေမယ့် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ မသိပါဘူး။ ဒါကြောင့်မို့ အဘတို့ ညီညီညွတ်ညွတ်နဲ့ ဦးဆောင်ပြီးတော့ လုပ်ပေးပါလို့ ပြောတယ်။ အဲဒီအချိန်မှာ ဦးနုက နိုင်ငံရေးသမားဆန်ဆန် 'ညည်းတို့က အစကတည်းက မပြောဘူး။ အခုမှ ကပ်ပြောတော့ တို့ကဘယ်လိုလုပ်ရမှာလဲ' လို့ ငေါက်လိုက်တယ်။ ကလေးမလေးတွေ လန့်သွားပြီး တချို့ ဝမ်းနည်းပြီး ငိုကြတယ်။ နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ ကျွန်တော်ရယ်၊ ဗိုလ်ချုပ်အောင်ကြီးရယ် တွေ့ဆုံကြပြီး "အောင်စုတင်"ဆိုပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ဖွဲ့ခဲ့ကြတယ်။ ဦးအောင်ကြီးက ဥက္ကဋ္ဌ၊ ကျွန်တော်က ဒုတိယဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်က အတွင်းရေးမှူးပေ့ါ၊ နောက်ပိုင်း ဦးအောင်ကြီးထွက်သွားပြီး ကျွန်တော်က ဥက္ကဋ္ဌပေ့ါ။ ဥက္ကဋ္ဌမရှိတော့ ဒုတိယဥက္ကဋ္ဌတက်လုပ်ရတာပေ့ါ၊

မေး ॥ ॥ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘဘတို့ အပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များနဲ့ အင်န်အယ်လ်ဒီပါတီအနေနဲ့ မြန်မာ့နိုင်ငံရေးသမိုင်းရေစီးထဲမှာ ခယောင်းလမ်းကို ဖြတ်သန်းခဲ့ရပြီးတဲ့နောက် မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူနိုင်ခဲ့တော့ အဲဒီအခမ်းအနားမှာ ဘဘအနေနဲ့ စိတ်ခံစားချက် ဘယ်လိုရှိပါသလဲ။

ဖြေ ॥ ॥ ရွေးကောက်ပွဲမှာ သန့်သန့်ရှင်းရှင်းလုပ်မယ်လို့ ပြောထားပေမယ့် ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ထဲရှိခဲ့တာပေ့ါ။ ဒါပေမယ့် ဖြစ်မြောက်သွားတယ်။ အောင်မြင်သွားတယ်။ ငြိမ်းချမ်းသွားတယ်။ တစ်ကမ္ဘာလုံးကလည်း ချီးကျူးကြတယ်။ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူရတော့ ဝမ်းသာတာပေ့ါ။ တပ်မတော်အနေနဲ့လည်း ပြည်သူလူထုရဲ့ ဆန္ဒနဲ့တစ်ပြေးညီ ဖြစ်အောင် ကြိုးစားစေချင်တယ်။

မေး ॥ ॥ အသက် ၄၇ နှစ်အရွယ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်ခဲ့တော့ ဘဘရဲ့ တပ်မတော်အပေါ်ထားတဲ့ သဘောထားကို သိချင်ပါတယ်။

ဖြေ ॥ ॥ တပ်မတော်က ကျွန်တော့်ရဲ့ အသည်းနှလုံးပေ့ါ။ တပ်မတော်ကို မချစ်ဘူးလားမေးရင် ချစ်တယ်။ ဒါပေမယ့် ပြည်သူကိုပိုချစ်တယ်။ ဒါပါပဲ။ လက်နက်ရှိလို့ ငါစစ်သား. . ॥ ငါစစ်သားလို့ မထင်ရဘူး။ သူတို့ (စစ်သား) လည်း ပြည်သူလူထုပဲ။ မွေးကတည်းက ဘယ်သူကများ လက်နက်ကလေးနဲ့ ပါလာလို့လဲ။ စည်းနဲ့ကမ်းနဲ့ လုပ်ရတာပဲ။ ကျွန်တော်က စစ်တပ်ကို မချစ်ဘဲနေမလား။ ကျွန်တော့် တပ်မတော်ပဲ။ ကျွန်တော် ၁၆ နှစ်သားကတည်းက လုပ်လာတာ။ စစ်တပ်ထဲမှာ ၃၃ နှစ် လုပ်ခဲ့တာ။ ကျွန်တော့်တပ် ကျွန်တော်ချစ်တာပေ့ါ။ ကျွန်တော်စစ်တပ်ထဲမှာနေတုန်းက ကြားခဲ့တာ ပြည်သူသည် အမိ ပြည်သူသည် အဖ ဆိုပြီးတော့ပဲ ကျွန်တော်ကြားခဲ့တာ။

မေး ॥ ॥ လက်ရှိအစိုးရသစ်အတွက် နိုင်ငံရေးအရ အဓိကစိန်ခေါ်မှုက ဘာဖြစ်မယ်လို့ ထင်မြင်မိသလဲ။

ဖြေ ॥ ॥ နံပါတ်တစ်ကတော့ တိုင်းပြည်နဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးလုပ်ဖို့က အရေးကြီးတယ်။ အပစ်အခတ် ရပ်စဲရေးကတော့ ရပ်ကိုရပ်ရမယ်။ အပစ်အခတ်ရပ်ပြီးတာနဲ့ တစ်ပြိုင်တည်း သူ့အကျိုး ကိုယ့်အကျိုးကို မျှမျှတတကြည့်ပြီး လုပ်ပေးရမယ်။ သိပ်ကိုကြီးမားတဲ့ အကြောင်းအရာတွေကိုတော့ နားလည်မှုယူရမယ်။ ရင်ဆိုင်ရမယ်။ ဒါကို ပထမဆုံး အဖြေရှာရမယ်။

နောက်တစ်ခုက Rule of Law (တရားဥပဒေစိုးမိုးရေး) ဖြစ်ဖို့။ ဒါက သိပ်အရေးကြီးတဲ့ကိစ္စ။

မေး ॥ ॥ အစိုးရသစ်အနေနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေး လုပ်ဆောင်မယ်ဆိုတော့ all inclusive ပါဝင်အောင် လုပ်ဆောင်နိုင်ပါ့မလား။

ဖြေ ॥ ॥ အမှန်ကတော့ all inclusive ဖြစ်မှ ရမှာပဲ။ all inclusive ဖြစ်ဖို့လည်း ကြိုးစားရမှာပဲ။ နိုင်ငံတကာမှာတော့ all inclusive မရဘူး။ ဒါပေမယ့် ရှိသင့်ရှိထိုက်တဲ့ inclusive ဖြစ်အောင် လုပ်ဖို့လိုတယ်။ ကျွန်တော်ကတော့ အေးချမ်းချင်တယ်။ နောင်လာနောက်သားတွေအတွက် မှားခဲ့တဲ့အမှားတွေကို ထပ်ပြီးမမှားစေချင်ဘူး။ ငြိမ်းချမ်းရေးဆိုတာ မြင်သွားချင်တယ်။

မေး ॥ ॥ ဒေါ်အောင်ဆန်းစုကြည်အပေါ် ဘဘရဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်ချက်က လက်ရှိအချိန်မှာရော ပြောင်းလဲမှုရှိသေးလား။

ဖြေ ॥ ॥ ဒေါ်အောင်ဆန်းစုကြည် ဝင်လာကတည်းက အာဏာယူဖို့ စကားတွေ ပြောခဲ့တာမဟုတ်ဘူး။ ဒီတိုင်းပြည်အပေါ်မှာ ချွတ်ခြုံကျနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်နဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဒါတွေကိုလုပ်ပေးနိုင်ရင် ကျေနပ်တယ်ဆိုတာမျိုးပဲ။ ဒါပေမယ့် သူ့ကိုပဲ ဦးတည်ချက်ထားပြီး နိုင်ငံရေးလောကထဲက ဖယ်ပစ်နေသလို လုပ်တယ်။ သူက ဒါကို မကျေနပ်တာ။ ဒေါ်အောင်ဆန်းစုကြည် ဒီအမျိုးသမီးရဲ့ သတ္တိကတော့ လူလေးသေးသေးလေးကို နည်းတဲ့သတ္တိမဟုတ်ဘူး။ သူရသတ္တိရော၊ စိတ်ဓာတ်ခွန်အားသတ္တိရော နှစ်ခုလုံးရှိတယ်။ အဖေသွေးရော အမေသွေးရောပါလာတယ်လို့ ပြောလို့ရတယ်။ အဖေ အမေဆီက အကောင်းစားတွေ ရထားတာပဲ။ ပါတီအပေါ် ကျွန်တော့်ယုံကြည်ချက် မပြောင်းဘူး။

မေး ॥ ॥ လက်ရှိနိုင်ငံတော် သမ္မတဦးထင်ကျော်အပေါ်ကိုရော ဘဘ အနေနဲ့ ဘယ်လောက်အထိ မျှော်လင့်ထားပါသလဲ။

ဖြေ ॥ ॥ သူက လူတော်ပါ။ ပြောနိုင်တယ်။ ဆိုနိုင်တယ်။ နိုင်ငံတကာနဲ့ ပြေလည်အောင် ဆက်ဆံနိုင်တယ်။ ဦးမင်းသုဝဏ်ကိုယ်တိုင်က သူ့သားတွေကို ကောင်းကောင်း လေ့ကျင့်ပေးခဲ့တာ။ သဘောထား၊ ပင်ကိုစိတ်ထား ဒါတွေ အကုန်ရှင်းတယ်။ ဒါတွေကို ကျွန်တော် ကောင်းကောင်းသိတယ်။ သူကနားမလည်ရင် နားမလည်ဘူးပြောတယ်။ သူနားလည်ရင် အကုန်လုပ်ပေးတယ်။ သူက ဆရာကောင်း သမားကောင်းတွေ ရခဲ့တယ်။ စကားပြောရင် ကျွန်တော့်ထက်ပျော့ပျောင်းတယ်။ ကျွန်တော်ကသာ စစ်သားဖြစ်လို့ တစ်ခါတစ်ခါ ဒေါသစိတ်နဲ့ပြောရင် ပြောတတ်တာ။

မေး ॥ ॥ အခု အစိုးရသစ်က မြန်မာနိုင်ငံအတွက် ဘယ်လောက် ပြောင်းလဲပေးနိုင်မယ်လို့ ယုံကြည်ပါသလဲ။

ဖြေ ॥ ॥ ဒီအခြေအနေနဲ့ သွားရင် အခု ၂၀၁၆ အကုန်တောင် အောင်မြင်မှုတွေရနိုင်တယ်လို့ မြင်တယ်။ မြန်မာပြည်ရဲ့ စီးပွားရေးဆိုရင်တော့ မြင်သာထင်သာရှိအောင် လုပ်နိုင်ပါလိမ့်မယ်။

မေး ॥ ॥ မြန်မာ ပြည်သူ ပြည်သားတွေကို ဘဘအနေနဲ့ ဘာများ အမှာပါးချင်ပါသလဲ။

ဖြေ ॥ ॥ အားလုံးကတော့ဗျာ လွတ်လပ်ရေးရကတည်းက ဘာအရသာမှ မခံစားခဲ့ရဘူး။ ပါလီမန်ခေတ်မှာလည်း လေးနှစ်လောက်ပဲ။ နောက်ပိုင်းကျတော့လည်း လက်နက်ကိုင်ပဋိပက္ခဖြစ်နေတာ တောက်လျှောက်။ ပါတီကြီးနှစ်ခုက လာတုန်းကတော့ ချစ်ချစ်ခင်ခင်နဲ့ လက်တွဲပြီး တောက်လျှောက်လုပ်ခဲ့ကြတာဗျာ။ နောက်ပိုင်းကျတော့ တိုင်းပြည်ထူထောင်ဖို့ တစ်ယောက်ကလည်း ဒါမှဒါ။ နောက်တစ်ယောက်ကလည်း ဒါမှဒါနဲ့ သွားလိုက်ကြတာ။ မြန်မာပြည်ကို မြေပုံပေါ်တင်လိုက်ရင် ရန်ကုန်တစ်ခုပဲ ကျန်တယ်။ ဒါတောင် ရန်ကုန် လှိုင်အောက်ဘက်ဆို အင်းစိန်နားနီးလို့ ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့၊ ကျွန်တော် သိပ်ဝမ်းနည်းတာ။ ကျွန်တော် ကျောင်းသားဘဝတုန်းက သိပ္ပံဘာသာတွဲယူပြီး ဆရာဝန်သိပ်ဖြစ်ချင်ခဲ့တာ။ စစ်ကြီးဖြစ်သွားတဲ့အချိန်မှာ ဂျပန်တွေဝင်လာပြီး အင်္ဂလိပ်စာတွေ အကုန်ဖျက်ပေ့ါ။ နောက် အင်္ဂလိပ်တွေ ပြန်ဝင်လာတော့ လွတ်လပ်ရေးအတွက် ဆက်တိုက်ရန်နဲ့ အကြောင်းတွေ မညီညွတ်တော့ဘူး။ တစ်ချိန်လုံး ကျွန်တော်ကြီးပြင်းခဲ့ရတာ အမြောက်ဆန်၊ ဗုံးဆန်၊ သေနတ်သံ၊ ကျည်ဆန်တွေနဲ့ပဲ ကျွန်တော်ကြီးပြင်းခဲ့ရတဲ့အတွက် ကျွန်တော်မြန်မာစာ သိပ်မတတ်ဘူး။ စာရေးမကောင်းဘူးပေ့ါ။ အင်္ဂလိပ်စာလည်း မတောက်တခေါက်ပဲ။ ကျွန်တော်တို့ ရခဲ့တာကတော့ နှက်မယ်၊ ဆော်မယ်၊ ပစ်မယ်ဆိုတာမျိုးတွေပဲ ရခဲ့တာ။ ဒါတွေနဲ့ပဲ ကြီးပြင်းလာခဲ့တာ။ စစ်ထဲမှာ ၃၃ နှစ်နေခဲ့တာဗျာ။ တကယ်လို့သာ ဟိုတုန်းကတည်းက တိုင်းပြည်အေးချမ်းခဲ့ရင် ကျွန်တော်ပညာရပ်တွေ လုပ်နိုင်မှာ။ တိုင်းပြည်အတွက် အလုပ်တွေလည်း ဒီလောက်လုပ်စရာမလိုဘူး။ အခုတော့ မပြီးမချင်း လုပ်နေရတာ။

(ဟုတ်ကဲ့. . ဖြေကြားပေးတဲ့ ဘဘကို ကျေးဇူးအများကြီးတင်ပါတယ်)

တာချီလိတ်မြို့နယ်တွင် ကဖင်း ၄၄၀၀ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၆

တပ်မတော် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၅ ရက် ညပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ကျေးရွာအနီး စစ်ဆေးရေးဂိတ် ကွင်းရှောင်လမ်းဆုံ၌ စိုင်းအွန်ကျောက်မောင်းနှင်ပြီး အိုက်အွန်လိုက်ပါလာသည့် ထော်လာဂျီယာဉ်ကို ရှာဖွေစဉ် ကဖင်း ၂၂၅၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ကွင်းဆက်စစ်ဆေးဖော်ထုတ်ရာ ည ၁၀ နာရီတွင် အိုက်ကောင် မောင်းနှင်လာသည့် ထော်လာဂျီယာဉ်မှ ကဖင်း ၂၁၅၀ ကီလိုထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ကဖင်း ၄၄၀၀ ကီလို၊ တန်ဖိုးငွေကျပ် သိန်း ၃၅၂၀ ကို သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ စိုင်းအွန်ကျောက်(ခ)အိုက်ကျောက်၊ အိုက်အွန်နှင့် အိုက်ကောင်တို့သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ဖမ်းဆီးရမိသည့် ကဖင်းများသည် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်၍ အရေးယူလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အလားတူ ဧပြီ ၃ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု၊ ကောင်ဆန်ကျေးရွာ ကံသာဦး ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီအနီး လမ်းမပေါ်၌ အောင်မြင့်နိုင် စီးနင်းလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် တစ်ခွက် အလေးချိန် ၁၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာနေ ကံသာ၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်ကျော်အား တွေ့ရှိရ၍ ကံသာမှာ ထွက်ပြေးလွတ်မြောက်သွားပြီး အိုက်ကျော်ထံမှ စုစုပေါင်း ဘိန်းဖြူ ၅၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅ ပြားတို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မူးယစ်ဆေးဝါးလက်ဝယ်ရောင်းချသူကို အရေးယူ

ဘားအံ ဧပြီ ၆

ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ်ကြီးအောင်ဌေးနှင့် အဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၅ ရက် နံနက် ၅ နာရီက ဘားအံမြို့ အမှတ်(၉) ရပ်ကွက် ဘုရင့်နောင်လမ်းတွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေခဲ့ရာ လမ်း၏ညာဘက်ခြမ်းတွင် နံပါတ်မပါ ဟွန်ဒါဝေ့စ် ဆိုင်ကယ်တစ်စီးနှင့်အတူ ချစ်ကိုအားတွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းဝတ်ဆင်ထားသော အနက်ရောင် ဂျင်းဘောင်းဘီထဲတွင် ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ခြောက်ပြားနှင့် အမည်းရောင် လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ချစ်ကိုအား ဆက်လက်စစ်ဆေးရာ မူးယစ်ဆေးဝါးများကို ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အောင်နန်း(၂) လမ်းနေ သန်းဇော်မိုး၏နေအိမ်မှ သွားရောက် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သန်းဇော်မိုး၏နေအိမ်သို့ ညနေ ၆ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ သန်းဇော်မိုးမှာ နေအိမ်တွင်မရှိဘဲ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ဆေးခြောက် ၃၂ ဒသမ ၆၆ ဂရမ်နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော အရှည်သုံးလက်မရှိ ဝါးရှူပြောင်းအသေးနှစ်ခုတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများကို လက်ဝယ်ထား ဖြန့်ဖြူးရောင်းချသူ ချစ်ကို(၂၀ နှစ်)နှင့် ထွက်ပြေးတိမ်းရှောင်နေသူ သန်းဇော်မိုး (၃၅ နှစ်)တို့ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

စားကိုင်ရမ်းကားနေသူထံမှ မူးယစ်ဆေးဝါးနှင့် လက်ပစ်ဗုံးတစ်လုံးတွေ့ရှိ

ပဲခူး ဧပြီ ၆

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မဇင်း(၁)လမ်းဆုံတွင် ဧပြီ ၅ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က မသင်္ကာဖွယ်လူတစ်ဦးမှ ၄က်ကြီးတောင်စားကို ကိုင်လျက်သွားလာနေကြောင်း သတင်းရရှိသဖြင့် အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်း ဒုရဲအုပ်အောင်နိုင်ဝင်းနှင့်အဖွဲ့ သွားရောက်ပြီး လက်နက်ချအစစ်ဆေးခံရန် ပြောကြားရာ လိုက်နာခြင်းမရှိသဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးရာ ကြည်စိန်(ခ)အညာသား (၄၂ နှစ်) အမှတ်(၂၁၆၄) ဘုရင့်နောင်(၁)လမ်း မဇင်းရပ်ကွက် ပဲခူးမြို့နေသူဖြစ်ပြီး ၎င်းလွယ်ထားသည့် ခါးပတ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အနီရောင်ငါးပြား၊ အစိမ်းရောင်နှစ်ပြား စုစုပေါင်း ခုနစ်ပြားနှင့် အထောက်အထားကတ်များကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ထို့နောက် ၎င်းနေထိုင်သည့် ဘုရင့်နောင်(၁)လမ်း မဇင်းရပ်ကွက်ရှိ ဆောက်လက်စနေအိမ်အား ဆက်လက်ရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ လုံးပတ်ခြောက်လက်မ၊ အမြင့်လေးလက်မခန့်ရှိ စနက်တံပါမီးတိပ်အနက်ဖြင့် ပတ်ထားသည့် လိမ္မော်သီးလက်ပစ်ဗုံးတစ်လုံးနှင့် လက်ကိုင်စကားပြောစက်တစ်လုံးတို့ကို ထပ်မံတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းသည် တိုင်းရင်းသားလက်နက်ကိုင် KNO/KNLA(PC) တပ်ရင်း(၇၀၇) ထိုကော်ကိုကျေးရွာ ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ်မှ တပ်သားအဆင့်ရှိသူတစ်ဦးဖြစ်ပြီး အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ အမှတ် ၃/၁၆၈၊ မြဲဇေယျာရပ်ကွက်နေ ကျွန်မ နှင်းထက်ထက်ဝေ ၉/အမဇ(နိုင်) ၀၄၂၆၁၀၈၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်အောင် ၁၃/သပန(နိုင်)၀၄၃၇၁၈ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးသန်းအောင် ၁၄/ပပတ(နိုင်)၀၇၆၆၇၈နှင့် ဒေါ်မြင့်မြင့်ဌေး ၁၁/သတန(နိုင်)၀၃၀၄၉၉ တို့၏ သား အထက ၂၊ သံတွဲ၊ နဝမတန်း(ခ)မှ မောင်ထက်လင်းအား မောင်ထက်လင်းအောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထက်လင်းအောင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပဲခူးမြို့နယ်တရားသူကြီးရုံး

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၅၁

ဦးဇော်ဇော်အောင် နှင့် ၁။ ဦးဝေဟင်အောင်ဝင်း

၂။ ဦးအောင်သူဖြိုး

၃။ ဦးကျော်ကိုကို

တရားလို တရားပြိုင်များ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၃၂ နေ ဦးဝေဟင်အောင်ဝင်း(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၄)နေ ဦးအောင်သူဖြိုး(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ် ၁၆၁နေ ဦးကျော်ကိုကို(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖိုး ကျန်ငွေ-၆၁၁၄၉၂၄ ရလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၉ရက်(၁၃၇၈ခုနှစ် ကဆုန်လဆန်း ၃ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများရှိပါက သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်သင်း)
မြို့နယ်တရားသူကြီး
ပဲခူးမြို့နယ်တရားရုံး

အဌမအကြိမ်မြောက် လှည်းကူးပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

လှည်းကူးပညာရေးကောလိပ်တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့် (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားလွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက် အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၆ ခုနှစ် မေ ၈ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀နာရီ
ကျင်းပမည့်နေရာ - အာစရိယခန်းမ၊ လှည်းကူးပညာရေးကောလိပ်

ကျင်းပရေးကော်မတီ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၁၆ခုနှစ် ဧပြီ ၁၁ရက် ၂၀၁၆ခုနှစ် ဧပြီ ၂၀ရက်အထိ ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်3G/7075 Nissan Frontiner AHGD.22 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတန် ၁၂/ကတန(နိုင်)၀၃၇၆၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

မွေးသက္ကရာဇ်အမှန်

ကျုံပျော်မြို့နယ်၊ မြဝတီရပ်ကွက်၊ မြို့သစ်ကုန်းလမ်းနေ ဦးတင်မြင့်၏သား ဦးတင်ဝင်းနိုင် ၁၄/ကပန(နိုင်) ၁၂၃၁၆၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၂-၁၉၇၈ ဖြစ်ပါကြောင်း။

သွေးသည်အသက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်နေ
ဦးကျော်ဇေယျ (တိုင်းဦးစီးမှူး(ငြိမ်း) အလုပ်သမားဝန်ကြီးဌာန-ဒေါ်နန်းညွန့်နွယ်
(ဒုညွှန်ကြားရေးမှူး(ငြိမ်း)တို့၏ သားငယ်

မောင်ဝေထွန်း(ခ)အောင်အောင်

Advanced Diploma in Civil Engineering (City & Guilds, UK)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်နေ
ဦးကျော်သူရ (Chief Auditor, Golden Star Company)-ဒေါ်စိုးစိုးမော်
(မြန်မာ့စီးပွားရေးဘဏ်ခွဲ-၃)တို့၏ သမီးကြီး

မငြိမ်းငြိမ်းစိုး(ခ)အငြိမ့်

B.Sc (Chemistry), Diploma in ICT, M.B.A (Assumption University of Thailand)

တို့သည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဝေထွန်း(ခ)အောင်အောင်-မငြိမ်းငြိမ်းစိုး(ခ)အငြိမ့်

7Stars (ရာထူးဝင်သင်တန်းကြီး)
☆ လက်ထောက်ဆရာဝန်
(ပုံမှန်တန်းခွဲများ / အနီးကပ်တန်းခွဲများ)
ကြိုတင်စာရင်းသွင်းအပ်နှံနိုင်ပါပြီ ။
အပြည့်အစုံ စုံစမ်းနိုင်ပါသည်။ နယ်သို့ပို့ပေးသည် ။
တိုက်(18 / 3B)၊ ... ၊ ရန်ကုန်မြို့။
09.789107733, 09.799860155, 09421052736, 09.780080052

ပျောက်ဆုံးကြောင်း

မောင်လင်းလင်းဇော် ၁၁/မအတ(နိုင်)၀၀၅၉၁၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၈၇၅၉၃

အမည်ပြောင်း

ဦးသန်းဝင်း ၁၁/သတန(နိုင်)၀၀၇၁၀၄၏သမီး သံတွဲမြို့ အထက(ခွဲ)မြို့မ သတ္တမတန်း(A)မှ မသော်မွန်ချိုအား မသွန်းရတီစံဟု ပြောင်းလဲခေါ်ပါရန်။

MNL ပွဲစဉ်(၁၀) ရွှေ့ဆိုင်းပွဲစဉ် ယနေ့ ပြန်လည်ကျင်းပမည်

လက်ရှိချန်ပီယံ ရန်ကုန်အသင်းကစားသမားများ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မေ ၆

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၀)၏ ရွှေ့ဆိုင်းပွဲစဉ်ကို မေ ၇ ရက် **(ယနေ့)** ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းတို့၏ ပွဲစဉ်ကို YUSC ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရာသီဥတုအခြေအနေကြောင့် ပုံမှန်ကျင်းပနေကျ ညနေ ၃ နာရီခွဲအစား ညနေ ၄ နာရီသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ယင်းပွဲမှာ မတ်လ တတိယပတ်တွင် ယှဉ်ပြိုင်ရမည့်ပွဲစဉ်ဖြစ်သော်လည်း ရန်ကုန်အသင်း၏ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကြောင့် ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပြီးဆုံးရန် ယခုပွဲစဉ်သာ ကျန်ရှိတော့ပြီး ကျန်အသင်း ၁၀ သင်းစလုံးမှာ ၁၁ ပွဲစီ ကစားပြီးဖြစ်သည်။ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းတို့သည် ၁၀ ပွဲစီ ကစားရသေးပြီး ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်တို့ ရရှိထားသည်။ ယခုပွဲသည် နှစ်သင်းစလုံးအတွက် အဆင့်ရပ်တည်မှုကြီးကြီးမားမား အပြောင်းအလဲရှိ နိုင်မည်မဟုတ်ဘဲ ရန်ကုန်အသင်းအနိုင်ရခဲ့ပါက ထိပ်ဆုံးက ရတနာပုံအသင်းနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ဇွဲကပင်အသင်း အနိုင်ရရှိခဲ့ပါက အဆင့်(၄)နေရာအထိ တက်လှမ်းလာနိုင်မည်ဖြစ်သည်။ ယခုပွဲတွင် ရန်ကုန်အသင်းမှ ကြည်လင်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ဘဲ ဇွဲကပင်အသင်းမှာ အမာခံကစားသမားအများစု ပါဝင်နိုင်မည်ဖြစ်သည်။

ရန်ကုန်နှင့် ဇွဲကပင်အသင်းနှစ်သင်းမှ မည်သည့်အသင်း နိုင်ပွဲပြန်ရှာတွေ့မလဲဆိုတာ. . .။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ဘာစီလိုနာနှင့် ဘိုင်ယန်တို့ အနိုင်ရ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို မေ ၆ ရက် နံနက်က ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်း၌ နိုင်ပွဲကိုယ်စီရခဲ့သည်။

ဘာစီလိုနာနှင့် အက်သလက်တီကိုတို့ပွဲတွင် လာလီဂါအသင်းချင်းတွေ့ဆုံယှဉ်ပြိုင်ရသဖြင့် ဘာစီလိုနာတို့ နိုင်ပွဲရရှိရေး ရုန်းကန်ခဲ့ရပြီး ဦးဆောင်ဂိုးကို အက်သလက်တီကိုတိုက်စစ်မှူး တောရက်စ်က ၂၅ မိနစ်တွင် သွင်းယူပေးခဲ့သဖြင့် ဘာစီလိုနာတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ရသည်။ သို့သော် ၃၅ မိနစ်တွင် တောရက်စ်မှာ နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရသဖြင့် ဘာစီလိုနာတို့ အခွင့်အရေးသာခဲ့သည်။ ပထမပိုင်းအပြီးအထိ ဘာစီလိုနာတို့ ချေပဂိုးမသွင်းနိုင်ဘဲ အက်သလက်တီကို၏ ဦးဆောင်မှုကို ခံခဲ့ရသည်။

ဒုတိယပိုင်း ပွဲစသည်နှင့် ဘာစီလိုနာတို့ ချေပဂိုးရရှိရေးအတွက် မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ တိုက်စစ်အတွဲက အက်သလက်တီကိုဘက်သို့ တရစပ် ထိုးစစ်ဆင်ခဲ့သော်လည်း အက်သလက်တီကို တစ်သင်းလုံး စုပြုံကာကွယ်နိုင်ခဲ့သဖြင့် ဂိုးကံခေခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ဆွာရက်ဇ်က ပယ်နယ်တီစည်းအတွင်း အပိုင်ကန်သွင်း၍ ချေပဂိုးရခဲ့ပြီး ၇၄ မိနစ်တွင် ဆွာရက်ဇ်ကပင် ဒုတိယဂိုးကို ခေါင်းတိုက်သွင်းခဲ့သည်။ **(ယာပုံ)** ဘာစီလိုနာတို့ အိမ်ကွင်း၌ အားသာချက်ရရန် ဂိုးရရှိရေး ထပ်မံကြိုးစားသော်လည်း ပွဲပြီးချိန်အထိ ထပ်မံမသွင်းနိုင်၍ နှစ်ဂိုး- တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့သည်။ ဘိုင်ယန်မြူးနစ်နှင့် ဘင်ဖီကာတို့ပွဲတွင် ဘိုင်ယန်မြူးနစ်မှ ကွင်းလယ်ကစားသမား ဗီဒယ်၏ ပွဲချိန် နှစ်မိနစ်တွင်သွင်းယူသော တစ်လုံးတည်းသောဂိုးဖြင့် ဘိုင်ယန်မြူးနစ် အနိုင်ရခဲ့သည်။

သီဟ

မြန်မာ့ရုပ်မြင်သံကြား News Channel

၇-၄-၂၀၁၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆း၀၀ ： တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ： အနုပညာသတင်း အစီအစဉ်
- ၉း၃၅ ： လှပစုံလင် အာဆီယံ အစီအစဉ်
- ၉း၄၀ ： ခါသကြံန်အဆိုအကများ
- ၁၀း၃၅ ： အလုပ်အကိုင်အခွင့် အလမ်း အစီအစဉ်

ညပိုင်း

- ၁၅း၃၅ ： ဆီးချိုသွေးချို ကာကွယ်ပါ
- ၁၆း၁၅ ： ချင်းတို့ဌာနေ မင်းတပ်မြေ
- ၁၆း၃၅ ： Football Magazine (ရှမ်းယူနိုက်တက်အသင်း)
- ၁၇း၃၅ ： ပြည်သူတို့ရဲ့ စကားသံများ
- ၁၇း၅၀ ： အပူလှိုင်း
- ၁၉း၁၅ ： မြန်မာဗီဒီယိုဇာတ်လမ်း **ပေရယ်မိုင်းရပ်စ်** (အပိုင်း-၁) နေခွေး၊ မိုးယုစံ၊ သီရိရှင်းသန့် (ဒါရိုက်တာ-ကိုပေါက်)
- ၂၀း၀၀ ： ပြည်တွင်းသတင်း
- ၂၀း၃၅ ： ပင်လယ်ပျော်များရဲ့ အားမာန်
  - လွတ်တော်ရေးရာ အဖြာဖြာ
  - နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၂၉)

မှတ်ချက်။ ။ နာရီစဉ်တိုင်း တွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

ဖခင်အမည်မှန်

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မြို့မ (လယ်-ခွဲ)ကျောင်းနေ ဒုတိယတန်းမှ မောင်ထက်အောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းအောင် ၇/တငန(နိုင်)၁၀၆၄၅၀ ဖြစ်ပါကြောင်း။

ဦးမင်းမင်းအောင် ၇/တငန(နိုင်)၁၀၆၄၅၀

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ ခုနှစ် ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ၁၀ရက်တိတိ မြန်မာနှစ်သစ်ကူးနေ့များသည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၅-ခ ဈေးတန်း) အကွက်၊ဦးပိုင်(က/၃၅)၊ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ (အရှေ့ဘက် ဦးအောင်တင့်၊ အနောက်ဘက်-ဒေါ်ဝေ၊ တောင်ဘက်-ဈေးလမ်း၊ မြောက်ဘက်-ဦးကြည်တင့်) မြေအား လူနေဂရန်ရရှိရန် ဦးတင်မြင့် ၃/သတန(နိုင်)၀၁၄၈၅၁က လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ အနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘားအံမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်
(က)	ပြည်နယ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးနေအိမ်	၁ လုံး
(ခ)	ဘားအံခရိုင်ဝန်ထမ်းနေအိမ်	၁ လုံး
(ဂ)	လှိုင်းဘွဲမြို့နယ် ဝန်ထမ်းနေအိမ်	၁ လုံး
(ဃ)	မြဝတီခရိုင် ဝန်ထမ်းနေအိမ်	၁ လုံး
(င)	ဖာပွန်မြို့နယ်ရုံး အစည်းအဝေးခန်းမ	၁ လုံး

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၅-၂၀၁၆ ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၅၈-၂၁၁၈၁

သင့်သွေးဖြင့် အသက်ကယ်ပါ

7Stars (ရာထူးဝင်သင်တန်းကြီး)

☆ နေ့စားလပေး ဆရာ/ဆရာမဝင်ခွင့်
(ပုံမှန်တန်းခွဲများ / အနီးကပ်တန်းခွဲများ)
အပြည့်စုံဆုံး မှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည်။
အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။
နယ်မြို့များမှ ကိုယ်စားလှယ်ယူ၍ရောင်းချလိုသူများ ဆက်သွယ်နိုင်ပါသည်။
တိုက်(18 / 3B)၊ သမ္ပြေသီကွန်ဒို(၁)၊ ဦးထွန်းလင်းချိုလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09.789107733, 09.799860155, 09421052736, 09.780080052

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄

ဦးခင်ဝင်း(ခ)အန်အီပင်း **နှင့်** ၁။ ဒေါ်ရင်ရင်နွယ် ၂။ ဒေါ်တင်ပြုံး ၃။ ဒေါ်သင်းသင်းလှိုင်

တရားလို　　**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အခန်း ၂၀(ပထမထပ်)၊ တိုက်(၁)နေ ဒေါ်သင်းသင်းလှိုင် (တရားပြိုင်အမှတ်-၃)၊ ယခုနေရပ်လိပ်စာမသိသူ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၃၉အရ (၂၁-၁-၂၀၁၆)ရက်စွဲပါ မြေနှင့်အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်နှစ်စောင်၊ ၂၁-၁-၂၀၁၆ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် ၇၈၂/၂၀၁၆နှင့် မှတ်ပုံတင်အမှတ် ၇၈၃/၂၀၁၆ ပါဝါနှစ်စောင်တို့ကို ဖျက်သိမ်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မေ ၈ရက် (၁၃၇၇ခုနှစ် တန်ခူးလဆန်း ၁ ရက်) သောကြာနေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မကွေးတိုင်းဒေသကြီး နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ ဆရာမ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
 (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
 (ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ
  (၁) Ph.D ဘွဲ့ရရှိသူများ အသက်(၄၀)အောက်
  (၂) (Master) မဟာဘွဲ့ရရှိသူများ အသက်(၃၅)နှစ်နှင့်အောက်
  (၃) (Bachelor) ဘွဲ့ရရှိသူများ အသက်(၃၀)နှင့်အောက်

၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ခုနှစ် ဇွန် ၃၀ရက်ဖြင့် တွက်ချက်သည်။)

၃။ နေ့စားလပေး၊ မူလတန်းပြဆရာ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် မကွေးတိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ နေ့စားလပေး ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်း ဆရာအတတ်ပညာ(စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၆-၄-၂၀၁၆ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၂၂-၄-၂၀၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ရက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပမည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီ မေးခွန်းကို ဖြေဆိုရမည်။

၇။ ၁၀-၅-၂၀၁၆ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများ စာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၈။ ၁၄-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။

၉။ ၂၅-၅-၂၀၁၆ရက်တွင် ခန့်ထားခံရမည့်သူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

GREAT BUSINESS OPPORTUNITY

မိမိပုံမှန်ဝင်ငွေအပြင် အပိုဝင်ငွေရှာချင်သူများ၊ အလုပ်လုပ်နေသောသူများ၊ အိမ်ရှင်မများအနေဖြင့် အချိန်ပိုင်း (သို့) ရေရှည် လုပ်ကိုင်နိုင်သည်။

Service & Distribution အခြေခံလုပ်ငန်းဖြစ်၍ အရင်းအနှီး အနည်းငယ်ဖြင့်စတင်နိုင်သည်။ ကြိုးစားလျှင် တစ်လ ဒေါ်လာ ၅၀၀ မှ ၁၀၀၀ ကြား လစဉ်ရှာနိုင်သည်။ ပညာအရည်အချင်း၊ လုပ်ငန်း အတွေ့အကြုံကန့်သတ်ချက်မရှိပါ။ ၁၈ နှစ်ပြည့်ပြီး မည်သူမဆိုလုပ်ကိုင်နိုင်သည်။

အရောင်းမြှင့်တင်ရေးပိုင်းတွင် အတွေ့အကြုံရှိသူများအတွက် ပို၍ သင့်တော်သည်။

စီးပွားရေးအမြင်ရှိသူ၊ အမှန်တကယ်စိတ်ဝင်စားသူများသာဆက်သွယ်ရန်
Ph : 09-254064583

အဂတိလိုက်စားမှုအတွက် ပထမဆုံးအကြိမ်လမ်းညွှန်ချက်ထွက်ပေါ်လာ ထိရောက်စွာ အရေးယူနိုင်ရန်လည်း မျှော်လင့်နေကြ

နေပြည်တော် ဧပြီ ၆

အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ကို ဧပြီ ၄ ရက် ရက်စွဲဖြင့် သမ္မတရုံးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က စတင်ထုတ်ဝေလိုက်သည့်အတွက် ဝန်ထမ်းများအကြား အကျင့်ပျက်သူများ လျော့နည်းပပျောက်သွားစေနိုင်ပြီး မလိုက်နာပါကလည်း အရေးယူမှုများကို တစ်ပါတည်း ဆောင်ရွက်ပေးစေလိုကြောင်း ဝန်ထမ်းများက မျှော်လင့်ကြသည်။

"အကျင့်ပျက်ခြစားမှုက ကျွန်တော်တို့နိုင်ငံမှာ အကြီးဆုံးပြဿနာပါ။ အရင်အစိုးရလက်ထက်ကလည်း လုပ်ဖို့အစီအစဉ်တွေရှိပေမယ့် ထင်ထင်ရှားရှား မလုပ်နိုင်ခဲ့ဘူး။ လက်ဆောင်ပစ္စည်းတွေ လက်ခံတာနဲ့ပတ်သက်ပြီး ပထမဆုံးသော လိုက်နာရမယ့် မူဝါဒကို အစိုးရသစ်ရဲ့ ပထမဆုံးရက်စွဲနဲ့ စတင်ဖြန့်ဝေလိုက်တော့ အတိုင်းမသိဝမ်းသာမိတယ်။ အကျင့်ပျက်သူတွေက ဌာနပေါင်းစုံမှာရှိနေပါတယ်။ ဒါတွေကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးဖို့တော့ လိုပါဦးမယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်မှ ညွှန်ကြားရေးမှူးအဆင့်ရှိ ဝန်ထမ်းတစ်ဦးက မြန်မာ့အလင်းမှ ဖုန်းဖြင့်မေးမြန်းချက်ကို ဖြေကြားသည်။

အဆိုပါညွှန်ကြားချက်မထွက်ပေါ်မီကတည်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားထားဖူးပြီး အစိုးရဖွဲ့စည်းပြီးချင်းရက်ပိုင်းအတွင်း လက်တွေ့အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

"ဌာနတိုင်းမှာလိုလို အဂတိလိုက်စားမှုကရှိနေပါတယ်။ လာဘ်စားတာက အရာရှိကြီး၊ အရာရှိငယ်တွေနဲ့ အောက်ခြေဝန်ထမ်းတွေအထိ အမြစ်တွယ်နေတာတွေကို တစ်ဆင့်ချင်းဖြေလျှော့ပြီး ရှင်းလင်းပေးဖို့လိုအပ်ပါတယ်။ အချို့ဆိုရင် လာဘ်စားနေတယ်ဆိုတာတောင်ကိုယ့်ဘာသာကိုယ် မသိတော့ဘဲ ရပိုင်ခွင့်လို့ ထင်နေကြသေးတယ်"ဟု ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက သူ့အမြင်ကိုပြောကြားသည်။

ယခင်က အုပ်ချုပ်ရေးပိုင်းနှင့် နီးစပ်သူများအဆိုအရ သင်္ကြန်ကာလများအတွင်း မိမိတို့ကုမ္ပဏီမဏ္ဍပ်သို့ လာရောက်လှည့်လည်ကြည့်ရှုရန်အတွက်ပင် လာဘ်ထိုးခဲ့ရသေးကြောင်း ယခုနှစ်တွင်မူ အဆိုပါဒုက္ခမှ ကင်းဝေးနိုင်တော့မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးကလည်း ထပ်လောင်းအတည်ပြုပြောကြားသည်။

ထိုသို့သော လက်ဆောင်ပဏ္ဏာများ လက်သင့်ခံခြင်းဆိုင်ရာများကို သမ္မတရုံးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ညွှန်ကြားချက်ထုတ်ပြန်ကာ ကန့်သတ်လိုက်သော်လည်း လုပ်ပိုင်ခွင့်အာဏာများအား မလျော်မကန်အသုံးချကာ စီးပွားရေးသမားများနှင့် အပြန်အလှန်ဆက်ဆံမှုများဖြင့် ကြီးပွားချမ်းသာနေကြသော ဌာနဆိုင်ရာအချို့မှ တာဝန်ရှိသူများအတွက် တိုင်ကြားနိုင်မည့်လိပ်စာများကိုလည်း ဖော်ပြပေးသင့်ကြောင်း နေပြည်တော်ကောင်စီနယ်မြေမှ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးကပြောကြားသည်။

အဆိုပါလမ်းညွှန်ချက်ကို ဗဟိုရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များထံ ဖြန့်ဝေထားပြီး အောက်ခြေအဆင့် ဝန်ထမ်းများအထိ သိရှိသဘောပေါက်စေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာနမှ သိရသည်။

ခင်ရတနာ

ပြင်ဦးလွင်မြို့တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် မီတာကြေးကောက်ခံမည်

ပြင်ဦးလွင် ဧပြီ ၆

ပြင်ဦးလွင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေး၊ ဓာတ်အားသုံးစွဲသောယူနစ်များ မှန်မှန်ကန်ကန်ရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အိမ်များ၌ တပ်ဆင်ထားရှိသော မီတာများကို လျှပ်စစ်ဓာတ်တိုင်ပေါ်တွင်တပ်ဆင်၍ ဒီဂျစ်တယ်စနစ်ဖြင့် မီတာကြေးကောက်ခံသွားမည်ဟု သိရသည်။

လျှပ်စစ်မီတာများလျှပ်စစ်တိုင်ပေါ်တွင် တပ်ဆင်ခြင်းလုပ်ငန်းများကို ပြင်ဦးလွင် မြို့နယ်ရပ်ကွက်ကြီး(၂)နယ်မြေအတွင်း၌ ဧပြီ ၄ ရက်မှစတင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာဦးသန်းဦး၊ ဒုမန်နေဂျာ ဦးမောင်မောင်ဦးတို့က ဦးဆောင်၍ မြို့နယ်လျှပ်စစ်ရုံးလိုင်းဝန်ထမ်းများ၊ မီတာစာရေးများ (Diamonds Bee Co.,Ltd.)မှ ဝန်ထမ်းများပူးပေါင်းပြီးနေအိမ်များအတွင်း တပ်ဆင်ထားသော မီတာများကို လျှပ်စစ်ဓာတ်အားကြိုးများတပ်ဆင်ထားသော ကွန်ကရစ်ဓာတ်တိုင်များပေါ်သို့ သွယ်တန်းခြင်း၊ ကွန်ပျူတာနှင့်ထိန်းချုပ်နိုင်သော မီတာများတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေလျက်ရှိရာ ရပ်ကွက်နေပြည်သူတစ်ဦးမှ ယခုလိုအိမ်တွင်းမှမီတာများ အိမ်ရှေ့ဓာတ်တိုင်ပေါ်သို့ ပြောင်းရွှေ့တပ်ဆင်ခြင်းအတွက် မီတာဖတ်စာရေးများ တစ်အိမ်ဝင်တစ်အိမ်ထွက် သုံးစွဲယူနစ်ကိုလာရောက်၍ ကြည့်ရှုဖတ်စရာမလိုတော့ဘဲ မီတာယူနစ်မှာ ကိုယ်သုံးသလောက် ငွေကြေးပေးဆောင်နိုင်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် ဓာတ်အားအန္တရာယ်ကျရောက်လာပါက ကွန်ပျူတာမှ လျှပ်စစ်မီတာကို အလိုအလျောက် ထိန်းချုပ်သွားမည်ဟု သိရခြင်းအတွက် လျှပ်စစ်သုံးစွဲသူများမှ အဆင်ပြေပါသည်ဟုပြောပြသည်။

ယခုလိုဆောင်ရွက်ပေးခြင်းသည် အိမ်တွင်တပ်ဆင်ထားသော မီတာများအား တစ်အိမ်ချင်းလိုက်လံကြည့်ရှုဖတ်ရန်မလိုတော့ဘဲ ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက် မီတာဖတ်ရှု၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မီတာယူနစ်ပျောက်ဆုံးမှုလည်း ကျဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၃၂)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းထုတ်ပြန်

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ စွမ်းရည်ပြည့်ဝစွာနှင့် ထိရောက်လုံခြုံစွာ ဆောင်ရွက်နိုင်ရန်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက်ဆောင်ရွက်သူများ (Mobile Network Operator-MNO) ကပါ ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းကို မတ် ၃၀ ရက်က ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုချက် (Unofficial Translation) တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm. gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုးခုရှိ၊ ၂၀၁၅ ခုနှစ်အတွင်း မြေမြှုပ်မိုင်းကြောင့် လူပေါင်း ၅၉ ဦးထိခိုက်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံတွင် စစ်မက်ဖြစ်ပွားရာဒေသများအပါအဝင် မြေမြှုပ်မိုင်းအန္တရာယ် ခြိမ်းခြောက်ခံနေရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေ ဒုတိယကိုယ်စားလှယ် ရှာလီနီဘဟူဂူနာက ပြောသည်။

"မြန်မာနိုင်ငံမှာ အခန်းကဏ္ဍသစ်အဖြစ် သမိုင်းတွင်စေမယ့် ယခုအချိန်ကာလဟာ အပြစ်ကင်းစင်လှတဲ့ အသက်ပေါင်းများစွာကို လျင်မြန်စွာကာကွယ်ပေးနိုင်ဖို့ အကောင်းဆုံးအခွင့်အရေးတစ်ခုဖြစ်ပါတယ်။ မြေမြှုပ်မိုင်းတွေနဲ့ အခြားပေါက်ကွဲစေတတ်တဲ့ စစ်ကျန်ပစ္စည်းတွေအသုံးပြုခြင်းက ရပ်တန့်ပြီး စာသင်ကျောင်းတွေ၊ ကျန်းမာရေးဖွံ့ဖြိုးမှု အဆောက်အအုံတွေနဲ့ ကလေးသူငယ်တွေအများဆုံးရှိနေတတ်တဲ့ အခြားနေရာတွေကို ပေါက်ကွဲမှုတွေကနေ ကာကွယ်သွားနိုင်ဖို့ သက်ဆိုင်သူအားလုံးကို အသိပေးပြောကြားလိုပါတယ်"ဟု ဧပြီ ၄ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသော(၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် အသိပညာပေးရေးနှင့် မိုင်းဆိုင်ရာအကူအညီပေးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ၎င်းက မှတ်ချက်ပြုပြောကြားလိုက်သည်။

"အပြည်ပြည်ဆိုင်ရာမိုင်းအန္တရာယ်အသိပညာပေးရေးနှင့် မိုင်းဆိုင်ရာအကူအညီပေးရေးနေ့မှာ ကျွန်မတို့အားလုံးက ဒီလက်နက်တွေကြောင့် ထိခိုက်နစ်နာခဲ့ရသူအားလုံးကို အမှတ်ရအောက်မေ့မိပါတယ်။ ဒီကနေ့မှာ မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းတွေနဲ့ အခြားပေါက်ကွဲစေတတ်တဲ့ စစ်ကျန်ပစ္စည်းတွေကို တွန်းလှန်တိုက်ခိုက်ဖို့ ရည်ရွယ်ချက်ဟာ ထိပ်ဆုံးမှာတည်ရှိနေဖို့နဲ့ ဒီလို စိတ်မကောင်းစရာတွေ အားလုံးရပ်တန့်သွားစေဖို့ နိုင်ငံရေးဆိုင်ရာအပြင် ငွေကြေးဆိုင်ရာမှာလည်း ထောက်ပံ့မှုတွေ ဆက်လက်ရှိနေဖို့ သက်ဆိုင်သူအားလုံးကို ထပ်မံ နှိုးဆော်တိုက်တွန်းပါတယ်"ဟု ၎င်းကဆက်လက်၍ ပြောကြားလိုက်သည်။ ကုလသမဂ္ဂက ၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံအား မိုင်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းထောက်ပံ့ကူညီပေးရန် စတင်မိတ်ဆက်ကြေညာလိုက်သည်။

အဆိုပါ လုပ်ငန်းစီမံကိန်းများ အကျဉ်းချုပ်အားဖြင့် မိုင်းအန္တရာယ်အသိပညာပေးရေး (MRE) မိုင်းကြောင့် ထိခိုက်နစ်နာသူများအား ကူညီထောက်ပံ့ခြင်း၊ ပြုပြင်ပြောင်းလဲရေးအတွက် ထောက်ခံတိုက်တွန်းပြောဆိုခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းတို့အပါအဝင် စီမံချက်လုပ်ငန်း ၁၉ ခုတွင် သုံးစွဲသွားရန် စီစဉ်လျက်ရှိပြီး ယင်းရန်ပုံငွေမှာ ပြီးပြည့်စုံသော မိုင်းရှင်းလင်းရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ လိုအပ်ချက်၏ ၂၆ ရာခိုင်နှုန်းအတွက်သာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း မြေမြှုပ်မိုင်းများနှင့် အခြားပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်း (ERW) များကြောင့် ကလေးငယ် ၃၄ ဦးအပါအဝင် လူပေါင်း ၅၉ ဦးထိခိုက်မှုရှိပြီး ယင်းတို့အနက် ၁၇ ဦးသေဆုံးကာ ပြင်းထန်စွာ ဒဏ်ရာရသူ ၄၂ ဦးရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ပထမသုံးလအတွင်း မြေမြှုပ်မိုင်းထိသူ ၂၁ ဦးရှိကြောင်း ယူနီဆက်၏အစီရင်ခံစာတွင် ဖော်ပြသည်။ နိုင်ငံတော် အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်ကတည်းကပင် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်များ၌ ထိရောက်သည့်ပူးပေါင်းလုပ်ဆောင်မှု လုပ်ထုံးလုပ်နည်းများနှင့်အညီ အသက်ကယ်မိုင်းအန္တရာယ်အသိပညာပေးရေးနှင့် မိုင်းကြောင့်ထိခိုက်နစ်နာသူများအား ကူညီထောက်ပံ့ပေးခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် အစိုးရ၊ ကုလသမဂ္ဂနှင့် အခြားအရပ်ဘက်အဖွဲ့အစည်း ၂၈ ဖွဲ့တို့ဖြင့် မိတ်ဖက်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြေမြှုပ်မိုင်းဖြစ်ပွားရာဒေသများသို့ပေးပို့မည့် မိုင်းရှင်းလင်းရေးကိရိယာများ သရုပ်ပြသနေစဉ်။

ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိစေရန် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရန် ပြောင်းလဲမှုကို ရယူနိုင်

ရသေ့တောင် မေ ၆

မေ ၃ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရသေ့တောင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံရာ တွေ့ဆုံပွဲသို့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ထိန်လင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မကြာမီရက်ပိုင်းအတွင်း မိမိဦးဆောင်သည့် ပြည်နယ်အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ယခင်ကာလက ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုဦးစီးစနစ်ကြောင့် ပြည်သူများအနေဖြင့် လွတ်လွတ်လပ်လပ်ဦးဆောင်နိုင်ခွင့်နည်းပါးခဲ့ပါကြောင်း၊ ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိစေရန် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရန်အတွက် ပြောင်းလဲမှုတစ်ခုကို ရယူနိုင်လိုက်ပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သောကာလထက် ပိုမိုအရေးကြီးပြီး မိမိတို့အားလုံးအပေါ်မှာ တာဝန်ရှိသွားပြီဖြစ်ရာ သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် တာဝန်ကျေဖို့လိုအပ်လာပြီဖြစ်ပါကြောင်း၊ တက်ရောက်လာသော မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများအနေဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ပြီး အလုပ်လုပ်ရန်အရေးကြီးပါကြောင်း၊ အတိတ်သင်ခန်းစာများကိုရယူပြီး အနာဂတ်အတွက် ကောင်းမွန်သော လုပ်ငန်းများကို ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ ပွင့်ပွင့်လင်းလင်း လုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြပြီး ရသေ့တောင်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ မြို့နယ်၏လိုအပ်ချက်များကို တင်ပြခဲ့ကြသည်ဟု သိရသည်။

မြတ်ဝေ

နွေခင်းပိုင်း အပူချိန်မြင့်တက်နေချိန် ရေချိုးခြင်းမှ ရှောင်ကြဉ်သင့်

ရေတာရှည် မေ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း နေ့အပူချိန်မှာ အလွန်မြင့်တက်လျက်ရှိရာ အပူဒဏ်ကိုရှောင်ရှားနိုင်ရေးအတွက်လူငယ်အများစုမှာ မြစ်ချောင်း၊ အင်းအိုင်များ၊ ရေမြောင်းများတွင် စုပေါင်းရေချိုးကြခြင်း၊ ဆော့ကစားကြခြင်းအပြင် အရက်သေစာသောက်စားကြခြင်းများကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို ထည့်တွက်၍ အပူချိန်မြင့်တက်ချိန်တွင် ရေချိုးခြင်းမှာရှောင်ရှားသင့်ကြောင်း အကြံပြုပြောကြားမှုများရှိနေသည်။

အရက်သေစာ သောက်စားမူးယစ်ခြင်းအပြင် နေ့အပူချိန်ကြောင့် ရေဆင်းချိုးသည့်အခါ သတိလစ်မေ့မြောကာ အသက်သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်မှုရှိနေကြရာ ဆည်မြောင်း ရေငုတ်ပြွန်များအတွင်း ရေဆင်းချိုးပါက ပို၍အန္တရာယ်ကြီးမားကြောင်း ရေတာရှည်မြို့ခံတစ်ဦးက ပြောသည်။

"မနှစ်က ကျွန်တော်တို့ ရေတာရှည်က ကောင်လေးတစ်ယောက် အဲဒီပြွန်ထဲဝင်သွားရင်း သေသွားတယ်။ အရက်မူးနေရင် ရေဆင်းမချိုးတာကောင်းပါတယ်"ဟု ၎င်းကပင် ဆက်လက်ပြောသည်။

ကိုလွင်(ဆွာ)

ပန်းချီသင်တန်းသားများ လေ့လာရေးခရီးထွက်

ရမည်းသင်း မေ ၆

ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်တွင် နွေရာသီနှစ်လ မူ/လယ် ကျောင်းသား ကျောင်းသူများ တတိယတန်းပန်းချီအခြေခံပညာသင်တန်း ဖွင့်လှစ်ခဲ့ရာ မေ ၄ရက်က ပန်းချီဆရာ ဘိုကလေးဦးဝင်းဇော်နှင့် လူမှုထူးချွန်ပညာရေး ဖောင်ဒေးရှင်းအဖွဲ့မှ ဦးဇော်မင်းစိုးတို့ ဦးဆောင်၍ တစ်နေ့တာ ပြင်ပပန်းချီဆွဲလေ့လာရေးခရီးကို ရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာလေးမျက်နှာဘုရား၊ ကန်သစ်ပန်းခြံကလေးကစားကွင်း၊ ရတနာစာလွှတ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ရှုခင်းပုံများရေးဆွဲခြင်း၊ ကလေးများ အပန်းဖြေကစားခြင်း၊ ကလေးများဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း ပန်းချီဆရာကြီးက ရှင်းပြသည်။

လေ့လာရေးတစ်နေ့တာခရီးကို စနစ်တကျစီစဉ်၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပန်းချီဆရာ ဆရာမများက ဦးဆောင်လိုက်ပို့ကြသည်။ ကျောင်းသားမိဘများက စုပေါင်း၍ အချိုရည်၊ သကြားလုံး၊ ရေသန့်၊ ကိတ်မုန့်၊ ကြာဆံကြော်များ လှူဒါန်းကုသိုလ်ယူကျွေးမွေးကြသည်။ ပန်းချီသင်တန်း၌ ကျောင်းသား ကျောင်းသူ ၁၄၀ တက်ရောက်သင်ကြားနေကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ၈၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထရော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ကျေးရွာအခြေခံမီးသတ်အဆောက်အအုံဆောက်လုပ် မီးသတ်ကားတစ်စီးရရှိရန် မျှော်လင့်လျက်ရှိ

အင်းတော် မေ ၆

ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝဲအုပ်စုပင်ဝဲကျေးရွာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အခြေခံမီးသတ်အဆောက်အအုံအသစ်ကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိပြီး ဒေသအတွင်း အရေးပေါ်သုံးစွဲနိုင်ရန် မီးသတ်ကားတစ်စီးလိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွေ လုပ်ဆောင်နိုင်ဖို့ အခြေခံကျတဲ့ မီးသတ်အဆောက်အအုံကို စတင်ဆောက်လုပ်နေပါတယ်။ အလျား ကိုးပေ၊ အနံ ကိုးပေရှိတဲ့ နှစ်ခန်းပတ်လည် တစ်ထပ်အဆောက်အအုံပါ။ ငွေကျပ်သိန်း ၂၀ ခန့်ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပင်ဝဲရွာဒေသ အရန်မီးသတ်တပ်စုမှူး ဦးအောင်နိုင်က ပြောသည်။

အဆိုပါကျေးရွာသည် အိမ်ထောင်စု၅၀၀ကျော် လူဦးရေ ၂၇၀၀ ကျော်ခန့်နှင့်အတူ ယင်းကျေးရွာအုပ်စုအတွင်းရှိ တုံးလုံကျေးရွာနှင့် ဖားပန့်ကျေးရွာများက အဓိကနေထိုင်ကြသော ကျေးရွာကြီးတစ်ရွာဖြစ်သည်အလျောက် ဒေသခံများ၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ကားတစ်စီးကိုလည်း လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

နီတိုး

ရေချိုတွင်းများမှ ရေအနည်းငယ်သာထွက်ရှိ၊ သောက်သုံးရေလိုအပ်နေသည့် ကျေးရွာများအရောက် ဖြန့်ဝေ

မိတ္ထီလာ မေ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများအား သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရေထွက်ပင်ရင်းများစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများ ကြိုတင်အသိပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအနေဖြင့် သောက်သုံးရေပြတ်လပ်နိုင်သည့် ကျေးရွာများအား ရေပြတ်လပ်မှုဖြစ်ပေါ်ပါက အချိန်နဲ့တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဆပ်ပြာကျင်းအုပ်စု ကျောက်ပုံကျေးရွာသည် အိမ်ခြေ ၆၃ အိမ်၊ လူဦးရေ ၃၅၀ ကျော်ရှိပြီး ရေငံထွက်ရှိသည့် စက်ရေတွင်းနှစ်တွင်း ရှိသော်လည်း တစ်တွင်းသာသုံးစွဲ၍ရသည်။ လက်တူးတွင်းခြောက်တွင်း တူးဖော်အသုံးပြုရာ လေးတွင်းမှာ ရေငံထွက်ရှိ၍ နှစ်တွင်းသာ ရေချိုထွက်ရှိသဖြင့် သုံးရေအတွက် လုံလောက်သော်လည်း သောက်ရေဖြစ်သည့် ရေချို အနည်းငယ်သာရရှိသောကြောင့် သောက်ရေ (ရေချို) အခက်အခဲများဖြစ်ပေါ်လာနိုင်သဖြင့် မေ ၃ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ အဆိုပါကျေးရွာသို့သွားရောက်၍ ရေဂါလန် ၅၀၀၀ဆံ့ ယာယီရွက်ဖျင်ရေကန် နှစ်ကန်ပြုလုပ်ပေးပြီး ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေခဲ့ သည်။

ဆက်လက်၍ သောက်သုံးရေ (ရေချို)အခက်အခဲမရှိစေရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကျယ် လေးလက်မ ပေ ၆၀၀ အနက်ရှိ စက်ရေတွင်း တစ်တွင်းတူးဖော်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးမှူးက ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မြန်မာ့ဂုဏ်ရည် ရောဝတီ

သိပ္ပံစာရေးဆရာကိုကိုအောင်

ရောဝတီမြစ်အတွင်း ပြေးဆွဲနေသော ရေယာဉ်တစ်စင်း

ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတွင် သဘာဝအတိုင်း ဖြစ်ပေါ်တည်ရှိနေသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် မြစ်ကြောင်းပုံစံဖြင့်လည်းကောင်း၊ ရေတံခွန်များအဖြစ် လည်းကောင်း ရေအိုင်ကြီးများ၊ မြေပြန့်လွင်ပြင်ကျယ်ကြီးများနှင့် ပင်လယ် သမုဒ္ဒရာကြီးများအတွင်းသို့ စီးဆင်းဝင်ရောက်လျက် ရှိနေကြသည်။ ကျယ်ပြန့်ပြီး ရှည်လျားသောမြစ်၊ ကျဉ်းမြောင်းပြီး ရှည်လျားသောမြစ်၊ ကျယ်ပြန့်ပြီး တိုတောင်းသောမြစ်၊ ကျဉ်းမြောင်းပြီး တိုတောင်းသော မြစ် စသည်ဖြင့် ပုံစံအမျိုးမျိုး ဖြစ်တည်နေကြသော ကမ္ဘာ့မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အတားအဆီးမရှိ. . . အကန့်အသတ်မရှိ. . . အပိတ်အပင်မရှိဘဲ သဘာဝအတိုင်း လွတ်လပ်စွာစီးဆင်းခဲ့ကြသည်။

အမေရိကန်နိုင်ငံရှိ မစ္စစ္စပီမြစ်၊ အီဂျစ်နိုင်ငံရှိ နိုင်းလ်မြစ်၊ အိန္ဒိယနိုင်ငံရှိ ဂင်္ဂါမြစ်၊ တရုတ်နိုင်ငံရှိ ယန်စီမြစ်၊ ဩစတြေးလျနိုင်ငံရှိမာရေမြစ်စသောမြစ်ကြီးများသည် သက်ဆိုင်ရာနိုင်ငံများအတွက် အလွန်အရေးပါ အရာရောက်သောမြစ်များ ဖြစ်ကြသလို. . . ကမ္ဘာ့အထင်ကရစာရင်းဝင် နာမည်ကျော် မြစ်ကြီးများလည်းဖြစ်ကြသည်။

အချို့သော မြစ်များသည် နိုင်ငံတစ်နိုင်ငံအတွင်း၌သာ ဖြစ်တည်စီးဆင်းနေခြင်းမျိုး မဟုတ်ဘဲ နိုင်ငံအများအပြားကို ဖြတ်သန်းစီးဆင်းလျက် ရှိနေကြသည်။ အာရှတိုက်ရှိ မဲခေါင်မြစ်သည် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများကို ဖြတ်သန်းစီးဆင်းနေသလို. . . အိန္ဒုမြစ်ကြီးကလည်း အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများကို ဖြတ်သန်းစီးဆင်းလျက် ရှိနေသည်။

အလားတူပင် အမေဇုန်မြစ်ကြီးသည် တောင်အမေရိကတိုက် တစ်နံတစ်လျားကို ဖြတ်သန်းစီးဆင်းနေသလို. . . ဒင်ညူမြစ်ကြီးကလည်း ဥရောပတိုက်ကြီးကို ဖြတ်သန်းစီးဆင်းနေဆဲ ဖြစ်သည်။ တရုတ်နိုင်ငံ၏ယဉ်ကျေးမှုကို ထွန်းကားစေခဲ့သော မြစ်ဝါမြစ်နှင့် အိန္ဒိယလူမျိုးတို့၏ ရှေးရိုးစဉ်လာ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဂင်္ဂါမြစ်တို့ကလည်း တစ်မူထူးခြားလှသည့် မြစ်ကြီးများဖြစ်ကြသည်။

ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံအများစုတို့တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ကြီးများ ရှိနေကြသော်လည်း၊ အနည်းငယ်မျှသော နိုင်ငံအချို့၌မူ ယင်းတို့၏ ပထဝီသွင်ပြင် အနေအထားအရ မြစ်ချောင်းများ လုံးဝမရှိကြပေ။ ထိုသို့သော ဒေသနိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သော ရေပမာဏကို ရရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု လွယ်ကူသက်သာစေရေးတို့အတွက် မြစ်ချောင်းများကို ဖန်တီးဖောက်လုပ်ကြရသည်။

သို့ဖြစ်၍ တစ်ကမ္ဘာလုံးရှိ မြစ်ချောင်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်မှာ သဘာဝမြစ်ချောင်းများဖြစ်ကြပြီး ကျန်အနည်းငယ်သော မြစ်ချောင်းများကမူ လူတို့ဖန်တီးဖောက်လုပ်ထားသော မြစ်ချောင်းများဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အလျဉ်မပြတ် စီးဆင်းမှုရှိနေသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် ဒေသဖွံ့ဖြိုးရေးကို ကောင်းစွာ အထောက်အကူပြုပေးနေရုံမျှ မက သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေကြသည်။

ကမ္ဘာပေါ်ရှိ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် ဖြတ်သန်းစီးဆင်းရာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ တောတောင်နှင့် မြို့ရွာများကို တင့်တယ်ကြည့်ကောင်းစေခြင်းဖြင့် သာမောဖွယ်အတိ ဖြစ်စေသည်။ မြစ်တစ်စင်းကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ်ဖြစ်ထွန်းကာ လမ်းပန်းဆက်သွယ်ရေးကိုလည်း ကောင်းစွာ အထောက်အကူပြုပေးသည်။ ကုန်စည်စီးဆင်းမှုကို ဖြစ်ပေါ်လာစေရုံမျှမက ရေထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ကြီးမားစွာ အထောက်အပံ့ပြုပေးနိုင်သည်။

ကမ္ဘာ့ အထင်ကရမြစ်ကြီးများသည် နိုင်ငံနှင့် လူမျိုးတို့၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်းပေးရာ သမိုင်းအမွေအနှစ်များလည်း ဖြစ်ကြသည်။ ကမ္ဘာအရပ်ရပ်တွင် သဘာဝအလျောက် စီးဆင်းနေကြသော မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် လူနှင့်သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေမှု အလွန်နည်းပါးသည်။ သဘာဝအတိုင်း စီးဆင်းနေသောမြစ်များကြောင့် အများဆုံးအားဖြင့် မြစ်ရေလျှံတက်ခြင်း၊ ရေတိုက်စားခြင်းနှင့် ကမ်းပြိုခြင်း စသည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေနိုင်သည်။

သို့ရာတွင် မြစ်ရေများ သဘာဝအလျောက် စီးဆင်းနေမှုကို အကြောင်းတစ်နည်းနည်းဖြင့် ဟန့်တားခုခံခြင်း၊ ဆည်တမံနှင့် ရေကာတာများ တည်ဆောက်ခြင်း၊ မြစ်တွင်း စီမံကိန်းများ လုပ်ဆောင်ခြင်း၊ မြစ်ရေကို အတိုင်းအဆမဲ့ ရယူသုံးစွဲခြင်း၊ ဓာတုဓာတ်ကြွင်းများ ပျော်ဝင်နေသော ရေဆိုးရေညစ်များကို မြစ်အတွင်းသို့ စီးဆင်းဝင်ရောက်စေခြင်း၊ မြစ်ကမ်းဘေး ဝဲယာရှိ သဘာဝသစ်ပင်သစ်တောများကို ပြုန်းတီးစေခြင်း၊ ရေဝေရေလဲဒေသများကို ဖျက်ဆီးခြင်း စသော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင်မူ ရုတ်တရက် ရေကြီးရေလျှံဖြစ်ခြင်း၊ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ ကောက်ပဲသီးနှံများ အကြီးအကျယ် ပျက်စီးခြင်း၊ ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ဓာတုအဆိပ်သင့်ခြင်း စသော ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာပေါ်ရှိ မြစ်ကြီးများထဲတွင် တစ်ခုအပါအဝင် ဖြစ်သော. . . မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသက်သွေးကြော ဖြစ်သော. . . ရောဝတီမြစ်ကြီးသည် တိဗက် တောင်တန်းများ၌ မြစ်ဖျားခံသည့် မေခနှင့် မေလိခ မြစ်နှစ်သွယ်ပေါင်းဆုံရာမှ သဘာဝအလျောက် ဖြစ်တည်လာသော ကမ္ဘာကျော် မြစ်ကြီးတစ်စင်း ဖြစ်သည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၅၀ ကျော် ရှိနေပြီဖြစ်ပြီး မိုင်ပေါင်း ၁၃၅၀ ရှည်လျားသော ရောဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှု စသည်တို့နှင့် ခွဲခြား၍မရသော အထင်ကရ မြစ်ကြီးတစ်စင်း ဖြစ်သည်။

မြန်မာနိုင်ငံအကြောင်း ရေးသားပြောဆိုဆွေးနွေးကြမည်ဆိုလျှင် ရောဝတီမြစ်ကြီးကို ချန်လှပ်ထား၍ မရနိုင်ပေ။ မြန်မာနိုင်ငံ၏ ရှည်လျားလှသော သမိုင်းကြောင်းနှင့် ယှဉ်လျက် ရောဝတီမြစ်ကြီးက တည်ရှိနေခဲ့သည်။ စီးဆင်းနေခဲ့သည်။ စီးဆင်းနေဆဲ ဖြစ်သည်။ တစ်ချိန်က မြန်မာလူမျိုးတို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေခဲ့ကြစဉ်ကလည်း ရောဝတီက အရေးပါခဲ့သည်။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ်ကာလတစ်လျှောက်လုံး၌လည်း ရောဝတီ၏ အခန်းကဏ္ဍကို ဘေးဖယ်ထား၍ မရခဲ့ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ မျက်မှောက်ကာလထိတိုင်လည်း ရောဝတီမြစ်ကြီး၏ အခန်းကဏ္ဍက အရေးပါနေဆဲဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းမှ စီးဆင်းလာပြီး မြန်မာနိုင်ငံတောင်ပိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် ပင်လယ်ထဲသို့စီးဝင်နေသော ရောဝတီမြစ်ကြီးသည် မြစ်ကမ်းဘေးဝဲယာတစ်လျှောက်ရှိ မြို့ရွာများ၊ ဘုရားပုထိုးစေတီများ၊ တောတောင်ချောက်ကမ်းပါးများ၏ တည်နေပုံကို ထူးခြားစွာ လှပ်ရှားသက်ဝင်စေသည့်အပြင် ကူးသန်းသွားလာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် သယံဇာတဖွံ့ဖြိုးရေးစသော နိုင်ငံ့စီးပွားရေးကိုလည်း ထိရောက်စွာ အကျိုးပြုလျက်ရှိနေသည်။ အချုပ်ဆိုရသော် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ဓလေ့ထုံးစံ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေး၊ မြန်မာ့နိုင်ငံရေးစသည့် ကဏ္ဍနယ်ပယ် အသီးသီးတွင် ရောဝတီသည် ထိပ်တန်းအဆင့်၌ပင် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

ရောဝတီမြစ်ကြီး၏ သမိုင်းတန်ဖိုးမှာ ရေးဖွဲ့၍ မကုန်နိုင်လောက်အောင်ပင် ကြီးမားကျယ်ပြန့်လှသည်။ ရောဝတီ၏ အရေးပါမှုနှင့် သမိုင်းကြောင်းကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့က သာမက ကမ္ဘာ့နိုင်ငံများကပါ တလေးတစား အသိအမှတ်ပြုခဲ့ကြသည်။ ရောဝတီ၏ သမိုင်းကြောင်းက ရှည်လျားပြီး သမိုင်းတန်ဖိုးက ကြီးမားလှသလို. . . သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှုထောင့်မှနေ၍ အကဲဖြတ်ရမည့် တန်ဖိုးကလည်း ကိန်းဂဏန်းအားဖြင့် ဖော်ပြရန်ပင် မစွမ်းဆောင်နိုင်လောက်အောင် ကြီးမားလွန်းလှသည်။

ကမ္ဘာပေါ်တွင် မိုင် ၆၀၀ နှင့်အထက် ရှည်လျားသည့် မြစ်ကြီး ၁၇၇ စင်း ရှိသည့်အနက် ၆၄ စင်းသော မြစ်ကြီးများကသာလျှင် ရေကာတာများ၏ ပိတ်ဆို့ဟန့်တားမှုမှ လွတ်ကင်းလျက် လွတ်လပ်စွာ စီးဆင်းခွင့်ကို ရရှိနေကြသည်။ ယင်းကဲ့သို့ လွတ်လပ်စွာ စီးဆင်းခွင့်ရနေကြသေးသော မြစ်ကြီး ၆၄ စင်းအနက် ပင်လယ်ထဲသို့ တစ်နှစ်ပတ်လုံး အလျဉ်မပြတ် စီးဝင်နိုင်သော မြစ်ကြီးများမှာ ၂၁ စင်းသာလျှင် ကျန်ရှိတော့သည်။ ထို ၂၁ စင်းသော မြစ်ကြီးများထဲတွင် ယခုအချိန်အထိ ရောဝတီမြစ်ကြီးက ပါဝင်နေဆဲဖြစ်သည်။ ဤသည်မှာကား တန်ဖိုးသတ်မှတ်၍ မရနိုင်လောက်အောင် အဖိုးအနဂ္ဃ ထိုက်တန်လှသော မြစ်ကြီးရောဝတီ၏ ဂုဏ်ဒြပ်ပင် ဖြစ်သည်။

မိုင်ပေါင်း ၁၄၅၀ ရှည်လျားသော အမေရိကန်နိုင်ငံရှိ ကော်လိုရာဒိုမြစ်သည်လည်းကောင်း၊ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းကို ထင်ဟပ်စေခဲ့သော မိုင်ပေါင်း ၃၄၀၀ ရှည်လျားသည့် မြစ်ဝါမြစ်သည်လည်းကောင်း၊ တိဗက်ကုန်းပြင်မြင့်၌ မြစ်ဖျားခံပြီး အာရေဗျပင်လယ်ထဲသို့ စီးဝင်သော မိုင် ၂၀၀၀ ရှည်လျားသည့် အိန္ဒိယနိုင်ငံရှိ အိန္ဒုမြစ်ကြီးသည်လည်းကောင်း တစ်နှစ်တာကာလ၏ အချိန်အတော်များများတွင် ပင်လယ်ထဲသို့ရောက်အောင် မစီးဝင်နိုင်တော့ဘဲ ရေစီးလမ်းကြောင်း ပြတ်တောက်လျက် ရှိနေကြသည်။

၁၉၄၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ မြစ်ကြီးမြစ်ငယ်ပေါင်း ၉၂၅ စင်း၏ ရေစီးဆင်းမှုဆိုင်ရာ လေ့လာချက်များကိုပြုလုပ်ခဲ့သောအမေရိကန် အမျိုးသားသုတေသနဌာနနှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်အဖွဲ့၏ လေ့လာဆန်းစစ်ချက်များအရ ရောဝတီမြစ်ကြီးသည် အီဂျစ်နိုင်ငံရှိ နိုင်းလ်မြစ်၊ တရုတ်နိုင်ငံရှိ ယန်စီမြစ်၊ ဩစတြေးလျနိုင်ငံရှိ မာရေမြစ်၊ အိန္ဒိယနိုင်ငံရှိ ဂင်္ဂါမြစ်တို့နှင့်အတူ ရေစီးပမာဏ လျော့နည်းလာနေပြီး အချိန်မီ ထိန်းသိမ်းမှုများကို မပြုလုပ်နိုင်ပါက မြစ်ရေခန်းခြောက်မှုဆီသို့ ဦးတည်သွားနိုင်သောအခြေအနေ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မည်မျှ ကြီးမားကျယ်ပြန့်ရှည်လျားသော မြစ်ကြီးများ၌မဆို မြစ်ရေထုတ်ယူသုံးစွဲမှု လွန်ကဲခြင်း၊ မြစ်ကြောင်းကိုဟန့်တား၍ ရေကာတာများ တည်ဆောက်ခြင်း၊ သဘာဝတောများကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိခြင်း၊ မြစ်ဝှမ်းဒေသများအတွက် စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းစသော လူ့ပယောဂများကြောင့် မြစ်ကြောင်းလမ်းသွေဖည်ခြင်း၊ နုန်းကျမှုပုံစံ ပြောင်းသွားခြင်း၊ ရေတွင်ပျော်ဝင်သည့် အောက်ဆီဂျင်ပမာဏ ယုတ်လျော့ကျဆင်းခြင်း၊ မြစ်ရေစီးကြောင်းပြတ်တောက်ခြင်း စသည်တို့ကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာ့ မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသဝန်းကျင်တွင် ရှေးနှစ်သန်းပေါင်းများစွာကတည်းက သဘာဝအလျောက် တည်ရှိနေခဲ့ကြသော မြစ်ကြီးမြစ်ငယ်တို့မှလွဲ၍ ကျန် ကမ္ဘာ့မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၏ မြစ်ရေစီးဆင်းရာလမ်းကြောင်းများပေါ်၌ အချို့မှာ ဆည်နှင့်ရေကာတာများ တည်ဆောက်ထားကြပြီး ဖြစ်သလို. . . အချို့ကမူ ဆည်နှင့် ရေကာတာများတည်ဆောက်ရန် လျာထားသတ်မှတ်ကြပြီး ဖြစ်သည်။ ဆောက်လုပ်ထားကြပြီးဖြစ်သည့် အကြီးစားရေကာတာများ၌ သိုလှောင်ထားသည့် ရေပမာဏမှာ မြစ်ကြောင်းတစ်လျှောက် စီးဆင်းနေသော ရေပမာဏ၏ သုံးဆခန့်အထိပင်ရှိနေသည့်အတွက် မြစ်ရေစီးဆင်းမှုကို သိသိသာသာလျော့နည်းသွားစေလျက်

စာမျက်နှာ ၁၈ သို့

ကမ္ဘာပေါ်တွင် မိုင် ၆၀၀ နှင့်အထက် ရှည်လျားသည့် မြစ်ကြီး ၁၇၇ စင်း ရှိသည့်အနက် ၆၄ စင်းသော မြစ်ကြီးများကသာလျှင် ရေကာတာများ၏ ပိတ်ဆို့ဟန့်တားမှုမှ လွတ်ကင်းလျက် လွတ်လပ်စွာ စီးဆင်းခွင့်ကို ရရှိနေကြသည်။ ယင်းကဲ့သို့ လွတ်လပ်စွာ စီးဆင်းခွင့် ရနေကြသေးသော မြစ်ကြီး ၆၄ စင်းအနက် ပင်လယ်ထဲသို့ တစ်နှစ်ပတ်လုံး အလျဉ်မပြတ် စီးဝင်နိုင်သော မြစ်ကြီးများမှာ ၂၁ စင်းသာလျှင် ကျန်ရှိတော့သည်။ ထို ၂၁ စင်းသော မြစ်ကြီးများထဲတွင် ယခုအချိန်အထိ ရောဝတီမြစ်ကြီးက ပါဝင်နေဆဲဖြစ်သည်။ ဤသည်မှာကား တန်ဖိုးသတ်မှတ်၍ မရနိုင်လောက်အောင် အဖိုးအနဂ္ဃ ထိုက်တန်လှသော မြစ်ကြီးရောဝတီ၏ ဂုဏ်ဒြပ်ပင် ဖြစ်သည်

စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် သံချပ်စာသားများကို စိစစ်ပြီးမှ ခွင့်ပြုမည်

မုံရွာ မေ ၆
၁၃၇၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သံချပ်အဖွဲ့များ၏ စာသားများကို စိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့်သာ ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်သံချပ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကျွန်တော်တို့ သံချပ်အဖွဲ့ဝင်တွေအတွက် သတ်မှတ်ချက်တွေရှိပါတယ်။ အဲဒီသတ်မှတ်ချက်တွေကတော့ တစ်ဖွဲ့လျှင် တီးဝိုင်းအပါအဝင် လူ ၁၂ ဦးထက် မပိုရဘူး။ နောက်တစ်ခုက ပြိုင်ပွဲမှာ သံချပ်ယှဉ်ပြိုင်မှုအချိန်ကို ၁၅ မိနစ် သတ်မှတ်ပေးထားပါတယ်။ သံချပ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် အဖွဲ့ဝင်တွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်မယ့် သံချပ်စာသားတွေကို မေ ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ရုံးကြီးလမ်း ရုံးကြီးရပ်ကွက် မုံရွာမြို့မှာရှိတဲ့ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို သွားရောက်ပေးပို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အချိန်မီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု သံချပ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသူတစ်ဦးက ပြောသည်။

အဆိုပါ သံချပ်ပြိုင်ပွဲအတွက် သတ်မှတ်ရက် သတ်မှတ်ချိန်ထက် နောက်ကျ၍ ပေးပို့လာသော သံချပ်အဖွဲ့များအား လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သံချပ်စာသားများကို စိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် အတာရေသဘင်မဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ အလှပြယာဉ်များနှင့်အတူ သင်္ကြန်သံချပ်အဖွဲ့များ၏ ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ဖိုးချမ်း(မုံရွာ)

ကျောက်ပန်းတောင်းမြို့နယ်၌ နွေရာသီကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်

ကျောက်ပန်းတောင်း မေ ၆
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ရွှေနဒီပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် နွေရာသီကွန်ပျူတာသင်တန်းကို မေ ၄ ရက်က စတင်ဖွင့်လှစ်ပြီး သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

"ဒီသင်တန်းဖွင့်လှစ်တဲ့ ရည်ရွယ်ချက်ကတော့ ခေတ်ရဲ့လိုအပ်ချက်အရ မဖြစ်မနေတတ်သင့်တဲ့ ပညာရပ်တစ်ခုဖြစ်တာက တစ်ကြောင်း၊ နောက်ပြီး ပြင်ပမှာသင်ယူဖို့အတွက် ငွေကြေးအခက်အခဲရှိတဲ့ ကလေးတွေအတွက်လည်း အခုလို အခမဲ့သင်ကြားပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးရာရောက်တာက တစ်ကြောင်း တို့ကြောင့် ဦးဇင်းအနေနဲ့ ဒီကွန်ပျူတာ သင်တန်းကို ဖွင့်ပေးဖြစ်တာပါ။ အထောက်အကူပြု ပစ္စည်းအနေနဲ့ကတော့ ဦးဇင်း ဒီလိုသင်တန်းလေးတွေ ဖွင့်ချင်ရင် ဖွင့်လို့ရအောင် လာလှူထားကြတဲ့ ကွန်ပျူတာ အစုံ ၃၀ ရှိပါတယ်။ နေရာထိုင်ခင်းကလည်း အဆင်သင့်ပါပဲ။ သင်ကြားပေးမယ့် နည်းပြဆရာ ဆရာမတွေကိုတော့ ရန်ကုန်က ဗော်လံတီယာအဖွဲ့ကို အကူအညီတောင်း ထားတာပါ"ဟု ရွှေနဒီပရဟိတကျောင်း ဆရာတော်ဦးယုဇနက မိန့်ကြားသည်။ ကွန်ပျူတာ သင်တန်းတွင် ရန်ကုန်မြို့ White Generations အဖွဲ့မှ လူငယ်များက လာရောက်ပညာဒါနပြု သင်ကြားပေးနေကြောင်း သိရသည်။

ကွန်ပျူတာ အစုံ ၃၀ ရှိသည့်အတွက် တန်းခွဲတစ်ခုလျှင် လူ ၃၀ စီဖြင့် တစ်နေ့လျှင် တန်းခွဲငါးခုခွဲ၍ သင်ကြားပေးနေကြောင်း၊ သင်တန်းများကို ပညာအရည်အချင်းအလိုက် ခွဲ၍သင်ကြားပြီး နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများကို တန်းခွဲ (၁)နှင့်(၂)၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရများကို တန်းခွဲ(၃)နှင့် (၄)တန်းမှ အဌမတန်းအထိ ကျောင်းသားငယ်များကို တန်းခွဲ(၄)နှင့်(၅)ဟူ၍ ခွဲခြား သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ ကွန်ပျူတာသင်တန်းတွင် သင်တန်းသား ၁၅၀ တက်ရောက်သင်ကြားနေပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ မတ် ၅ ရက်အထိဖြစ်ကြောင်း၊ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းချိန် ငါးချိန်ဖွင့်လှစ်၍ သင်ယူတတ်မြောက်မှု စွမ်းရည်အလိုက် သင်ခန်းစာများကို တိုးမြှင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(iprd)

သတင်းတိုများ

သောက်သုံးရေပြတ်လပ်သွားသော ကျေးရွာများအတွက် ရေများဖြန့်ဝေပေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် အပူချိန်မြင့်မားမှုကြောင့် တောင်တီးရွာသစ်ကျေးရွာတွင် သောက်သုံးရေပြတ်လပ်သွားသဖြင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအေးကျော်ဦးဆောင်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတိုးကြည်နှင့် ဝန်ထမ်းများက သောက်သုံးရေ ဂါလန် ၉၀၀ ကို သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အောင်လံမြို့နယ်တွင် ယခုနှစ်နွေရာသီကာလအတွင်း သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်သော ကျေးရွာ ၃၂ ရွာရှိခဲ့ပြီး အဆိုပါကျေးရွာများမှ တောင်တီးရွာသစ်တွင် ပထမဆုံး ရေပြတ်လပ်မှု ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

သိန်းလွင်(အောင်လံ)

နတ်မောက်မြို့နယ်ကျေးရွာများသို့ ရေများဖြန့်ဝေပေး

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အိုင်ဇောက်ကျေးရွာအုပ်စု ကံကြီးကုန်းကျေးရွာ၌ သောက်သုံးရေရှားပါးပြတ်လပ်လာပြီး ပြည်သူများ ရေအခက်အခဲကြုံတွေ့နေရသဖြင့် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ အိမ်ထောင်စု ၇၅ စုအတွက် ရေခုနစ်ဂါလန်ဆံ့ ရေဘူး ၇၅ ဘူးနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ ကို မေ ၄ ရက်က ပူးပေါင်းဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်တွင် နွေရာသီကာလ၌ အပူရှိန်မြင့်မားမှုကြောင့် ကျေးရွာအချို့၌ နှစ်စဉ်ရေကန်များခန်းခြောက်ကာ သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်ကြရပြီး ယခုနှစ်နွေရာသီတွင် ပြည်သူများ ရေအခက်အခဲမရှိရေးအတွက် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအဖွဲ့တို့ပူးပေါင်း၍ ရေများဖြန့်ဝေပေးလျက်ရှိသည်။

လှဝင်း(နတ်မောက်)

ကျေးရွာကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

ငဖဲ မေ ၆
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၌ ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ ထောက်ပံ့လှူဒါန်းထားသော ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်က ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဂျပန်သံရုံးမှ အလှူရှင်မစ္စတာဟီဂရှိက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာပွင့်လင်းစာကြည့်တိုက်အတွက် ဂျပန်နိုင်ငံ ပညာရေးကဏ္ဍဆိုင်ရာ လက်ကမ်းစာစောင်နှင့် စာအုပ်များကို ပေးအပ်လှူဒါန်းကာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဂျပန်သံရုံးမှ အလှူရှင် မစ္စတာဟီဂရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိပြီး အလျား ၃၅ ပေ၊ အနံ ၁၅ ပေရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံလည်း ပါဝင်ကာ လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူ ၂၅၀၀ ကျော်၏ ကျန်းမာရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ခွာနာလျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေး

မြစ်သား မေ ၆
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် နွားလျှာရိုးကျေးရွာ၌ တောင်သူသူများ မွေးမြူထားသော နွားများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ခွာနာလျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်လင်း (တိမွေး/ကု)နှင့် အဖွဲ့က နွားလျှာရိုးကျေးရွာရှိ တောင်သူများအား တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် ရောဂါလက္ခဏာများ၊ ရောဂါကာကွယ်နည်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဆွေးနွေးဟောပြောပြီး(OIE) တောင်သူများ၏ ကျွဲနွားများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် ခွာနာလျှာနာရောဂါကာကွယ်ဆေးများ ထိုးပေးခဲ့ရာ နွားကောင်ရေ ၂၅၀ ကို ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

စာမျက်နှာ ၁၇ မှ
ရှိသည်။

စုစုပေါင်းအားဖြင့် မိုင်ပေါင်းခြောက်သိန်းကျော်ရှည်လျားသော ကမ္ဘာ့မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့၌ စီးဆင်းနေသော မြစ်ရေများကို အကြောင်းပြု၍ သောက်သုံးရေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးရေ၊ မွေးမြူရေးလုပ်ငန်းသုံးရေ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အသုံးပြုသောရေ စသည်တို့အတွက် တည်ဆောက်ခဲ့ကြသော ဆည်နှင့် ရေကာတာများသည် လူတို့၏ အကျိုးစီးပွားကို ချက်ချင်းလက်ငင်းအားဖြင့် ပေးစွမ်းနိုင်ခဲ့ကြသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို အကြီးအကျယ် ထိခိုက်ပျက်စီးစေကာ မြစ်ကြီးမြစ်ငယ်များ အဖို့ ပင်လယ်ထဲအထိ ရောက်အောင် မစီးဆင်းနိုင်ကြတော့ဘဲ ရေစီးလမ်းကြောင်း ပြတ်တောက်သွားသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီး၏ အထက်ပိုင်းရှိ မေခနှင့်မလိခ မြစ်နှစ်မြွာပေါင်းဆုံရာ မြစ်ဆုံဒေသ၌ ရေကာတာကဲ့သို့သော အတားအဆီးများကို တည်ဆောက်မည်ဆိုပါက နွေရာသီကာလ၌ မြစ်ရေစီးဆင်းမှုပမာဏ သိသာစွာလျော့နည်းကျဆင်းသွားနိုင်ခြင်း၊ မြစ်ရေစီးလမ်းကြောင်း ပြတ်တောက်သွားနိုင်ခြင်း၊ နုန်းပို့ချမှုပုံစံ ပြောင်းလဲသွားခြင်း၊ မြစ်ကြောင်းလမ်းကြောင်း ပြောင်းလဲသွားနိုင်ခြင်း၊ ရေကြောင်း သွားလာရေး၌ အကန့်အသတ်များ ရှိလာခြင်း၊ မြစ်ရေထဲ၌ အောက်ဆီဂျင် ပျော်ဝင်မှုနှုန်း ကျဆင်းသွားခြင်း၊ ရေနေသတ္တဝါများ ပေါက်ပွားရှင်သန်မှုအပေါ် ထိခိုက်မှုဖြစ်ခြင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်မှု ကျဆင်းသွားခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်အပေါ် ကြီးမားသော ထိခိုက်မှုဖြစ်ခြင်းစသည့် ကြီးမားလှသည့် ပေးဆပ်ရမှုများနှင့် ကြုံတွေ့ကြရဖွယ် ရှိနေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ကြီး တည်တံ့နေသရွေ့ . . . မြန်မာလူမျိုးတို့ တည်ရှိနေသရွေ့. . . မြန်မာ့အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီးကို မြန်မာနိုင်ငံသားမှန်သမျှတို့က တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ကြရမည်သာ ဖြစ်သည်။ တစ်နည်းဆိုသော် . . . မြန်မာ့ဂုဏ်ရည် ဧရာဝတီမြစ်ကြီး ထာဝစဉ်တည်တံ့ စီးဆင်းနေရေးသည် မြန်မာတို့၏ ဦးစားပေး အရေးကိစ္စကြီးတစ်ရပ်ပင် ဖြစ်ပေသည်။ ။

ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ နိုင်ပွဲရဦးမယ့် လာလီဂါပွဲစဉ် (၃၂)

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ် (၃၂)ကို မေ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာတော့ အသင်းကြီးတွေ အမှတ်ပြည့်ရဖို့အနေအထားရှိပြီး အသင်းငယ်တွေရဲ့ကြိုးစားမှုတွေကလည်း ထိပ်တန်းအသင်းတွေအတွက် အခက်အခဲရှိစေဦးမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့က အီဘာနဲ့တွေ့ဆုံရမှာဖြစ်ပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် အခြေအနေကောင်းနဲ့ ကြုံတွေ့ရဖို့ရှိပြီး ဘာစီလိုနာတို့က အဝေးကွင်းမှာ ဆိုစီဒက်နဲ့တွေ့ဆုံရမှာဖြစ်လို့ အောင်ပွဲခံရဦးမှာဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့်အီဘာ

ဘာစီလိုနာကို အဝေးကွင်းမှာ နိုင်ပွဲရအောင် ကစားနိုင်တဲ့ ရီးရဲမက်ဒရစ်တို့အနေနဲ့ အခုပွဲမှာ အီဘာကိုလည်း ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး အားထုတ်ပါလိမ့်မယ်။ အီဘာနဲ့ဆုံတိုင်း ရီးရဲမက်ဒရစ်တို့က ဂိုးပြတ်သွင်း နိုင်ပွဲရခဲ့တာဖြစ်လို့ အခုပွဲမှာလည်း အီဘာကို ဂိုးဘယ်လောက်သွင်းယူနိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ အီဘာတို့ရဲ့လက်ရှိခြေစွမ်းက ကျဆင်းနေပြီး တိုက်စစ်၊ ခံစစ်ပိုင်းတွေက အားရစရာမရှိတာမို့ အခုပွဲဟာ ရီးရဲမက်ဒရစ်အတွက်တော့ သုံးမှတ်အပြည့်ရယူမယ့်ပွဲပါပဲ။

ဆိုစီဒက်နှင့်ဘာစီလိုနာ

ဆိုစီဒက်တို့က အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်တွေကို အခက်တွေ့အောင် ကစားနိုင်ပါတယ်။ ဘာစီလိုနာနဲ့ ဆုံတိုင်း ဆိုစီဒက်တို့ ရှုံးပွဲကြုံတာများပြီး အနိုင်ရရှိအောင် အားထုတ်ပေမယ့် ထူးခြားတဲ့ပြောင်းလဲမှုမရှိခဲ့ပါဘူး။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်လည်း ဘာစီလိုနာတို့ချည်းပဲ နိုင်ပွဲရှိခဲ့သလို ချေပဂိုးတစ်ဂိုးတောင် ပြန်မသွင်းနိုင်ခဲ့ပါဘူး။ ဘာစီလိုနာတို့အတွက် ရာသီကုန်ပွဲစဉ်တွေအားလုံး အနိုင်ကစားဖို့ရှိနေတာမို့ အဲဒီမျှော်မှန်းချက်အတိုင်း ပြည့်ဝဖို့ ဒီပွဲကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူပါလိမ့်မယ်။

ဂရန်နာဒါနှင့်မာလာဂါ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှု ပွဲရလဒ်ကိုကြည့်ရင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲပါ။ မာလာဂါတို့ဟာ ဂရန်နာဒါကွင်းမှာ နိုင်ပွဲရတာမရှိသလောက် နည်းပါးတာမို့ အခုပွဲဟာ မာလာဂါတို့ စနစ်တကျပြင်ဆင်ကစားမှုရပါလိမ့်မယ်။ ဒါပေမယ့် လောလောဆယ်ခြေစွမ်းပိုင်းမှာတော့ မာလာဂါတို့ တိုးတက်မှုရှိနေတာမို့ ဂရန်နာဒါတို့ ထင်သလောက် မလွယ်ပါဘူး။ ဂရန်နာဒါတို့ကလည်း တန်းမဆင်းရရေး ခြေကုန်ထုတ်လာမှာမို့ ဒီပွဲဟာ တစ်မှတ်စီခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

ဘက်တစ်နှင့်လီဗန်တေး

တန်းစီဇယား အောက်ဆုံးကို ရောက်ရှိနေတဲ့ လီဗန်တေးတို့ကတော့ ဒီပွဲမှာ ဘက်တစ်ထံမှ ရသလောက် အမှတ်ယူပါလိမ့်မယ်။ ဘက်တစ်တို့ကလည်း ရာသီကုန်ချိန်မှာ ရပ်တည်ချက်ခိုင်မာဖို့အတွက် အိမ်ကွင်းမှာကစားရမယ့် ဒီပွဲအတွက်တော့ မျှော်လင့်ချက်ကြီးကြီးထားပြီး ရင်ဆိုင်ပါလိမ့်မယ်။ နှစ်သင်းစလုံး အနေနဲ့ အကောင်းဆုံးစုဖွဲ့မှုတွေ၊ ပြင်ဆင်မှုတွေ ပြုလုပ်လာမှာဖြစ်တဲ့အတွက် ဒီပွဲကလည်း သရေပွဲရလဒ်ကို ဦးတည်သွားနိုင်ပါတယ်။

အက်စ်ပန်းညိုနှင့် အက်သလက်တီကို

အက်သလက်တီကိုနဲ့ ဆုံတိုင်း အပြင်းအထန် တုံ့ပြန်ကစားလေ့ရှိတဲ့ အက်စ်ပန်းညိုတို့ဟာ အခုပွဲ အိမ်ကွင်းမှာ မာမာတင်းတင်းကစားဖို့ သေသေချာချာပြင်ဆင်ထားပါလိမ့်မယ်။ အက်စ်ပန်းညိုနဲ့ အက်သလက်တီကိုတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် အက်စ်ပန်းညိုတို့က သရေတစ်ပွဲကစားပြီး နှစ်ပွဲရှုံးထားခဲ့ပါတယ်။ အက်သလက်တီကိုတို့ အနိုင်ရခဲ့တဲ့ နှစ်ပွဲစလုံးဟာ လွယ်ကူခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်းကို ကြည့်ရင်တော့ နေရာစုံမှာ စွမ်းရည်မြင့်တဲ့ ကစားသမားတွေ ပိုင်ဆိုင်ထားတဲ့ အက်သလက်တီကိုအတွက် ဒီပွဲမှာ အနိုင်သုံးမှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ ။

စတမ်းဖို့ဒ်ဘရစ်ကို ကိုင်လှုပ်မယ့် ကွန်တီး

ယူရို ၂၀၁၆ အပြီး အီတလီနည်းပြကွန်တီးဟာ ချယ်လ်ဆီးအသင်းကို ရောက်လာမှာဖြစ်ပါတယ်။ အန်တိုနီယိုကွန်တီးကို စတမ်းဖို့ဒ်ဘရစ်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အီတလီအသင်းနဲ့ ယူရို ၂၀၁၆ အပြီး ချယ်လ်ဆီး အသင်းနဲ့လာရောက်ပူးပေါင်းမှာဖြစ်ပါတယ်။ ကွန်တီးကို ချယ်လ်ဆီးက တစ်နှစ်ကို ပေါင် ၄ ဒသမ ၇၅ သန်းနဲ့ စာချုပ်လိုက်တာပါ။ ကျွန်တော့်အနေနဲ့ အီတလီနည်းပြဖြစ်နေတာ ဂုဏ်ယူသလို ချယ်လ်ဆီးနည်းပြဖြစ်လာမှာကိုလည်း ကြိုဆိုပါတယ်ဟု ကွန်တီးကဆိုပါတယ်။ ပရီမီယာလိဂ်မှာ တစ်နှစ်ထက်တစ်နှစ် စိန်ခေါ်မှုတွေတိုးလာပေမယ့် အောင်မြင်တဲ့အနေနဲ့ ဖြစ်အောင်ကြိုးစားသွားမှာဖြစ်ပါတယ်လို့ ကွန်တီးကဆိုပါတယ်။ ကွန်တီးဟာ စီးရီးအေမှာ ဂျူဗင်တပ်စ်အသင်းနဲ့အတူ အောင်မြင်ခဲ့တဲ့သူဖြစ်သလို အီတလီအသင်းကိုလည်း ယူရို ၂၀၁၆ ပြိုင်ပွဲကိုရောက်အောင် ကြိုးစားခဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက မော်ရင်ဟိုကို အလုပ်ဖြုတ်လိုက်ပြီးနောက် ယာယီနည်းပြ ဟစ်ဒင့်နေရာမှာ ကွန်တီးက ယူရို ၂၀၁၆ အပြီး လွှဲပြောင်းယူသွားမှာဖြစ်ပါတယ်။

ပီရူးတောင်ပံတိုက်စစ်မှူးကို စပါးစောင့်ကြည့်နေ

စပါးက ပီရူးတောင်ပံတိုက်စစ်မှူး ခရစ်စတီယန်ကူးဗားအား ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ဆိုပါတယ်။ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလား မျှော်မှန်းထားတဲ့ စပါးက တောင်ပံတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူသွားဖို့ ကြိုးစားနေတာပဲ။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ကူးဗားဟာ မက္ကစီကိုကလပ် တိုလူကာမှာကစားနေသူပါ။ သူဟာ စပါးအသင်းမှာ ၁၃ ကြိမ် ပါဝင်ကစားထားသူဖြစ်ပါတယ်။

စပါးက တိုက်စစ်မှူးကူးဗားကို ပေါင် ၁၅ သန်းနဲ့ ခေါ်ယူသွားဖို့ ပစ်မှတ်ထားနေပါတယ်။ စပါးအသင်းက တိုက်စစ်အားကောင်းတဲ့ ကစားသမားတွေခေါ်ယူဖို့ ကြိုးစားပြင်ဆင်တဲ့နေရာမှာ ကူးဗားကတော့ နံပါတ်တစ်ဖြစ်တယ်လို့ဆိုပါတယ်။

စပါးအသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဟယ်ရီကိန်းကို ရောင်းထုတ်ပြီး ကစားသမားအသစ်ခေါ်ယူဖို့ရှိနေပါတယ်။ စပါးအသင်းဟာ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားရဖို့ လက်စတာအသင်းနဲ့ အနီးကပ် စိန်ခေါ်နေတဲ့အသင်းဖြစ်ပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

ပုဂံ- ညောင်ဦးသို့ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်အဝင်များ၍ ဗူးဘုရားအနီးမှ စက်လှေလုပ်ငန်းရှင်များ အလုပ်ဖြစ်နေ

ညောင်ဦး ဧပြီ ၆

ယခုရက်ပိုင်းတွင် ပုဂံ - ညောင်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ လာရောက်မှုများပြားနေပြီး ပုဂံ တစ်ဖက်ကမ်း တန့်ကြည့်တောင် စွယ်တော်မြတ်စေတီသို့လည်း သွားရောက်မှုများသဖြင့် ပုဂံ-ညောင်ဦးမြို့ရှိ ဗူးဘုရားစက်လှေဆိပ်မှ စက်လှေ လုပ်ငန်းရှင်များ နေ့စဉ်ဝင်ငွေရရှိနေကြကြောင်း သိရသည်။

ပုဂံ-ညောင်ဦးသို့ ဘုရားဖူးလာသော ဧည့်သည်များသည် ဘုရားများကိုဖူးမြော်ရာတွင် အထင်ကရ တန်ခိုးကြီးဘုရားများတွင် အပါအဝင်ဖြစ်ပြီး စွယ်တော်လေးဆူတွင်လည်း တစ်ဆူအပါအဝင်ဖြစ်သည့် တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော်ကြီးသို့ အဓိဋ္ဌာန်ဖြင့် သွားရောက် ဖူးမြော်လေ့ရှိကြောင်း သိရသည်။ တန့်ကြည့်တောင် စွယ်တော်မြတ် စေတီတော်ကြီးသို့ သွားရောက်ရန်အတွက် ပုဂံ-ညောင်ဦးမြို့ရှိ ဗူးဘုရားစက်လှေဆိပ်မှ စက်လှေများကို စင်းလုံးပြတ်ငှားရမ်း၍ သွားရောက်ရသဖြင့် စက်လှေမောင်းသူများမှာ နေ့စဉ်လှေငှားရမ်းနေရခြင်းဖြစ်သည်။

"ဘုရားဖူးဧည့်သည်တွေ စွယ်တော်လေးဆူဖူးမြော်ရာမှာ စွယ်တော်သုံးဆူဖြစ်တဲ့ ရွှေစည်းခုံ၊ လောကနန္ဒာနဲ့ တုရင်တောင်စွယ်တော်မြတ်စေတီတွေကို ကားနဲ့လှည့်လည်ပြီး ဖူးမြော်လို့ရပေမယ့် စွယ်တော်တစ်ဆူဖြစ်တဲ့ တန့်ကြည့်တောင်စွယ်တော်မြတ်စေတီကိုတော့ ဧရာဝတီမြစ်ရဲ့ တစ်ဖက်ကမ်းမှာဖြစ်နေတဲ့အတွက် စက်လှေငှားရမ်းပြီးမှ သွားလို့ရတာပါ။ အခုရက်ပိုင်းမှာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ဧည့်သည်တွေ အများအပြား ဝင်ရောက်ဖူးမြော်နေတာကြောင့် ဗူးဘုရားအနီးက စက်လှေလုပ်ငန်းရှင်တွေ နေ့စဉ် စက်လှေငှားရမ်း ပို့ဆောင်ခ ရနေလို့ အဆင်ပြေနေကြပါတယ်။ စက်လှေငှားရမ်းပို့ဆောင်ခကတော့ စင်လုံးပြတ်ငှားရမ်းခ ကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ ခန့်အထိ ပေးဆောင်ငှားရမ်းရပါတယ်"ဟု ဗူးဘုရားအနီး စက်လှေဆိပ်မှ လှေပိုင်ရှင်တစ်ဦးက ပြောပြသည်။

ယခုအချိန်တွင် အယ်နီညိုရာသီဥတုကြောင့် ပုဂံ-ညောင်ဦးဒေသတွင် အပူရှိန် မြင့်တက်နေသော်လည်း ပုဂံ-ညောင်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်များ လာရောက်မှု လျော့ကျခြင်းမရှိဘဲ အများအပြားလာရောက်နေလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေး

ထားဝယ် ဧပြီ ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းမှ လတ်တလောသောက်သုံးရေလိုအပ်မှုဖြစ်ပေါ်နေသော ကျေးရွာများဖြစ်သည့် ကညုံကျွန်းကျေးရွာ၊ ဝေဒီကျေးရွာနှင့် ပြင်ကြီးကျွန်းကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၁ ရက်မှ ၄ ရက်အထိ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ရေဖြန့်ဝေပေးရာတွင် ကညုံကျွန်းကျေးရွာရှိ အိမ်ထောင်စု ၃၀၅ စုမှ လူဦးရေ ၁၅၀၀ ကျော်အတွက် သောက်သုံးရေကို ထိုကျေးရွာမှ ခြောက်မိုင်အကွာတွင်ရှိသော လေးသွန်းခံကျေးရွာ စက်ရေတွင်းမှရေကို ရေသယ်ယာဉ်ဖြင့် သယ်ယူ၍လည်းကောင်း၊ ဝေဒီကျေးရွာရှိ အိမ်ထောင်စု ၅၂၂ စုမှ လူဦးရေ ၂၃၀၀ ကျော်အတွက် သောက်သုံးရေ ဂါလန် ၆၀၀၀ ကျော်ကို ရေသယ်ယာဉ်များဖြင့် သယ်ယူ၍လည်းကောင်း၊ ပြင်ကြီးကျွန်းကျေးရွာရှိ အိမ်ထောင်စု ၂၁ စုမှ လူဦးရေ ၃၀၀ နီးပါးအတွက် လီတာ ၂၀ ဆံ့ ရေသန့်ဘူးကြီး ၄၂ ဘူးကို စက်လှေဖြင့် သယ်ယူ၍လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

နယ်နိမိတ်ရေးရာပူးပေါင်းဆောင်ရွက်မှု သင်တန်းဖွင့်

တနင်္သာရီ ဧပြီ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံထိစပ်နေသည့် နယ်နိမိတ်မှတ်တိုင်များအား သိရှိနားလည်စေရန်နှင့် နှစ်နိုင်ငံ နယ်နိမိတ်ရေးရာများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နယ်နိမိတ်ရေးရာ၊ နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီး၍ ဧပြီ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး သင်တန်းတွင် နှစ်နိုင်ငံ သံတမန်နည်းလမ်းအရ နယ်နိမိတ်မှတ်တိုင်များ ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းဆိုင်ရာများ၊ နယ်စပ်စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့၍ သုံးလတစ်ကြိမ် စဉ်ဆက်မပြတ်စောင့်ကြည့်ရေး စသည့်အကြောင်းအရာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မောတောင်ဒေသ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်ကြားပို့ချခဲ့သည်။

သင်တန်းကို ဧပြီ ၅ ရက်နှင့် ၆ ရက် နှစ်ရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၁ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများတက်ရောက်ခဲ့သည်။

နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)

ထီးချိုင့်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတည်ဆောက်မှုများ မကြာမီပြီးစီးမည်

ကသာ ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ ဆောက်လုပ်လျက်ရှိသော ခုတင်(၅၀)ဆံ့ နှစ်ထပ်ဆေးရုံကြီးတည်ဆောက်မှုများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ မကြာမီ တည်ဆောက်မှုအားလုံးပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံကြီးသည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆေးရုံအဆောက်အအုံနှင့်အတူ ဝန်ထမ်းနေအိမ်လေးထပ်အဆောက်အအုံများကို ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ကာ ယခုအခါ ဝန်ထမ်းနေအိမ်အဆောက်အအုံမှာလည်း ၈၅ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ဆေးရုံသစ်ကြီးကို မေလဒုတိယပတ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ပြီးစီးသွားပါက ထီးချိုင့်မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

လှူအောင်(ကသာ)

အင်းမကျေးရွာအဝင်တံတားပြီးစီး၍ ဒေသခံများ သွားလာရေးအဆင်ပြေ

ကန့်ဘလူ ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အင်းမကျေးရွာအုပ်စု အင်းမကျေးရွာအဝင် တံတားကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အင်းမကျေးရွာ၏ တစ်ခုတည်းသောဝင်ပေါက် ထွက်ပေါက်တံတား ဖြစ်ပြီး ကျေးရွာနေပြည်သူများအတွက် အရေးပါသော တံတားဖြစ်ကြောင်း၊ တံတားသည် ဘိုးပိုင်၊ သံပေါင် ရက်မ၊ သစ်သားကြမ်းခင်း အမျိုးအစားဖြစ်ပြီး အရှည် ပေ ၁၀၀၊ အကျယ် ၁၅ ပေ ဖြစ်ကာ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် S345 ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို ဧပြီ ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပိုလီယိုကာကွယ်ဆေး ပြောင်းလဲသုံးစွဲခြင်း ရှင်းလင်း

တောင်ငူ ဧပြီ ၆

တောင်ငူခရိုင်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးရာတွင် ပိုလီယိုရောဂါပိုးသုံးမျိုးကာကွယ်ဆေး TOVP မှ ပိုလီယိုရောဂါပိုးနှစ်မျိုးကာကွယ်ဆေး BOVPသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေးပွဲကို တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစီး၍ တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တောင်ငူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးဦးမျိုးညီညီက အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာမိမိခင်က ပိုလီယိုရောဂါကာကွယ်ဆေး ပြောင်းလဲအသုံးပြုခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်ငူမြို့တွင်ဖွင့်လှစ်မည့် မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်းမှ ပရောဂျက်မန်နေဂျာ ဒေါ်မြင့်သီတာဝင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ရေရှားပါးသောကျေးရွာများသို့ သောက်ရေများဖြန့်ဝေ

ရေစကြို ဧပြီ ၆
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းမှ သောက်ရေရှားပါးသောကျေးရွာများသို့ ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဗြိဘအရှေ့ကျေးရွာမှ အိမ်ခြေ ၂၂၀ ရှိ လူဦးရေ ၁၀၀၀ ကျော်အတွက် သောက်ရေဂါလန် ၁၂၈၀ ကို ဧပြီ ၂ ရက်ကလည်းကောင်း၊ ဗြိဘ အနောက်ကျေးရွာမှ အိမ်ခြေ ၂၆၀ ရှိ လူဦးရေ ၁၃၀၀ ကျော်အတွက် သောက်ရေဂါလန် ၁၆၀၀ ကို ဧပြီ ၃ ရက်ကလည်းကောင်း ပေးဝေဖြန့်ဖြူးခဲ့ကြခြင်းဖြစ်သည်။ ရေစကြိုမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသော ကျေးရွာများမှ ပြည်သူများ ရေအခက်အခဲမရှိစေရန်အတွက် သောက်သုံးရေများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောကြားသည်။

အိမွန်ဆွေ(ရေစကြို)

ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ကြောပိတ်ဆို့မှုများအတွက် ထိရောက်စွာအရေးယူရန် လိုအပ်

ရန်ကုန် ဧပြီ ၆
ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားလေ့ရှိသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ ဧပြီ ၄ ရက်က ယာဉ်အဝင်အထွက် အရေအတွက် များလွန်းခြင်းမရှိသော်လည်း ည ၈ နာရီခန့်အထိ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့သည်။ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခြင်းမှာ ပွဲရုံများ၏ တိုက်ခန်းများရှေ့တွင် ကုန်ပစ္စည်းမျိုးစုံ စုပုံသိုလှောင်ထားခြင်းနှင့် ရောင်းချနေခြင်းများ၊ စည်ပင်ပိုင်လမ်းများပေါ်တွင် ဈေးရောင်းချနေခြင်းများကို ထိရောက်စွာ အရေးမယူ၍ဖြစ်ကြောင်း ပွဲရုံဝင်းအတွင်းရှိ လုပ်ငန်းရှင်အချို့က ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် နိုင်ငံ့ဝန်ထမ်း ယာဉ်ထိန်းရဲအင်အားဖြင့် မလုံလောက်၍ ပုဂ္ဂလိက ယာဉ်ရှင်းဝန်ထမ်း ၃၀ ဝန်းကျင်ဖြင့် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ပွဲရုံဝင်းအတွင်းနေ ပြည်သူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် နိုင်ငံတော်သို့ လုပ်ငန်းလိုင်စင်အတွက် တစ်နှစ်လျှင် ကျပ်ငါးသောင်းသာ ပေးသွင်းရသော်လည်း သန့်ရှင်းရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးစသည့် ကိစ္စရပ်များအတွက် ကိုယ်ထူကိုယ်ထခေါင်းစဉ်ဖြင့် ထည့်ဝင်ရငွေများမှာ တစ်နှစ်လျှင် ကျပ်နှစ်သိန်းခန့်အထိ ရှိနေကြောင်း၊ ထိုသို့ငွေကောက်ခံသော်လည်း ပွဲရုံဝင်းအတွင်း သန့်ရှင်းရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲမှုနှင့် ယာဉ်ရှင်းလုပ်ငန်းများတွင် တာဝန်ယူ တာဝန်ခံမှု အားနည်းနေဆဲဖြစ်ကြောင်း လုပ်ငန်းရှင်အချို့က ပြောသည်။

ယာဉ်ရှင်းအဖွဲ့များအနေဖြင့် ပွဲရုံဝင်းအတွင်းရှိ ကံ့ကော်လမ်းမ၊ ရေတမာလမ်းသွယ်နှင့် ခတ္တာလမ်းတို့ အပါအဝင် လမ်းများတွင် ပွဲရုံရှေ့၌ ကုန်များချခြင်း၊ ဈေးရောင်းချခြင်းတို့ကြောင့် ကုန်တင်ကားများက လမ်းပေါ်ရပ်၍ ကုန်တင်နေသည်များကိုလည်းကောင်း၊ စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းများကိုလည်းကောင်း တားမြစ်ရမည်ဖြစ်သော်လည်း နားလည်မှုရယူ၍ မသိဟန်ဆောင်နေသည်များရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပွဲရုံဝင်းလုပ်ငန်းများအတွက် လစဉ် လစာငွေသိန်းဂဏန်းအကုန်ခံ၍ အကြံပေးအဖွဲ့ငှားရမ်းသည်ဟု ထုတ်ပြန်သောငွေစာရင်းများအရ သိရသော်လည်း လက်တွေ့ဖြစ်စဉ်တွင် အကျိုးဖြစ်ထွန်းပြောင်းလဲမှုမြင်တွေ့ရမှု အားနည်းနေဆဲဖြစ်ကြောင်း၊ ပွဲရုံလုပ်ငန်းရှင်များထံမှ တစ်နှစ်လျှင် ကျပ်နှစ်သိန်းခန့် ကောက်ခံနေသကဲ့သို့ တာဝန်ယူ တာဝန်ခံမှုများရှိရန် လိုနေဆဲဖြစ်ကြောင်း၊ ပွဲရုံဝင်းအတွင်း အစိုးရသစ်ကို ကြိုဆိုထောက်ခံသည့် အလှူအတန်းများ ပြုလုပ်ကျွေးမွေးခြင်း၊ ထောက်ခံကြောင်း မီဒီယာများတွင် ထည့်သွင်းခြင်းများရှိသော်လည်း နေ့စဉ်အများပြည်သူတွေကြုံခံစားနေရသည့် ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်စေသည့် ဥပဒေနှင့်မညီညွတ်သော ဖြစ်စဉ်များအပေါ် ထိရောက်သော အရေးယူမှု အားနည်းနေဆဲဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်က ရှိခဲ့သည့် အားနည်းချက်များကို အစိုးရသစ်လက်ထက်တွင် ပွင့်လင်းမြင်သာစွာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

ဧပြီ ၄ ရက်တွင် အစိုးရသစ်လက်ထက် ပထမဆုံး ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပြီးနောက်တွင် နောက်ထပ် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်ခြင်းနှင့် မိုးရာသီ ရေကြီးရေလျှံမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်နိုင်မှုများနှင့်ပတ်သက်၍ တာဝန်ခံမှုများလိုအပ်နေသည်ဟု ပွဲရုံဝင်းအတွင်းမှ လုပ်ငန်းရှင်အချို့က ပြောသည်။

ခင်ဆိုင်

လျှာဖြတ်မခံလိုလျှင် ကွမ်းယာမစားပါနှင့်

သျှင်နေမင်း

ကွမ်းယာသည် မြန်မာယဉ်ကျေးမှု ရိုးရာဧည့်ခံပစ္စည်းတစ်ခုဖြစ်ပါသည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဧည့်ခန်းသုံးတော်ဝင်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့ပြီး ရိုးရာနတ်ပွဲများတွင်လည်း လက်ဖက်နှင့် ကွမ်းယာသည်မရှိမဖြစ် မပါမပြီးသည့် ပစ္စည်းတစ်မျိုး ဖြစ်ခဲ့ပါသည်။ အလှူပွဲများတွင် ဆိုလျှင်လည်း ကွမ်းတောင်ကိုင်နေရာအတွက် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ အလှဆုံးမိန်းကလေးများကို နေရာပေးစေခိုင်းတတ်ကြသည်အထိ ကွမ်းယာသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတွင် အရေးပါခဲ့သည်။

ကွမ်းယာနှင့်ပတ်သက်၍ စာဆိုများလည်း ရှိခဲ့ပါသည်။ ‘တံတားဦးက ကွမ်းနုဝါ၊ ငန်းမြာကဆေး၊ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး’ဆိုသည့် မြန်မာ့ရိုးရာကွမ်းကဗျာတွင် ကွမ်းတစ်ယာ၏ အင်္ဂါရပ်များဖြစ်သော ကွမ်းရွက်၊ ဆေး၊ ကွမ်းသီး၊ ထုံးနဲ့ ရှားစေးတို့ကို ထွက်ရှိရာ ဒေသနှင့်တကွ ဖွဲ့နွဲ့စပ်ဆို ဖော်ပြခဲ့ပါသည်။

ထိုကဲ့သို့ စာချိုးလေးပင်ရှိခဲ့သောကြောင့် ကွမ်းယာယဉ်ကျေးမှုသည် မြင့်မြင့်မားမားတည်ရှိခဲ့ပါသည်ဆိုသည့်အချက်ကို မငြင်းလိုပါ။ ရှေးမြန်မာလူမျိုးတို့၏ အယူအဆကား ကွမ်းစားခြင်းသည် ခံတွင်းနံ့ကိုရှင်းစေသည်၊ သွားခိုင်သည်၊ ကွမ်းယာတွင်ပါသည့် ဆေးရွက်ကြီးသည် ရောဂါပိုးမွှားများကို သေစေသည်ဟု ယူဆထားကြပြီး ကွမ်းစားခြင်းဓလေ့သည် မြန်မာနိုင်ငံတွင် တည်ရှိခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကွမ်းစားသည့် လူမျိုးသည် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးဖြစ်ကြောင်း သိရပြီး ကွမ်းသီးဝါးခြင်းနှင့် ကွမ်းစားသည်ပါ အပါအဝင် တစ်ကမ္ဘာလုံး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ကွမ်းသီး(Betel nut)ကို ရုက္ခဗေဒအမည်အားဖြင့် (Areca catechu)ဟု ခေါ်ကာ ဓာတုဗေဒအခေါ်အရ (အရီကိုလင်း)၊ (ပိုင်လိုကာပင်း)နှင့် (မတ်စကရင်း)ဟု အယ်လ်ကာလွိုက် သုံးမျိုး ပါရှိကြောင်း၊ လူ၏စိတ်ကို ပြောင်းလဲစေနိုင်သည့် အစွမ်းသတ္တိရှိကြောင်း ဖတ်မှတ်ခဲ့ဖူးပါသည်။

နှစ်ပေါင်း ၅၀ ကျော် အဘက်ဘက်တွင် အသိနောက်ကျခဲ့သည့် မြန်မာလူမျိုးတို့သည် ပစ္စည်းတစ်မျိုးကို ဆိုးမှန်းကောင်းမှန်းပင် အသိမရှိခဲ့ပါ။ အစဉ်အဆက် စားသုံးလာခဲ့ကြသော ကွမ်းယာများကို ပုံစံအမျိုးမျိုး၊ ပစ္စည်းအမျိုးအမည် စုံစုံလင်လင်ထည့်သွင်းကာ စားသုံးလာခဲ့ခြင်းကြောင့် ငွေကိုလည်းဖြုန်း၊ ကျန်းမာရေးလည်း ဆုံးရှုံးရမည့်ကိန်းရှိနေပါသည်။

ကွမ်းစားရာတွင် ကွမ်းယာစားသည်ကိုပင် အားမရသေး၊ အိန္ဒိယမှလာသည့် ကွမ်းပေါင်းနှင့် ခိုင်နီးဆိုသည်ကိုပင် စားလိုက်သေးသည်။ ငုံလိုက်သေးသည်။ စားသုံးသူကိုယ်တိုင်ကတော့ မသိ။ ဘေးက ကွမ်းယာမကြိုက်တတ်သည့် သူများအဖို့ အနံ့က အတော်ပင် ဆိုးလှသည်။

အဆိုပါ အိန္ဒိယဆေး ကွမ်းပေါင်းတို့၊ ခိုင်နီးတို့သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးနန်းဖာလုံဈေးတွင် အလွန်ပေါလှသည်။ ဈေးကလည်းချို အချိန်မရွေး စားသုံးနိုင်သည် ဖြစ်သောကြောင့် လူငယ်လေးများစွာက ကောင်းမှန်း ဆိုးမှန်းမသိ စားသုံးနေလိုက်ကြသည်မှာ အနာဂတ်အရေးအတွက် ရင်မအေးဖွယ်ပင် ဖြစ်တော့သည်။

ကျွန်တော်၏ ဌာနဆိုင်ရာလုပ်ငန်းသည် ကျေးရွာများကို ကွင်းဆင်း၊ နယ်လှည့် စာကြည့်တိုက်များဖွင့်နိုင်ရေး ဆောင်ရွက်၊ စာကြည့်တိုက်ဖွင့်ချင်သည့် ကျေးရွာများကို စာကြည့်တိုက်ဖွင့်နိုင်ရေး စည်းရုံးရသည့် လုပ်ငန်းဖြစ်သည်။ တစ်ခါတွင် နယ်ဆင်းရန် ဆိုင်ကယ်စီးနေရင်း ဖြတ်ကျော်သွားသည့် ကားပေါ်မှ ကားစပယ်ယာတစ်ဦးက ကွမ်းတံတွေးကို လက်လွတ်စပယ် ထွေးထုတ်လိုက်ခြင်းကြောင့် ကျွန်တော်၏ အင်္ကျီနှင့် ပုဆိုးများ ပေပွကုန်တော့သည်။ ကားစပယ်ယာမှာ ကျွန်တော်၏အဖြစ်ကိုပင် မသိလိုက်။ ခပ်တည်တည်ပင် ဖြတ်ကျော်တက်သွားသည်။

ထိုကိစ္စသည် ကြီးစွာသော လူမှုရေးစော်ကားမှုကြီး ဖြစ်သည်။ ထိုအကြောင်းပင်မကသေးပါ။ လူများစွာတို့ ကြုံဖူးကြမည်ထင်ပါသည်။ ခရီးသွားနေကြစဉ် ကွမ်းစားခြင်းသည် အတော်ဒုက္ခရောက်ပြီး ဘေးပတ်ဝန်းကျင်မှ လူများကို ကသိကအောက် ဖြစ်စေနိုင်လှသည်။ ရေသန့်ဘူးခွံအတွင်း ကွမ်းထွေးခြင်းများ၊ ပလတ်စတစ်အိတ်အတွင်း ထွေးထုပ်ခြင်းများ ပြုလုပ်ကြသူများနှင့် ကြုံဖူးကြပါလိမ့်မည်။ မြင်ရသူမှာ အော်ကလီဆန်လှသည်။

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီဖွံ့ဖြိုးစ နိုင်ငံဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာနှင့်ပါ ရင်ပေါင်တန်းနိုင်ဖို့ အစိုးရရော ပြည်သူရော အသိရှိရှိ ကြိုးစားကြရပေမည်။ စည်းကမ်းလည်း ရှိရမည်ဖြစ်ပါသည်။ ယနေ့ ပြည်သူများသည် ကျန်းမာရေးအသိ၊ လူမှုရေးအသိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအသိ၊ အမှိုက်စွန့်ပစ်ရေးအသိ စသည့်စသည့်အသိများ လိုအပ်နေပါသေးသည်။

ကွမ်းစားသူတို့သည် မိမိတို့၏ ကွမ်းတံတွေးများကို လမ်းမများပေါ် ထွေးထုတ်ခြင်းများ၊ ပလက်ဖောင်းများပေါ် ထွေးခြင်းများ၊ ပန်းပင်ရှိ ပန်းအိုးများအတွင်း ထွေးခြင်းများ တွေ့နေရပါသည်။ မြင်ရသူအဖို့ အရုပ်ဆိုး အကျည်းတန်လှသည်။ လမ်းမများထက်တွင် နီနီရဲရဲ ကွမ်းတံတွေးအကွက်များသည် သွေးကွက်များအလား မြင်နေတွေ့နေရသည်။ ဖော်ပြပါ အကြောင်းအချက်များသည်လည်း နိုင်ငံ၏ဂုဏ်ကို ငယ်စေသော အချက်များဖြစ်ပေရာ ဒီမိုကရေစီလိုလားသူတို့ ဝိုင်းဝန်းတိုက်ဖျက်ကြရမည့် အချက်တစ်ချက် ဖြစ်ပေသည်။

ကွမ်းယာဆိုင်များသည်လည်း ရောင်းအားကောင်းရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယဆိုပြီးများ စိတ်ထဲထားနေကြသလားမသိပါ။ ကွမ်းစားထုံးတွေကို အမျိုးမျိုး ပြုပြင်ကြသည်။ အချို့ဆိုင်များဆိုလျှင် နို့မှုန့်ကိုကျို၊ ကွမ်းစားထုံးတွေထဲ ရောမွှေထည့်ကြသည်။ စွဲလမ်းစေသည့် ဓာတုဗေဒဆေးတွေ ထည့်ရောင်းနေကြသည်။ ဆေးဆိုရင်လည်း အာမွှေး၊ ၉၂၊ နာနတ်ပွင့် စသည်စသည်ဖြင့် ထည့်ပြီး ရောင်းလိုက်ကြ၊ ဝယ်သူတွေကလည်း ဝယ်လိုက်ကြနှင့် စီမံချက်နဲ့များ မြန်မာပြည်သူတွေကို လုပ်ကြံနေသလား အောက်မေ့မိပါသည်။

ကွမ်းစားသူများသည် ဆေးလိပ်ပါ တွဲသောက်တတ်လာသည်ကိုလည်း များစွာ တွေ့ရဖူးပါသည်။ ဆေးလိပ်ဖြတ်ချင်၍ ကွမ်းယာနှင့် ဖြတ်မည်ဆိုသည်များလည်း ကြုံဖူးပါသည်။ နောက်ပိုင်းတွင် ဆေးလိပ်မပြတ်သည့်အပြင် ကွမ်းပါပူးတွဲစွဲလမ်းသွားသည်ကို တွေ့ရဖူးသည်။ ထို့နောက်တစ်ဆင့်တက်ပြန်၍ အရက်ပါ စွဲလမ်းသွားတတ်ပါသေးသည်။ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတွဲလျှင် ကင်ဆာဖြစ်နိုင်ခြေ ခြောက်ဆလောက်ပိုများပြီး အရက်ပါတွဲလျှင် ၁၂၃ ဆ ပိုများသွားသည်ဟု ဖတ်ရှုဖူးပါသည်။

အဆိုပါ အလေ့အကျင့်မျိုးသည် ပတ်ဝန်းကျင်စေ့ဆော်မှု၊ သူငယ်ချင်းတွေ ဆွဲဆောင်မှုဆိုတဲ့ အကြောင်းခံတွေကနေ အကျင့်ကူးစက်လာခြင်းဖြစ်ပါသည်။

ကွမ်းယာများအတွက် ဆေးများကို ထုပ်ပိုးရောင်းချရာတွင် အထားခံအောင်၊ မှိုမတက်အောင် စီမံထားတာတွေထဲတွင်၊ စားကောင်းအောင် ဓာတုဗေဒပစ္စည်းများ ထည့်ထားရာတွင် ကင်ဆာဖြစ်စေသည့် (ကာစီနိုဂျင်)များ ပိုပြီးပါဝင်ကြောင်း၊ ကမ္ဘာပေါ်တွင် ဆေးပါသည့်ကွမ်းယာ စားသုံးရာတွင် မြန်မာနိုင်ငံက ၅၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ကွမ်းယာစားခြင်းကြောင့် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ ရောဂါများဖြစ်ရာမှ လျှာဖြတ်ခံရသည့် လူနာများရှိခဲ့ဖူးကြောင်းလည်း သိရပါသည်။ ထို့အတူ ‘လျှာဖြတ်မခံလိုလျှင် ကွမ်းယာမစားပါနှင့်’ဆိုပြီး လျှာကင်ဆာအတွက် ကျန်းမာရေးသတိပေးချက်လည်းရှိကြောင်း သိရသည်။

မြန်မာပြည်ရှိ လူငယ်လူရွယ်များတွင်သည် ကွမ်းစားခြင်းကို ဖက်ရှင်တစ်ခုသဖွယ် အသုံးပြုခဲ့ကြပြီး ဘဝကို ဖြတ်သန်းခဲ့ကြသူများစွာ ရှိခဲ့သည်။ မျက်စိဆိုသည့် အမြင်အာရုံ၊ နားဆိုသည့် အကြားအာရုံ အားနည်းခဲ့ကြသောခေတ်တွင် လူငယ်များသည် ထွက်ပေါက်ရှာရင်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းများကိုလည်း ပြုလုပ်လာခဲ့ကြသည်။

ယခု ပြောင်းလဲလာသည့် ခေတ်ကြီးထဲတွင်မူ လူငယ်များအနေဖြင့် ရပ်ကြည့်မနေသင့်ဘဲ အပြောင်းအလဲတွင် လိုက်ပါပြောင်းလဲနိုင်ရေး ဆောင်ရွက်ကြရန် လိုပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ကိုယ်တိုင်လုပ်နိုင်သည့်အရာများ ရှိလာချိန်တွင် ဘာသာရေးနဲ့ ကိုက်ညီတာ၊ နိုင်ငံရေးနဲ့ ကိုက်ညီတာ၊ ကျန်းမာရေးနဲ့ ညီညွတ်တာများကိုသာရွေး၍ ရှာဖွေ၍ လုပ်ကိုင်သင့်ကြပြီး ကျန်းမာရေးနှင့် မညီညွတ်သော ကွမ်းယာစားခြင်းကို ရှောင်သင့်ကြပြီဖြစ်ပါသည်။

> **ကွမ်းစားသူများသည် ဆေးလိပ်ပါ တွဲသောက်တတ်လာသည်ကိုလည်း များစွာတွေ့ရဖူးပါသည်။ ဆေးလိပ်ဖြတ်ချင်၍ ကွမ်းယာနှင့် ဖြတ်မည်ဆိုသည်များလည်း ကြုံဖူးပါသည်။ နောက်ပိုင်းတွင် ဆေးလိပ်မပြတ်သည့်အပြင် ကွမ်းပါ ပူးတွဲစွဲလမ်းသွားသည်ကို တွေ့ရဖူးသည်။ ထို့နောက် တစ်ဆင့်တက်ပြန်၍ အရက်ပါ စွဲလမ်းသွားတတ်ပါသေးသည်။ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတွဲလျှင် ကင်ဆာဖြစ်နိုင်ခြေ ခြောက်ဆလောက်ပိုများပြီး အရက်ပါတွဲလျှင် ၁၂၃ ဆ ပိုများသွားသည်ဟု**

အများပြည်သူများသို့ သိရှိနိုင်ရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်းချက်ပါ အခွန်အကောက်(၂၁) မျိုးအနက်မှ ကုန်သွယ်လုပ် ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် တံဆိပ်ခေါင်းခွန်များကို ကောက်ခံလျက်ရှိပါသည်။

၂။ ဤသို့ အခွန်ကောက်ခံမှုများဆောင်ရွက်လျက်ရှိရာတွင် အခွန်ထမ်းပြည်သူများ၏အခွန်ဥပဒေနှင့်စပ်လျဉ်းသည့် သိရှိလိုသောအချက်များ၊ တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုသည့်အချက်များ၊ အခွန်ဝန်ထမ်းများ၏ ပြုမူဆက်ဆံမှုများနှင့် စပ်လျဉ်း၍ မကျေနပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အခွန်ဝန်ဆောင်မှုရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

၃။ အခွန်ဥပဒေနှင့်စပ်လျဉ်းသော သိရှိလိုသည့်အချက်များအား မေးမြန်းသူ၏လိပ်စာသို့လည်းကောင်း၊ တည်ဆဲအခွန်ဥပဒေနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုပါကလည်း ဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကို အကြံဉာဏ်ပေးသူ၏လိပ်စာသို့လည်းကောင်း အခွန်ဝန်ထမ်းများ၏ပြုမူဆက်ဆံဆောင်ရွက်မှုများနှင့် ပတ်သက်၍ အတိတကျဖြည့်စွက်တိုင်ကြားပါက အဆိုပါဝန်ထမ်းအား အရေးယူဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများမှ ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဝန်ဆောင်မှုရုံးများတွင် အောက်ဖော်ပြပါ ပုံစံများကိုရယူပြီး ကိုယ်တိုင်ရေးသွင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

Tax Question Form

၁။ **တင်ပြသူအမည်**
1. Name

၂။ **မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

၃။ **နေရပ်လိပ်စာ**
3. Address

၄။ **ဖုန်းနံပါတ်/**Phone No. Mobile

၅။ **အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

၆။ **အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)**
6. Tax Payers GIR No.

၇။ **ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

၈။ **မေးမြန်းလိုသည့်အကြောင်းအရင်း**
8. Reason of Question

၉။ **အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply

၁၀။ e-mail

၁၁။ **မေးမြန်းတင်ပြချက်များ**
11. Detail of Question
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ **လက်မှတ်**
12. Signature

အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

Tax Complaint Form

၁။ **တင်ပြသူအမည်**
1. Name

၂။ **မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

၃။ **နေရပ်လိပ်စာ**
3. Address

၄။ **ဖုန်းနံပါတ်/**Phone No. Mobile

၅။ **အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

၆။ **အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)**
6. Tax Payers GIR No.

၇။ **ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

၈။ **တင်ပြလိုသည့်အကြောင်းအရင်း**
8. Reason of Complaint

၉။ **အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply

၁၀။ e-mail

၁၁။ **မကျေနပ်မှုတင်ပြချက်များ**
11. Detail of Complaint
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ **လက်မှတ်**
12. Signature

အခွန်ဆိုင်ရာအကြံပြုလိုသည့်ပုံစံ

Tax Advice Form

၁။ **တင်ပြသူအမည်**
1. Name

၂။ **မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

၃။ **နေရပ်လိပ်စာ**
3. Address

၄။ **ဖုန်းနံပါတ်/**Phone No. Mobile

၅။ **အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

၆။ **အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)**
6. Tax Payers GIR No.

၇။ **ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

၈။ **အကြံပြုလိုသည့်အကြောင်းအရင်း**
8. Reason of Advice

၉။ **အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply

၁၀။ e-mail

၁၁။ **အကြံပြုတင်ပြချက်များ**
11. Detail of Advice
(နေရာမလောက်က ပူးတွဲတင်ပြရန်)

၁၂။ **လက်မှတ်**
12. Signature

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း

အသိပေးကြေညာချက်

တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။
- ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူ ဖြစ်ရမည်။
- အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက် (၁၈)နှစ် ပြည့်ပြီး (၆၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဘအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချခြင်း ပြုမည့်နေရာ သို့မဟုတ်ဆိုင်၏ လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့် ဥပဒေနည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့် တက်ရောက်၍ အရည်အချင်းဆန်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါမည်။

ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက်သတ်မှတ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ အရေအတွက်အလိုက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။

တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။

ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်း တစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

FAME
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
Osteomax®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011384 (0615)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

FAME
အဆစ်အမျက် အားဖြည့်ဖို့အတွက်
Arthrotec®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011382 (0615)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

ချချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၇/၄ (ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ် (၁၂၇၊ ၁၂၈)တို့သည် ဧရိယာ ၀.၁၁၃မ၁၉၂ဧကစီ အသီးသီးရှိ၍ နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်စိမ်းလဲ့ရည်(ခ)ကတ်သရင်းဖြစ်ပါသည်။ အဆိုပါ မြေကွက်များအား အရောင်းအဝယ်စာချုပ် (၁၂၀၇/၂၀၁၆ နှင့် ၁၂၀၈/၂၀၁၆)တင်ပြ၍ ဒေါ်ဆုလဲ့ဝင့် ၁၂/ဗဟန(နိုင်)၀၉၀၆၄၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄အေ(အက်စ်-၉၁)၊ မြေကွက်အမှတ် ၂၂၄၊ မြေကွက်တည်နေရာအမှတ် (၃၃)၊ ဇောတိကလမ်း၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက် ဒေါ်ခင်မြင့် ၁၂/တမန(နိုင်)၀၀၅၅၇၃၊ ဒေါ်မြင့်မြင့်ခင် ၁၂/တမန(နိုင်)၀၀၅၅၇၁ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြင့်(မိခင်)နှင့် ဦးဝင်းမြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူဝင်း ၁၂/တမန(နိုင်)၀၀၅၅၇၂မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်ကာ ပူးတွဲကျန်အမည်ပေါက် ဒေါ်မြင့်မြင့်ခင် ၁၂/တမန(နိုင်)၀၀၅၅၇၁နှင့် အတူ သေစာရင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၈C/၅၃၆၇ Ngwe Kyair Sin L.T ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၅/စကန(နိုင်)၀၃၆၀၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

အများသိစေရန် ကြေညာချက်

ဦးအောင်ကျော်စိန် (၁၂/ပဘတ(နိုင်)၀၁၇၅၈၇) နှင့် ဒေါ်စိန်စိန်ရီ (၁/မကန(နိုင်)၀၁၂၄၄၅) တို့သည် ၁၇-၇-၂၀၁၅ ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောက် တစ်ယောက်နှင့်တစ်ယောက် တောင်းဆိုရန်၊ ကန့်ကွက်ရန် အစရှိသည်များ လုံးဝမရှိတော့ကြောင်းနှင့် မပတ်သက်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၄၅)
အမှတ် (၁၀၀)၊ ၁၃ လမ်း၊ ၆ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၀၅၇၁၆။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၂၄၊ အခန်းအမှတ် ၁၀၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသူရညွန့် ၁၃/တကန(နိုင်)၀၂၆၈၉၄ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသိန်းအေး ၁၄/အမန(နိုင်)၀၀၂၇၆၅က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း အိမ်ရာရှိ တိုက်အမှတ် ၂၂၃၊ အခန်းအမှတ် ၃၀၁ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ပြုံးမြင့် ၁၂/ကတတ(နိုင်)၀၁၂၄၀၅ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူဦးဟာရှင်၁၂/ကတတ(နိုင်)၀၀၅၇၁၅က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၅)ရပ်ကွက်၊ သရက်မြိုင်(၃)လမ်း၊ မြေကွက်အမှတ်(၅၀၄)ဟု ခေါ်တွင်သော မြေအကျယ်(၄၅'×၆၀') အနက် (၂၀'×၆၀')ခြေရင်းခြမ်းမြေကွက်အား ရောင်းချရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ခံထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်ခြင်းမရှိခဲ့ပါလျှင် အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

ဦးသူရထွန်း(ခ)သုခအောင် ၁၂/တမန(နိုင်)၀၀၁၉၈၅
အမှတ်(၁၃၉၈)၊ လသာလမ်း၊ (၆၃)ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)

ဦးနော်လော့ဒ် ၁/မညန(နိုင်)၀၇၇၇၆၆နှင့် အများသိစေရန် ကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ (၂)၊ အမှတ်(၃)၊ ဆင်စွယ်လမ်းနေ ဒေါ်ကေကေလွင် ၁၃/လရန(နိုင်)၁၂၃၈၃၄နှင့် ဦးနော်လော့ဒ် ၁/မညန(နိုင်)၀၇၇၇၆၆တို့နှစ်ဦးမှာ (၂၀၀၈)ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ တွေ့ဆုံကာ နှစ်ဦးသဘောတူပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး နောက်ပိုင်းတွင်လည်း ဦးနော်လော့ဒ်မှာ လားရှိုးမြို့ရှိ ဒေါ်ကေကေလွင်၏မိဘများနေအိမ်၌ ပေါင်းသင်းနေထိုင်ခဲ့ရာ မနန်းကေပန်(၆)နှစ်၊ မထက်ထက်ပန်(၃)နှစ်နှင့် (၁)လသားအရွယ် သားတစ်ဦးထွန်းကား မွေးဖွားခဲ့ပါသည်။ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ဦးနော်လော့ဒ်မှာ ဒေါ်ကေကေလွင်ကိုလည်းကောင်း၊ ဒေါ်ကေကေလွင်၏မိဘများကိုလည်းကောင်း မထေမဲ့မြင် ပြုကျင့်ဆက်ဆံခြင်း၊ အနိုင်အထက် ဆက်ဆံပြောဆိုခြင်း၊ ကိုယ်စိတ်နှစ်ပါးထိခိုက်နာကျင်အောင် ပြုမူဆောင်ရွက်ခြင်းတို့ကို အမြဲတစေပြုလုပ်ခဲ့ပါသည်။ သို့အတွက် ကျွန်မဒေါ်ကေကေလွင်အနေဖြင့် ဦးနော်လော့ဒ်နှင့် ဆက်လက်၍အတူတကွ နေထိုင်ပေါင်းသင်းရန် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါ။ ဦးနော်လော့ဒ်မှာ ကချင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီး ကျွန်မဒေါ်ကေကေလွင်မှာ ရှမ်းတိုင်းရင်းသူ အစ္စလာမ်ဘာသာဝင် တစ်ဦးဖြစ်ပါသည်။ ကျွန်မနှင့် ဦးနော်လော့ဒ်တို့မှာ ဘာသာကူးပြောင်းခြင်းလည်း မပြုလုပ်ခဲ့ကြပါ။ ခရစ်ယာန်တရားဥပဒေနှင့်အညီ ထိမ်းမြားမှုခံယူခြင်းလည်း မရှိပါ။ ထို့အတူ အစ္စလာမ်တရား ဥပဒေအရလည်း နေကာရာဒီ မပြုလုပ်ခဲ့ကြပါ။ ကျွန်မနှင့် ဦးနော်လော့ဒ်တို့မှာ တရားဝင်အကြင်လင်မယားများ မဟုတ်ကြဘဲ နှစ်ဦးသဘောတူ အတူတကွနေထိုင်ခြင်း(Living together)သာလျှင် ဖြစ်ပါသည်။ သို့ပါ၍ ကျွန်မဒေါ်ကေကေလွင်နှင့် ဦးနော်လော့ဒ်တို့မှာ တရားဝင်အကြင်လင်မယားများမဟုတ်ကြကြောင်း လူသိရှင်ကြား ကြေညာပြီးလျှင် ဦးနော်လော့ဒ်နှင့် စပ်လျဉ်းသောအရှုပ်အထွေး ပြဿနာကြီးငယ် ကိစ္စအဝဝတို့သည် ကျွန်မနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း ဦးနော်လော့ဒ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကေကေလွင်
၁၃/လရန(နိုင်)၁၂၃၈၃၄

MAB မိုဘိုင်းဘဏ်သည် အခြားနေ့စဉ် ငွေကြေးဆောင်ရွက်မှုများကိုလည်း လုံခြုံစိတ်ချစွာဆောင်ရွက်ပေးနေပါပြီ။

စာရင်းမရှိသူသို့ငွေပို့ခြင်း

ကြိုတင်ငွေဖြည့်ခြင်း

အေတီအမ်သို့

မြန်မာ့ရှေ့ဆောင်ဘဏ် ® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အာဆီယံပညာသင်ဆုလျှောက်ထားနိုင်ကြောင်းကြေညာခြင်း

၁။ ၂၀၁၇ခုနှစ် ပညာသင်နှစ်အတွက် စင်ကာပူအစိုးရက ပညာရေးတွင်ထူးချွန်သော မြန်မာကျောင်းသား ကျောင်းသူများကို အာဆီယံပညာသင်ဆု ရွေးချယ်ပေးအပ်ရန် မြန်မာနိုင်ငံသို့ ကမ်းလှမ်းလာပါသည်။ ရွေးချယ်ခံရသူများသည် စင်ကာပူအစိုးရကျောင်းများတွင် Secondary Three မှ Pre-University Two Level အဆင့်အထိ (၄)နှစ်တာ ပညာသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

၂။ အာဆီယံပညာသင်ဆုအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများလျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားဖြစ်ရမည်။
- နိုင်ငံသားကတ်ပြားမူရင်း မှန်/မမှန်စိစစ်၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။

(ခ) ၂၀၀၀ပြည့်နှစ်မှ ၂၀၀၂ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်။
- မွေးစာရင်း/သန်းခေါင်စာရင်း/သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ အသက်ထောက်ခံချက်တစ်ခုခု ပူးတွဲတင်ပြရမည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်ရှိ အခြေခံပညာအလယ်တန်း/အထက်တန်းကျောင်း/ဘုန်းတော်ကြီးသင်ပညာရေးကျောင်း/ပုဂ္ဂလိကကျောင်း (ပညာရေးသင်ရိုးညွှန်းတမ်း/နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့်သင်သည့် ကျောင်းအားလုံး)တို့မှ အနိမ့်ဆုံးအဋ္ဌမတန်း (Grade-9) အောင်မြင်ပြီးသူဖြစ်ရမည်။
- အဋ္ဌမတန်း (Grade-9) အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်းကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

(ဃ) အင်္ဂလိပ်စာအထူးကောင်းမွန်ပြီး သင်္ချာနှင့် သိပ္ပံထူးချွန်သောသူဖြစ်ရမည်။

၃။ အထက်ပါ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများသည် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ ၂၇-၄-၂၀၁၆ ရက် နောက်ဆုံးလျှောက်ထားနိုင်ပါသည်။

၄။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုချိန်	ဖြေဆိုရမည့်ဘာသာရပ်များ	ဖြေဆိုရမည့်စာစစ်ဌာန
၁၀-၅-၂၀၁၆	၁၀:၀၀-၁၀:၃၀	English	သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးကသတ်မှတ်ပေးသည့် နေရာ
	၁၀:၄၀-၁၁:၁၀	Mathematics	
	၁၁:၂၀-၁၁:၅၀	Science	

၅။ စာဖြေသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စီစဉ်ပေးထားသော ကျောင်းရှိ စာစစ်ဌာနတွင် ဖြေဆိုကြရမည်။

၆။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၃၀-၅-၂၀၁၆ရက်တွင် ထုတ်ပြန်ပေးမည်။

၇။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၁-၆-၁၆ ရက်မှ ၃-၆-၁၆ ရက်အတွင်း မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အမှတ် ၄၂၆၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၌ အာဆီယံပညာသင်ဆု လျှောက်လွှာပုံစံများ ဖြည့်သွင်းရပါမည်။

၈။ ပဏာမ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံမှ လာရောက်စစ်ဆေးမည့် ရေး ဖြေစာမေးပွဲကိုလည်းကောင်း၊ ထပ်မံရွေးချယ်ခံရသူများသည် ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် စစ်ဆေးမည့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း ထပ်မံဖြေဆိုကြရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂၀၁၇ခုနှစ် အာဆီယံပညာသင်ဆုရွေးချယ်ရေးလုပ်ငန်းအဖွဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၈)
သင်တန်းသားများခေါ်ယူခြင်း

(က) **သင်တန်းကာလ** - ၂၀၁၆ ခုနှစ်၊ မေလမှ (၄)လကြာ သင်တန်း
(ခ) **သင်ကြားမည့်နေ့ရက်များ** - ရက်သတ္တပတ်တွင် (၃)ရက်၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
(ဂ) **သင်တန်းအချိန်** - နံနက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီ
(ဃ) **သင်တန်းသားဦးရေ** - ၅၀ ဦးမှ ၈၀ ဦးအထိ
(င) **သင်တန်းတည်နေရာ** - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) **သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ** - ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့/အခြေခံပညာအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ကတ်ပြားမိတ္တူ။
(ဆ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၁-၂၅၀၈၇၁၊၃၇၁၂၂၀၊၃၇၁၂၀၄၊၃၇၈၇၉၈၊၀၉-၄၄၈၅၃၆၆၀၂၊၀၉-၄၃၀၄၇၁၃၀၊
ကုန်သွယ်မှုသင်တန်းကျောင်း(စတုတ္ထထပ်)တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အတွင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	တံတားအမည်				
		ပဒဲကြော	အုန်းချောင်း	ယိုးတရုပ်	ဝါးခွပ်ချောင်း	ပြွန်ချောင်း
၁။	ဘိလပ်မြေ	၃၀ တန်	၇၇ တန်	၄၀ တန်	၅၀ တန်	-
၂။	သံချောင်းလုံးရှယ်စုံ	၁၇ တန်	-	-	-	-
၃။	ဒေသသစ်မာ	-	-	-	၁၄ တန်	၁၂ တန်
၄။	တောသစ်	-	၃၀ တန်	-	-	-
၅။	မြစ်ကျောက်စရစ်	-	၇၀ ကျင်း	-	-	-

၆။ Steel Plate Girder များ သယ်ယူခြင်း (ရန်ကုန်-တောဖျားချောင်းတံတား)
၇။ ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်းများသယ်ယူခြင်း (ရန်ကုန်-ထွန်းရဝေတံတား)
၈။ Barge တွဲ(၂၅၀)တန် (၂)စီးငှားရမ်းခြင်း (တောဖျားချောင်းတံတား)

တင်ဒါပေးသွင်းရမည့်ရက် - ၁-၄-၂၀၁၆ ရက်မှ ၂၁-၄-၂၀၁၆ ရက်
အချိန် - ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်နှင့်အချိန် - ၂၂-၄-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့
ဖုန်း - ၀၄၃-၇၀၂၅၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့တွင် ၁-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅င/၄၂၂၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရှာသာကြီး)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်၊ ဘုရားကြီးတောင်ဘက်လမ်း၊ အမှတ်(၂၃၈)နေ ကျွန်မ ဒေါ်စန်းရီ(၁၀/သထန(နိုင်)၀၄၉၈၆၄) ၏ သမီးဖြစ်သူ မလွင်လွင်ဖြိုး(၁၀/သထန(နိုင်)၀၄၉၁၅၁) သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စများ ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ဆောင်ရွက်မှုကိစ္စအဝဝအားလည်း ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဒေါ်စန်းရီ (၁၀/သထန(နိုင်)၀၄၉၈၆၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
၀၁/၂၀၁၆-၂၀၁၇ကြိမ်မြောက်စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၃-၅-၂၀၁၆ ရက်မှ ၄-၅-၂၀၁၆ ရက်အထိ၊ ၀၉း၀၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၃၇၉၂)တန်ခန့်
သစ်မာသစ်လုံး (၁၄၆၃၄)တန်ခန့်
ကျွန်းခွဲသား (၁၁)တန်ခန့်
သစ်မာခွဲသား (၂၇၃)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၆၉

ဒေါ်သီတာခင် **နှင့်** ၁။ ဒေါ်ခင်ခင်သန်း
၂။ ဒေါ်သီတာဦး
၃။ ဒေါ်သီတာအေး
၄။ ဦးဇော်မင်းသန်း
၅။ ဦးကျော်မင်းသန်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈ လမ်း၊ အမှတ်(၁၃၉) ပထမထပ်နေ ဦးဇော်မင်းသန်း၊ အမှတ် ၁၄၂ (ဝဲ+ယာ)၊ ဒုတိယထပ်နေ ဒေါ်သီတာဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သီတာခင်က ကွယ်လွန်သူ ဦးသန်းမြင့် ကျန်ရစ်ခဲ့သော အမွေပစ္စည်းများနှင့်ပတ်သက်၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၉ရက် (၁၃၇၇ ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(အေးကိုကို)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၇

ဒေါ်မရွှေ **နှင့်** ဦးအောင်အောင်ဦး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းနှင့် ဇဝနလမ်းဆုံ၊ အမှတ်(၂၅)နေ တရားပြိုင် ဦးအောင်အောင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူငွေချေးငှားခြင်း ကတိစာချုပ်ပါ ဝန်ခံကတိပြုချုပ်အတိုင်း လိုက်နာမှုမရှိ၍ ချေးယူငွေ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဧပြီ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းခိုင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၀

ကွယ်လွန်သူ ဦးဂျင်မီရင်(ခ)Mr. Jimmi Yin ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

မန္တလေးမြို့၊ အမှတ် ၂၂၁၊ ၈၂ လမ်း၊ ၂၄×၂၅ ကြား၊ အကွက်(၁၇၃)၊ ပြည်ကြီးကျက်သရေအရှေ့ရပ်၊ အောင်မြေသာစံမြို့နယ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဂျင်မီရင်(ခ)Mr. Jimmi Yin ၏ သေတမ်းစာအတည်ပြုချက်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမင်းမင်းစိုး(ခ)Julian James က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ် မေ ၂ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဂျင်မီရင်(ခ) Mr. Jimmi Yin ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ် မေ ၂ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးမင်းမင်းစိုး(ခ)Julian James၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဧပြီ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နုနုခင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဦးဇော်လတ် **နှင့်** မစိုးစိုး
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၂၅တွင် နေထိုင်သူ မစိုးစိုး (ဘ) ဦးမြတ်မင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

